www.burmeseclassic.com

# ငြိမ်သက်တစ်မိနစ်

နှင့်

## အခြားဝတ္ထုတိုများ

ဖေမြင့်
ညီပုလေး
မောင်ညိုမြှာ
ဆူးငှက်
မစန္ဒာ
သန်းမြင့်အောင်
ခင်ခင်ထူး
မဦး
မိချမ်းဝေ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၈၆၀၅၀၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၁၆၁၀၅၀၂

ပုံနှိပ်ခြင်း
ပထမအကြိမ် - ဧပြီ၊ ၂၀၀၅ ခုနှစ်
အုပ်ရေ - ၅၀၀

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဒေါ်ခင်နွဲ့ (ငွေမိုးဆောင်း ပုံနှိပ်တိုက်)
အမှတ် ၈၇၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊
ဈေးကြီးရှေ့၊ ကြည့်မြင်တိုင်မြို့နယ်။

ထုတ်ဝေသူ
ဦးမောင်ကလေး (သောကြာ စာအုပ်တိုက်)
အမှတ် ၁၅၊ သြဘာလမ်း၊ တာမွေမြို့နယ်။

မျက်နှာဖုံးဒီဇိုင်း
ဖြိုးဇော်

တန်ဖိုး
၈၀၀ ကျပ်

**နေစေးစာပေမှ ဖြန့်ချိသည်**
၁၉၇၊ ၃၂ လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၂၈၅၀၃၇၊ ၃၇၆၁၆၆


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | ဖေမြင့် | ငါမသေဘူးဆိုတဲ့လူ | ၅ |
| ၂။ | ညီပုလေး | ငြိမ်သက်တစ်မိနစ် | ၂၃ |
| ၃။ | မောင်ညိုပြာ | ညရဲ့သီချင်းဟာတိတ်ဆိတ်ခြင်းပဲ | ၃၉ |
| ၄။ | ဆူးငှက် | လရိပ်၊ ဆည်းဆာ | ၆၇ |
| ၅။ | မစန္ဒာ | အလှတရားကိုတွေ့ရှိခြင်း | ၉၁ |
| ၆။ | သန်းမြင့်အောင် | ကြာဆံချက်တစ်ခွက် | ၁၁၁ |
| ၇။ | ခင်ခင်ထူး | ပွဲဈေးတန်း | ၁၃၃ |
| ၈။ | မဦး | အက်ကွဲသံစဉ် | ၁၄၉ |
| ၉။ | မိချမ်းဝေ | မြေပုံခြေဖျားစကားအလင်္ကာ | ၁၆၃ |


www.burmeseclassic.com

www.burmeseclassic.com

Lighting Publishing House

15, awba street, tarmwe.
phone 09 5100877

စီစဉ်သူ ဖြိုးဇော်

www.burmeseclassic.com

www.burmeseclassic.com

**<u>ဖေမြင့်</u>**

# ငါမသေဘူးဆိုတဲ့လူ

*"ကျွန်တော်က တစ်ဘဝတည်းရှိတဲ့ကောင်။ သေရင်ပြီးမဲ့ကောင်။ ကျွန်တော် ဘာလုပ်ရမလဲ။ ရှိတဲ့အချိန်လေးမှာ ဘာတွေ လုပ်သွားမလဲ။ ကျွန်တော် အများကြီး စဉ်းစားခဲ့တယ်။"*

www.burmeseclassic.com

www.burmeseclassic.com



# ငါမသေဘူးဆိုတဲ့လူ

ဆရာဝန်က စာရွက်တွဲတစ်တွဲကို လက်မှကိုင်ကာ သူ့အထက်ဆရာဝန်ကြီး ရုံးခန်းတွင်းသို့ ဝင်လာသည်။ လူနာကသူ့နောက်နားမှ ကပ်၍ပါလာသည်။ အခန်းထဲတွင် လူနာအား ကုလားထိုင်တစ်လုံးမှာ ထိုင်ခိုင်းပြီး ဆရာဝန်ကြီးထံ စာရွက်တွဲကို ကမ်းပေးသည်။

“ လူနာနဲ့ပတ်သက်လို့ လူနာဆီကရော လူနာရှင်များဆီကပါ ကျွန်တော် မေးမြန်းစိစစ်လို့ရတဲ့ ရောဂါရာဇဝင်နဲ့ သုံးသပ်ချက်အကျဉ်းချုပ်ပါ ဆရာ ”

ဆရာဝန်ကြီးက စာရွက်တွဲကို လှန်လှောကြည့်ရှုသည်။ ရာဇဝင် အကျဉ်းချုပ်က အတော်ပင်ရှည်လျားပေသည်။ လူနာကို သူလှမ်းကြည့်သည်။ လူနာက ကုလားထိုင်တွင် ရိုသေကျိုးနွံဟန်ဖြင့်ထိုင်လျှက် ရှိသည်။ လူနာ၏ မျက်လုံးများ၌ စိုးရိမ်ထိတ်လန့်

www.burmeseclassic.com

www.burmeseclassic.com



မှုအရိပ်အရောင်များ ယှက်သန်းနေသည်ကို ဆရာဝန်ကြီး သတိပြုမိသည်။ သို့သော် နှုတ်ခမ်းများက ထူးခြားသည်။ နှုတ်ခမ်းများတွင် သရော်ပြောင်လှောင်ရိပ် တွဲခိုလျက်ရှိသည်။ ရပါတယ်၊ ခင်ဗျား တတ်သလောက်လုပ်ပါ၊ ဒါပေမဲ့ ခင်ဗျားလည်း ဖြစ်မြောက်မှာမဟုတ်ပါဘူးဟု ပြောဆိုနေဟန်ရှိသည်။

ဆရာဝန်ကြီး အကဲခတ်ဆဲ ရုတ်တရက်လူနာက စကားတစ်ခွန်းပြောသည်။

“ ကျွန်တော် မသေပါဘူး၊ ခုထက်ထိ ကျွန်တော် မသေသေးဘူး ”

ရုတ်တရက်တော့ ဆရာဝန်ကြီး အံ့အားသင့်သွားသည်။ ခေတ္တမျှကြောင်၍ ကြည့်နေမိသည်။ သို့သော် သူ့ဘဝမှာ စိတ်ရောဂါဝေဒနာ သည်ပေါင်း ထောင်သောင်းချီ၍ တွေ့ခဲ့ရဖူးပြီဖြစ်သည်။ သူက လူနာကို မျက်နှာလွှဲလိုက်ကာ ရောဂါရာဇဝင်ကို စတင်ဖတ်ရှုလေသည်။

ဦးမင်းဟန် အသက် ၅၅ နှစ်ကို ဟင်္သာတမြို့အနီး ရွာကလေး တစ်ရွာမှာ မွေးသည်။ ငယ်စဉ်က ဆင်းရဲချို့တဲ့သည်။ ရွာဘုန်းတော်ကြီးကျောင်း ပညာရေး။ ၎င်းနောက် အစိုးရအထက်တန်းကျောင်းသား ဘဝမှစ၍ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးပမ်းခဲ့ရသည်။

ဆယ်တန်းအောင် ပြီးသည့်နောက် ရန်ကုန်မြို့သို့ရောက်သည်။ စာရေးအလုပ်လုပ်ရင်း သက်ကြီးတက္ကသိုလ်၌ ပညာဆက်လက်သင်ကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နိုင်ငံရေးလောက ထဲရောက်သည်။

ယခုအချိန်၌ သူ၏ စီးပွားရေးအခြေအနေမှာ သင့်တင့်ကောင်းမွန်ဆဲ ဖြစ်သည်။

သူ၏ ရောဂါ သို့မဟုတ် အဓိကရောဂါလက္ခဏာမှာ' သေဘေး အကြောက်လွန်ခြင်း ' ဖြစ်သည်။

*

ဦးမင်းဟန်သည် ဗုဒ္ဓဘာသာမိသားစုမှ ပေါက်ဖွားသူဖြစ်သည်။ ထို့ပြင် ရွာဘုန်းတော်ကြီးကျောင်းတွင် ငါးနှစ်ကျော်မျှ နေထိုင်ခဲ့ရသည်။

ထို့ကြောင့် သူသည် ဗုဒ္ဓဘာသာအယူအဆနှင့်ဗုဒ္ဓယဉ် ကျေးမှုဓလေ့များ ကြီးမားစွာလွှမ်းမိုးခံရသည့် မွေးရာပါ ဗုဒ္ဓဘာ သာဝင်တစ်ယောက် ဖြစ်သည်ဟု ဆိုရမည်။

သို့သော် ထိုမျှသြဇာလွှမ်းမိုး ခံရသည့် အခြေအနေ၌ပင် ဦးမင်းဟန်သည် ဘာသာအယူ၌ သက်ဝင်ယုံကြည်မှု နည်းပါးခဲ့ပုံရသည်။ သို့တည်းမဟုတ် ယင်းထက်ကြီးမားသည့် သြဇာလွှမ်းမိုးမှု ဝင်ရောက်ခဲ့ပုံရသည်။ သူသည် မူလအယူကို စွန့်ကာ မာ့က်စ်ဝါဒီအဖြစ် ခံယူသွားခဲ့သည်။

သို့သော် နိုင်ငံရေးဘဝနောက်ပိုင်း ကာလတွင် ဦးမင်းဟန်သည် မာ့က်စ်ဝါဒကို မယုံကြည်တော့ကြောင်း အခိုင်အမာ ပြောဆိုပြန်သည်။

မာ့က်စ်ဝါဒကို စွန့်လွှတ်ပြီးသည့်နောက် မိမိ့ဖလာ အယူ

www.burmeseclassic.com



ဝါဒကိုလည်း ပြန်လည်စွဲကိုင်ခြင်း မပြုခဲ့ပေ။

ထို့ကြောင့်

ဦးမင်းဟန်သည် ဗုဒ္ဓဝါဒီမဟုတ်။ မာ့က်စ်ဝါဒီလည်း မဟုတ်။ ဘာဝါဒီမှမဟုတ်တော့။

*

ဘာသာကို စွန့်လွှတ်ခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ဆန်းစစ်သည့်အခါ-

ဦးမင်းဟန် အဆိုအရ မိမိသည် ............... .......... ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

နီးစပ်သူ ဆွေမျိုးသားချင်းများကမူ ဦးမင်းဟန်သည် ငယ်စဉ်ကပင် ဘုန်းကြီးကျောင်း၌ နေထိုင်ရသည့်ဘဝကို မနှစ်မြို့ကြောင်း၊ ဘုန်းကြီးကျောင်းသား ဖြစ်ရခြင်းအတွက် သိမ်ငယ်စိတ်ရှိကြောင်း၊ ဘုန်းကြီးကျောင်းတွင် အတူနေကျောင်းသားများ ကိုရင်ငယ်များနှင့် မကြာခဏ ခိုက်ရန်ဖြစ်ပွားတတ်ကြောင်း၊ သူ့ကို ဘုန်းကြီးကျောင်းသားဟု နောက်ပြောင်သည့် ရွာထဲက ကလေးများနှင့်လည်း မကြာခဏ ထိုးကြိတ်ခဲ့ဖူးကြောင်း၊ သည်အကြောင်းများသည် နောင်အခါ၌ ဘာသာအယူ စွန့်ပယ်ရေးတွင် တွန်းအားပေးသည့် အဓိကအချက်များ ဖြစ်နိုင်ကြောင်း ဖြဂ့်ထင်မြင်ချက် ပေးကြသည်။

မာ့က်စ်ဝါဒကို စွန့်လွှတ်ခြင်းနှင့်ပတ်သက်၍ ဦးမင်းဟန်က မိမိသည် အယူအဆတစ်ခုကို မှန်ကန်သည်ထင်လျှင် လက်ခံယုံကြည်ရန် ဝန်မလေးသကဲ့သို့ မှားယွင်းပြီထင်လျှင်လည်း စွန့်လွှတ်

www.burmeseclassic.com

www.burmeseclassic.com



ရန် လက်မနှေးတက်သူ တစ်ဦးဖြစ်သည်။ မာ့က်စ်ဝါဒသည် . . . . . . . . . . . ခဲ့ပြီ။ မိမိ၏ နိုင်ငံရေးအမြင်များသည် မိမိ၏ လက်တွေ့ဘဝ အတွေ့အကြုံများနှင့်အညီ အစဉ်တစိုက် ပြောင်းလဲလျှက်ရှိသည်။ မိမိသည် နိုင်ငံရေးကို လက်တွေ့ကျကျ လုပ်ဆောင်တတ်သူဖြစ်သည်။ ဖြစ်နိုင်ချေ မရှိသည့် စိတ်ကူးယဉ် အိပ်မက်များနောက် တကောက်ကောက် လိုက်နေတတ်သူမျိုး မဟုတ်။ လက်ငင်းမှာ ဘာတွေဖြစ်နိုင်သလဲ၊ အဲဒါကိုစဉ်းစား။ အဲသလို စဉ်းစားပြီး တကယ်ဖြစ်နိုင်သည် ထင်ရသော အရာကိုလုပ်ခြင်းသာ လက်တွေ့ကျသော နိုင်ငံရေးဟု မိမိမြင်သည်။ ထို့ကြောင့်လည်း နိုင်ငံရေးဆိုသည်မှာ ဖြစ်နိုင်ချေရှိသည့် အရာကိုလုပ်သည့် အတတ်ပညာဟု တချို့ပုဂ္ဂိုလ်များက ဆိုကြခြင်းဖြစ်သည်။ ငယ်စဉ်တုန်းကတော့ မိမိသည် မဖြစ်နိုင်ဆိုသော ဝေါဟာရ ကျုပ်အဘိဓာန်မှာ မရှိဘူးဆိုသော စကားမျိုးကို သဘောကျ ကိုးကွယ်ခဲ့ဖူးသည်။ သို့သော် နောက်ပိုင်း၌ လက်တွေ့ဘဝ အသိအရ မဖြစ်နိုင်ဆိုသော စကားသည် မည်သည့်အဘိဓာန်မျှ မကင်းနိုင်သည့် စကားဖြစ်ကြောင်း လက်ခံခဲ့ရသည်။ မူလက မာ့က်စ်၊ အိန်းဂဲလ်စ်၊ လီနင်၊ စတာလင်၊ မော်စီတုန်း၊ ကပ်စထရိုတို့လို ကြီးကျယ်ဖို့ မိမိမျှော်မှန်းခဲ့သည်။ သို့သော် တကယ်လုပ်ကြည့်၍ မအောင်မြင်သည့်အခါ မိမိယုံကြည်ချက် ပျက်ယွင်းလာသည်။ မျှော်မှန်းချက်တွေလည်း တဖြည်းဖြည်း နိမ့်ကျလာခဲ့သည်။ ထို့ကြောင့် အခြေအနေပေးသော တစ်ချိန်မှာ မာ့က်စ်ဝါဒနှင့် မာ့က်ဝါဒီ အသိုင်းအဝိုင်းကို စွန့်ခွာခဲ့သည်။ သို့သော် အတွေ့အကြုံ အလေ့အလာအရတတ် ကျွမ်းနားလည်ခဲ့သည့် နိုင်ငံရေး အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်မှုများကို အသက်မွေး ဝမ်းကျောင်း ပညာတစ်ရပ်သဖွယ် အသုံးချနိုင်သည့် အခြေအနေ ရရှိလာသဖြင့် နိုင်ငံရေးလောက တွင်ဆက်လက်ကျင်လည် နေခဲ့သည်။ ထိုအနေအထားတွင် ဆက်လက်ရပ်တည်ရန် မလွယ်ကူတော့သည့် အခါ၌မူ ကိုယ်ပိုင် စီးပွားရေး လုပ်ငန်းများကိုသာ မိမိဇောက်ချလုပ်ကိုင်ခဲ့သည်။ စင်စစ်မိမိသည် နိုင်ငံရေးနယ်ပယ်တွင် ဆက်လက်ကြာရှည်တည် ရှိတော့မှာမဟုတ်သည်ကို ကြိုတင်သိမြင်သဖြင့် ခပ်စောစော ကပင် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းကို စတင်ခဲ့ခြင်းဖြစ်ရာ ယခုအခါ၌ မိမိ၏စီးပွားရေးမှာ အတော်ပင် အခြေခိုင်လျက်ရှိပြီ။ စသဖြင့် ပြောကြားခဲ့သည်။

ဦးမင်းဟန်၏ ညီဝမ်းကွဲတစ်ယောက်ကမူ ဦးမင်းဟန် သည် နိုင်ငံရေးအယူအဆကို အဓိကထားသူ မဟုတ်ဘဲ မိမိဘဝ တိုးတက်ရေးကိုသာ အစဉ်ရှေးရှုခဲ့သူ ဖြစ်သည်။ သူသည် ဘာသာ တရားကို ခပ်လွယ်လွယ် စွန့်ပစ်ခဲ့သကဲ့သို့ မာ့က်စ်ဝါဒကိုလည်း ခပ်လွယ်လွယ်ပင် စွန့်ပစ်ခဲ့သည်။ သည်လို စွန့်ပယ်ခဲ့ခြင်း အတွက် သူ့၌ စိတ်မကောင်းခြင်း နှောင့်နှေးခြင်းများ ဖြစ်လေ့မရှိ။ ‘ ငါ သည် ရွှေထုပ်ကိုတွေ့လျှင် မြေထုပ်ကိုချ၍ ရွှေထုပ်ကို ထမ်းသူ ဖြစ်သည်။ သည်မြေထုပ်ကို ထမ်းပိုးယူဆောင်ခဲ့တာ ကြာပြီဖြစ်၍ ရွှေထုပ်တွေ့သော်လည်း မစွန့်လွှတ်နိုင်တော့ ’ ဆိုသော တရား သေသမားမျိုးမဟုတ်ဟု သူ အမြဲပြောသည်။ သို့သော် မိမိအမြင် ၌မူ သူ (ဦးမင်းဟန်) သည် မြေနှင့် ရွှေလောက် တန်ဖိုးသိသိ သာသာ မကွာခြားသော အခါများတွင်လည်း လွယ်လင့်တကူ ပြောင်းရွှေ့ လဲလှယ်တတ်သူဖြစ်သည်။ သူ့၌ သံယောဇဉ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



မရှိ။ သူ့ဖို့သာ သူသိသည်။ သူချမ်းသာဖို့ သူ့အသက် စည်းစိမ် တည်မြဲဖို့သာ သူသိသည်။သည်လို အတ္တလွန်ကဲ သဖြင့်လည်း ယခုကဲ့သို့ စိတ္တဇနာ စွဲကပ်ရခြင်းဖြစ်သည်ဟု ဝေဖန်ပြောဆိုသည်။

*

ဘာသာအယူဆိုသည်မှာ စွန့်လွှတ်နိုင်ခဲ့သောအရာ ဖြစ်သည်။ စွန့်လွှတ်ပြီးသည့် နောက်တွင်လည်း နောင်တနှင့် သံဝေဂတရားတို့၏ ဖိစီးနှိပ်စက်မှုမခံရဘဲ ပေါ့ပါးလွတ်လပ်စွာ နေနိုင်ဖို့ခဲယဉ်းသည်။ များသောအားဖြင့် ဤတိုင်းပြည်၌ ဘာသာ အယူစွန့်လွှတ် သူတို့သည် မာ့က်စ်ဝါဒီများ ဖြစ်ကြသည်။ သို့သော် မာ့က်စ်ဝါဒီ အများစုတို့၌ ဘာသာမကိုးကွယ်မှု အတိုင်းအဆ သည် သူ၏ နိုင်ငံရေးလှုပ်ရှားမှု အပြင်းအပျော့ပေါ်တွင် မူတည် နေလေ့ရှိသည်။နိုင်ငံရေးအရ တက်ကြွချိန်၊ ထိထိရောက်ရောက် လှုပ်ရှားနေချိန်တွင် ဘာသာအယူကို ပစ်ပယ်ထားသော်လည်း နိုင်ငံ ရေးဘဝကျဆင်းချိန်၊ စိတ်ဓာတ်အင်အားများ ပျက်ယွင်းချိန်၌ စောစောက ပစ်ပယ်ခဲ့သော ဘာသာတရားကိုပင် အတင်းပြန်လည် ဖက်တွယ်ကာ တောင်းပန်တိုးလျှိုးတတ်သော သဘောမျိုးရှိတတ် သည်။

ဦးမင်းဟန်ကမူ မာ့က်စ်ဝါဒကို ပယ်ပြီးနောက်တွင်လည်း ဘာသာရေးဘက် ပြန်မလှည့်တော့။ သူ့တွင် တိကျခိုင်မာသော ကိုယ်ပိုင်အယူ အဆတစ်ခုရှိသည်ဟု ယူဆရသည်။ သည်ကိစ္စနှင့် ပတ်သက်၍ ဦးမင်းဟန်အား ဆရာဝန် မေးမြန်းကြည့်ခဲ့သည်။

“ ဒါဖြင့် အခုလောလောဆယ်မှာ ခင်ဗျား ဘာအယူ အဆကို လက်ခံထားပါသလဲ ”

www.burmeseclassic.com

www.burmeseclassic.com



“ ဘာအယူအဆမှ မရှိဘူး၊ ဘာဝါဒမှ မရှိဘူး၊ ပြောင်ပဲ၊ ဟာလာ ဟင်းလင်းပဲ၊ လုံးဝသန့်စင်နေတယ် ”

“ ဘာအယူအဆမှမရှိဘူး ဆိုတာမျိုး ရှိနိုင်သလား၊ အဲသလိုဘာမှ လက်မခံခြင်းဆိုတာကော အယူအဆတစ်မျိုးလို့ မဆိုနိုင်ဘူးလား၊ ခင်ဗျားက အတွေးအခေါ်သမားမို့လို့ ဆွေးနွေးကြည့်တာပါ ”

“ အားလုံးကို ငြင်းပယ်တာလဲ အားလုံးငြင်းတဲ့ဝါဒ သို့မဟုတ် ယုံကြည်မှုကင်းမဲ့တဲ့ဝါဒလို့ ပြောရင်လဲ ရနိုင်တာပေါ့ ခင်ဗျာ။ ဒါပေမဲ့ ဒါက ကြံဖန်နာမည်တပ်ရတာပါ။ ဘာမှမယုံကြည်ဘူးလို့ အလွယ်တကူ ပြောလိုက်ရင်လဲ ပြီးတာပါပဲ။ ဒါပေမဲ့ ဆရာကလဲ မေးနေတော့ ဆရာ့ကိုကျွန်တော် တစ်ခုပြောပါ့မယ်၊ ဒါ လျှို့ဝှက်ချက်ပါ၊ ကျွန်တော့် ဘဝကို လမ်းညွှန်ထိန်းကျောင်းခြင်း၊ မောင်းနှင်ခြင်း၊ တွန်းအားပေးခြင်း ပြုနေတဲ့ ကျွန်တော့် ဘဝအမြင် တစ်ရပ်ပါ၊ ဘာလဲဆိုတော့ လူတွေမှာ ဘာသာရေး အချုပ်အနှောင်တွေရှိတယ်၊ အယူအဆရေး အချုပ်အနှောင်တွေ ရှိတယ်၊ လူ့အဖွဲ့အစည်းရဲ့ စည်းကမ်းကလနား အချုပ်အနှောင်တွေရှိတယ်၊ လူဟာ ဒါတွေအောက်မှာ ကျပ်တည်းစွာနေရတယ်၊ သနားစရာကောင်းလောက်အောင် ဖိစီးမှုခံနေကြရတယ်၊ ရှင်းအောင်ပြောမယ်၊ လူတွေဟာ ဘုရားကိုကြောက်ရတယ်၊ အကုသိုလ်တို့ မကောင်းမှုတို့ဆိုတဲ့ အစွဲအလမ်းတွေနဲ့၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်တို့ ဆိုတာတွေကို လူတွေ ကြောက်ကြတယ်၊ ဘုရားရဲ့ အဆုံးအမကို မနာယူရင် အဲဒါတွေ ဖြစ်မှာပဲလို့ တွေးကြောက်ကြတယ်၊ အဲဒီတော့ အဲဒါတွေနဲ့ ဆက်စပ်ပြီး ဘုရားကိုပါ ကြောက်

www.burmeseclassic.com



ကြတယ်၊ ဘုရားမကြောက်တာ ဘယ်သူရှိလဲ လိုက်ကြည့်ရင်ရှိတယ်။ ဥပမာအားဖြင့် ကွန်မြူနစ်တွေ ရှိတယ်။ ဒါပေမဲ့ ကွန်မြူနစ်ကျ တော့လဲ ဘုရားမကြောက်ပေမဲ့ မာ့က်စ်လီနင်ကိုတော့ ကြောက်ရ ပြန်တယ်။ နောက်တစ်ချက် ကျွန်တော်တို့ လူ့အဖွဲ့အစည်းထဲမှာ တရားဥပဒေအရ ရေးသားပြဋ္ဌာန်းထားတဲ့ စည်းကမ်းတွေအပြင် ဘုရားတရား အဆုံးအမနဲ့ဆိုင်တဲ့ စိတ်ပိုင်းဆိုင်ရာ ကျင့်ဝတ် စည်းကမ်းတွေ နိုင်ငံရေးအယူအဆ အဆုံးအမနဲ့ဆိုင်တဲ့ ကျင့်ဝတ် စည်းကမ်းတွေ ရှိနေတယ်။ လူတွေဟာ အဲဒီအဆုံး အမတွေကို နာခံရတယ်။ မနာခံရင်၊ ကျူးလွန်ဖောက်ဖျက်ရင် အပြစ်ဒဏ် ခံရတယ်၊ ကိုယ်ကာယအားဖြင့် ခံရတယ်၊ စိတ်ပိုင်း အားဖြင့် ခံရတယ်။ အဲဒါ လူအများစုရဲ့ အခြေအနေ။ ကျွန်တော်၊ ကျွန်တော်ကျတော့ ဘယ်လိုလဲ၊ ကျွန်တော် ဘုရားမကိုးကွယ်ဘူး၊ အဲဒီတော့ ဘုရားမကြောက်ရဘူး၊ ဒီလိုပဲ မာ့က်စ်လီနင် ကျွန်တော် မကိုးကွယ်ဘူး၊ မကြောက်ရဘူး၊ အဲ ဒီတော့ လူ့အဖွဲ့အစည်းထဲမှာ ကျင်လည်လှုပ်ရှားတဲ့ အခါမှာ ကျွန်တော့်အနေနဲ့ ရာဇသတ်ကြီး ဥပဒေအရ ပုဒ်မနံပါတ်တပ်ထားတဲ့ ကျင့်ဝတ်စည်းကမ်းတွေ ကလွဲရင် ကျွန်တော်ဘာမှ ကြောက်စရာ မလိုဘူး၊ ဂရုစိုက်စရာ မလိုဘူး၊ ဂရုလည်းမစိုက်ဘူး။ အဲဒီတော့ ကျွန်တော် သိပ်ပေါ့ပါး လွတ်လပ်တယ်။ လူ့အဖွဲ့အစည်းထဲမှာ ကျွန်တော်ဟာ စိတ်ပိုင်း ဆိုင်ရာ အခွင့်ထူးခံစားနေရတဲ့ လူတစ်ယောက်ဖြစ်တယ်။ လူ့လောကကြီးမှာ လူတကာထက် တစ်ပန်းသာတဲ့ အနေ အထားက ကျွန်တော် ကျင်လည်ခွင့်ရနေတယ်။ ဒါ့အတွက် ကျွန်တော်ဝမ်းသာတယ်။ ကိုယ့်ဘာသာကိုယ်လဲ အမြဲကျေနပ်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ ဒါပေမဲ့ သူများတကာတော့ ထုတ်ပြောလို့ မဖြစ်ဘူး။ ဆရာ့ကိုတော့ ကျန်းမာရေးကိစ္စနဲ့ ဆက်စပ်နေလို့ ပြောပြ တာပါ။ လူတစ်ယောက်ဟာ ဘာသာလဲမရှိဘူး၊ ကွန်မြူနစ်လဲ မဟုတ်ဘူး ဆိုရင် အဲဒီလူဟာ လောကကြီးမှာ အသာစီးရတဲ့လူပဲ။ ဆရာလဲ အဲဒါမှတ်ထားပါ ”

*

အရပ်သားစကားနှင့် ရိုးရိုးပြောရလျှင် ဦးမင်းဟန်သည် အတွေးအခေါ်အရာ၌ ရှုစ်စပ်ကလည်သူဖြစ်သည်။ မိမိကိုယ်ကို ကာကွယ်နိုင်မည့် အတွေးအခေါ် ဆင်ခြေဆင်လက်မျိုးစုံ ဖန်တီး တီထွင်ထားသည့် ဒဿနကဝေ ဖြစ်သည်။

သို့သော် သူဘာကြောင့် စိတ်ဖောက်ပြန် ချွတ်ယွင်းသွား ရသနည်း။

တရားခံကား သေခြင်းတရား၊ တိကျအောင်ပြောရလျှင် သေခြင်းတရားကို ကြောက်ရွံ့ခြင်း။

လူသည် သေမျိုးဖြစ်သည်ဟု ဆိုကြသည်။ သို့သော် လူတိုင်းလည်း သေမှာကြောက်ကြသည်ချည်း ဖြစ်သည်။ သို့သော် သေမှာတွေးကြောက်ပြီး စိတ်ဖောက်ပြန်သည်ဆိုခြင်းကား သဘာဝ မကျ၊ ဖြစ်ရိုးဖြစ်စဉ် မဟုတ်။ မည်သည့်ထူးခြားသော အကြောင်း ခြင်းတကြောင့် သည်မျှ အကြောက်လွန် သွားခဲ့ရသနည်း။ မျိုးရိုး ဗီဇကြောင့်လား၊ ငယ်စဉ်ကလေးဘဝက ကြုံခဲ့ဖူးသည့် ထိတ်လန့် တုန်လှုပ်ဖွယ် အတွေ့အကြုံ တစ်ခုခုကြောင့်လား၊ ဘဝတစ်လျှောက် အစဉ်တစိုက် ကြုံခဲ့ရသည့် စိတ်ပိုင်းဆိုင်ရာ ရေရှည်ထိခိုက်မှု

www.burmeseclassic.com

www.burmeseclassic.com



များ၏ စုပေါင်းအာနိသင်ကြောင့်လား၊ စဉ်းစားစိစစ်ကြည့်လျှင်။

ဘာသာရေးနှင့် ပတ်သက်၍ ဦးမင်းဟန်နှင့် ဆွေးနွေး စဉ်က သူပြောခဲ့သော အချက်တစ်ရပ်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ထင်သည်။

" ဘာသာမကိုးကွယ်ဖြစ်တဲ့ အဓိကအကြောင်းက ဘာလဲ ခင်ဗျ "

" ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်စဉ်းစားခဲ့တဲ့ အချက်တွေကအများကြီး ရှိပါတယ်၊ ဒါပေမဲ့ အလွယ်ကူဆုံး အရှင်းဆုံး အချက်ကို ပြောရရင်တော့ သေပြီးတဲ့နောက် ဘဝအဆက်ဆက် ထပ်ဖြစ်မယ်ဆိုတာကို ကျွန်တော်မယုံဘူး၊ အထက်ဘုံ အောက်ဘုံ တွေရှိတယ်ဆိုတာ ကျွန်တော်မယုံဘူး။ အဲဒီတော့ ကျွန်တော့် အနေနဲ့ ဘာကိုးကွယ်စရာ လိုသေးသလဲ။ လောကကြီးထဲမှာ ကိုယ်ကောင်းတယ် သင့်တော်တယ် ထင်သလို ကြည့်နေရုံပဲ ရှိတာပေါ့။ အလိုက်သင့် အလျားသင့် ကျွန်တော်မျှောနေခဲ့ တာပဲ "

" ခင်ဗျားမှာ အခု လက်ငင်းဘဝတစ်ခုပဲ ရှိတယ်၊ နောက်ထပ်မရှိဘူး၊ သေရင်ပြီးပြီ၊ အဲသလို ယုံကြည်တယ်ပေါ့ "

" အင်း ဟုတ်တယ်၊ သေရင်ပြီးပြီ " သည်လိုပြောပြီး သူ စိတ်မကောင်းဖြစ်သွားဟန် တူသည်။ မျက်နှာပျက်သွားသည်။ ပြီးပြီဆိုတာ နှမြောစရာမဟုတ်လား။ " ဟုတ်တယ်၊ ကျွန်တော်က တစ်ဘဝတည်းရှိတဲ့ကောင်။ သေရင်ပြီးမဲ့ကောင်။ ကျွန်တော် ဘာလုပ်ရမလဲ။ ရှိတဲ့အချိန်လေးမှာ ဘာတွေလုပ်သွားမလဲ။ ကျွန်တော် အများကြီး စဉ်းစားခဲ့တယ်။ ပိုက်ဆံလေး တစ်ကျပ်တစ်ပြားပဲ

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲရှိတဲ့ လူတစ်ယောက်ဟာ ဘာလုပ်မလဲ။ နှစ်မျိုးလုပ်နိုင်တယ်။ ဒီတစ်ကျပ်တစ်ပြား သိမ်းထားလို့ ဘာအကြောင်းထူးမှာလဲဆိုပြီး အလွယ်တကူ သုံးပစ်လိုက်နိုင်တယ်။ ဒါမှမဟုတ် ဒါလေးပဲရှိတာ။ တကယ်တန်ဖိုးရှိတဲ့ နေရာကျမှပဲ သုံးတော့မယ်ဆိုပြီး သိမ်းထားချင်သိမ်းထားနိုင်တယ်။ဒါပေမဲ့ တစ်ကျပ် တစ်ပြားနဲ့ဘာတန်ဖိုးရှိတာ လုပ်လို့ရမှာလဲ။ ကျွန်တော့်မှာ အဲဒါ ပြဿနာ။ ကျွန်တော်က ဒီတစ်ကျပ်တစ်ပြားကို တန်ဖိုးထားတဲ့ကောင်။ တစ်ကျပ်တန်တိုတောင်းတဲ့ ဘဝသက်တမ်းလေးထဲမှာ ကျွန်တော် အများကြီး လုပ်သွားချင်တယ်။ အများကြီး ဖြစ်သွားချင်တယ်။ ကျွန်တော့်ဘဝကို ဆွဲ ဆန့်လို့ရသလောက် ဆွဲဆန့်ထားချင်တယ်၊ ဒီဘဝထဲမှာ ထည့်လို့ရသလောက် ပြွတ်သိပ်ထည့်ချင်တယ်၊ ကျွန်တော် မဝဘူး၊ မတင်းတိမ်နိုင်ဘူး ”

သည်အတွေးအခေါ်နှင့် သည်ခံစားချက်များ ဘယ်အချိန်လောက်ကစ၍ သူ့ခေါင်းထဲဝင်ရောက်ခဲ့သည်ကို အတိအကျတွက်ဆရန် ခက်သည်။

သို့သော် အကြမ်းဖျင်း ခန့်မှန်းနိုင်သော အချက်တစ်ရပ်တော့ရှိသည်။

လွန်ခဲ့သော ငါးနှစ်ခန့်မျှကာလအတွင်း ဦးမင်းဟန်သည် အထွေထွေကုဆေးရုံများသို့ သုံးကြိမ်တိတိ တက်ရောက်ခဲ့ရသည်။ အကြိမ်တိုင်းတွင် ဦးမင်းဟန်သည် အသက်အန္တရာယ်ပေးနိုင်သည့် ရောဂါကြီးတစ်ခုခု၏ ထင်ရှားသောလက္ခဏာတစ်ရပ်ဖြင့် ဆေးရုံတက်ရောက်ခဲ့ ခြင်းဖြစ်ပြီး အကြိမ်တိုင်းပင် ရောဂါရှာဖွေစမ်းသပ်မှု အမျိုးမျိုးပြုလုပ်ပြီးနောက် ဘာရောဂါမှ ရှာဖွေမတွေ့

www.burmeseclassic.com



ရှိရဘဲ ရှာဖွေမှုများ ပြည့်စုံသည့်အချိန်လောက်တွင် ဝေဒနာလည်းပျောက်ကင်းကာ ဆေးရုံမှ ပြန်ဆင်းခဲ့ရသည် ချည်းဖြစ်သည်။

စင်စစ် ဦးမင်းဟန်သည် စိတ်ပိုင်းဆိုင်ရာ ကိုယ်ခံအားနည်းပါးသူ ဟုဆိုနိုင်ရန် ခဲယဉ်းသူဖြစ်သည်။ သူ့မှာ မိမိကိုယ်ကိုကာကွယ်သော ယန္တရားတွေ အများအပြားရှိသည်။ ထို့ပြင်သတိလည်းရှိသည်။

သူသည် မိမိကျန်းမာရေးကို ဂရုစိုက်သူ ဖြစ်သည့်အလျောက် ဆေးပညာပေးစာအုပ်များကို အဖတ်အရှုများခဲ့သည်။ ယင်းသို့ ဖတ်ရှုရင်းက စာအုပ်ထဲတွင် ဖော်ပြပါရှိသည့်ရောဂါလက္ခဏာများ မိမိကိုယ်တွင် တဖြည်းဖြည်း ထင်ရှားပေါ်လွင်လာသည်ဟု စွဲလမ်းယုံကြည်ကာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဆေးရုံများသို့ သုံးကြိမ်တိုင်တိုင် တက်ရောက်ခဲ့ရခြင်းဖြစ်သည်။ တတိယအကြိမ်မြောက် ဆေးရုံကဆင်းပြီး သည့်နောက်တွင်မူ ဦးမင်းဟန်သည် မိမိကိုယ်ကို ဆိုင်ဆိုမက်တစ် ရောဂါဖြစ်သူ (စိတ်အစွဲကြောင့် ကိုယ်ကာယဝေဒနာ ခံစားရသူ) ဟူ၍ရှုမြင်လိုက်သည်။ ထို့နောက် ဤသို့ဖြစ်ခြင်းမှာ ဆေးပညာပေးစာအုပ်များကြောင့် ဖြစ်သည်ဟု ကောက်ချက်ချပြီး ဆေးစာအုပ်ဖတ်ခြင်းကို စွန့်လွှတ်လိုက်သည်။

သို့သော်။

ဦးမင်းဟန်ခေါင်းထဲတွင် အစွဲအလမ်းတစ်ခု ဝင်သွားခဲ့သည်။ ဆေးရုံတက်သည့် အကြိမ်တိုင်းတွင် ရောဂါရှာရသဖြင့်ဆေးရုံတွင် အချိန်တော်တော်ကြာကြာစီ သူနေခဲ့ရသည်။ သည်

www.burmeseclassic.com

www.burmeseclassic.com



ကာလများအတွင်းမှာ သေခြင်းတရားကို သူလက်ပွန်းတတီး တွေ့ကြုံခဲ့ရသည်။ ဆေးရုံဆိုသည်မှာ မရဏတရားကို အထင်အရှားပြရာနေရာ ဖြစ်ချေသည်။

မိမိအခန်းထဲတွင် သေဆုံးသွားသော လူနာများ ဦးမင်းဟန် မြင်တွေ့ရသည်။ မိမိအဆောင်တွင် သေဆုံးသွားသော အချို့လူနာများ ဦးမင်းဟန် မြင်တွေ့ရသည်။ ဆေးရုံကြီးထဲတွင် သေဆုံးသွားသော အချို့လူနာများလည်း ဦးမင်းဟန် မြင်တွေ့ရသည်။

ဦးမင်းဟန်က ဤသို့ဆိုသည်။

" သေတဲ့လူနာတွေ မြင်စကက ကျွန်တော်ကြောက်တယ်၊ တုန်လှုပ်တယ်။ ဒါပေမဲ့ နောက်တော့ တဖြည်းဖြည်းဆင်ခြင်တယ်။ လူဆိုတာ သေမျိုး။ သေမျိုးဆိုတဲ့အတိုင်း သူများတွေ သေနေကြပြီ။ ငါ မသေသေးဘူး၊ ငါ မသေသေးတာဟာ ငါ့ရဲ့အောင်မြင်မှုပဲလို့ ကျွန်တော်စဉ်းစားမိတယ်။ အဲဒီအခါမှာ ကျွန်တော်အတော်စိတ်သက်သာရာ ရသွားတယ် "

ဦးမင်းဟန်သည် ဤစဉ်းစားဆင်ခြင်ချက်ကို အမှန်တရားအဖြစ် ယုံကြည်သွားပုံရသည်။ သည်အခါ သူ၌ စိတ်သက်သာရုံမက စိတ်ကျေနပ်မှုပါရလာသည်ဟု ယူဆရပါသည်။

ဦးမင်းဟန်၏ ဇနီးက ပြောပြသည်။

" နောက်ဆုံးအကြိမ် ဆေးရုံကဆင်းပြီးတဲ့နောက် သူဟာ ဆေးရုံကို မကြာခဏသွားတယ်။ အသုဘတွေ့ရင် ဝင်ကြည့်တယ်။ သိကျွမ်းသူမှန်သမျှရဲ့ အသုဘပွဲတွေ မလွတ်တမ်းလိုက်ပို့တယ်။ အိမ်မှာသတင်းစာ ဖတ်ရင်နာရေးကြော်ငြာက စဖတ်တယ်။

www.burmeseclassic.com



နောက်ပိုင်းကျတော့ သူများတွေသေတဲ့အကြောင်း ပြောပြီးရင် ငါတော့ မသေသေးဘူးကွလို့ ပြောတတ်လာတာ သတိထားမိတယ်။ တဖြည်းဖြည်းနဲ့ ဒီစကားကို ပိုပိုပြောလာတယ်။ အသုဘပို့ပြီးပြန်လာရင် ကိုဘယ်သူကြီးတော့ သေသွားပြီ၊ ငါတော့ မသေသေးဘူးကွလို့ ပြောတယ်။ သတင်းစာဖတ်ရင်းက ဘယ်သူတော့ သေသွားပြန်ပြီ၊ ငါ မသေသေးဘူးကွလို့ ပြောတယ်။ တဖြည်းဖြည်းနဲ့သူ့ကြည့်ရတာ သူများတွေသေနေတဲ့ ကိစ္စကိုဝမ်းသာအားရဖြစ်တဲ့သဘောမျိုး ဖြစ်လာတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားတဲ့လူတွေဆိုရင် သူက လှောင်သလို သရော်သလို ရယ်တယ်။ ဒီအရွယ်လေးနဲ့ သေရသလား၊ အတော်အသုံးမကျတဲ့ လူတွေလို့ ဆိုတယ်။ သိပ်အောင်မြင် ကျော်ကြားနေတဲ့ လူတစ်ယောက် ရုတ်တရက် သေသွားပြီဆိုရင် ဟားဟား ဟိုကောင်ကြီးတော့ ကြွသွားပြီကွ၊ ငါပဲ ကျန်တော့တယ်၊ ငါမသေဘူး၊ လို့ဆိုတယ်။ ငါမသေနိုင်သေးဘူး၊ အောင်မြင်အောင် လုပ်ရဦးမယ်၊ ကျော်ကြားအောင် လုပ်ရဦးမယ်၊ ထိပ်တန်းရောက်အောင် လုပ်ရဦးမယ်လို့လဲ မကြာခဏပြောတယ်။ အဲသလိုပြောပြီး အလုပ်ကိုလဲ မနားမနေလုပ်တယ်။ အကြီးအကျယ် ချမ်းသာအောင်လုပ်မယ်လို့ ဆိုတယ်။ နောက်ထပ် ဆယ်နှစ်နေရရင် မြန်မာပြည်မှာ အချမ်းသာဆုံး သူဌေးကြီး ငါဖြစ်ရမယ်လို့ ဆိုတယ်။ အလုပ်လုပ်တဲ့ အချိန်မှာ သူဘာမှမပြောဘူး။ အလုပ်ကို အာရုံဝင်ပြီးလုပ်နေတယ်။ ကျန်တဲ့ အချိန်များမှာသာ ငါမသေဘူး။ ငါမသေဘူးလို့ ပြောပြောနေတာ။ သေတဲ့ကိစ္စ သူ့စိတ်မှာအစွဲအလမ်း ဖြစ်နေတယ် ဆိုတာသိပေမဲ့ အလုပ်အကိုင်လဲ မပျက်၊ တခြားလဲ စိတ်ချွတ်ယွင်းတဲ့ အမူအရာ

www.burmeseclassic.com

www.burmeseclassic.com



မျိုးမပြတာနဲ့ ကျွန်မသည်လိုပဲ စောင့်ကြည့်နေခဲ့မိတယ်။

“ ပြဿနာဖြစ်တာကတော့ မော်တော်ကား တိုက်မိတဲ့ ကိစ္စပဲ၊ သူ့ကို သေသေချာချာ တိုက်မိတာတော့လဲ မဟုတ်ဘူး၊ သူကကျန်းမာရေး ဂရုစိုက်တဲ့လူဆိုတော့ မနက်တိုင်း လမ်းထွက်လျှောက်တယ်။ ကားက တည့်တည့်လာတာ မဟုတ်ဘူး၊ ကွေ့မလို့ နောက်ကိုဆုတ်တာ။ အဲဒီမှာ သူ့ကိုတိုးမိတယ်၊ ဒါပေမဲ့ လူကိုတော့ လုံးဝမထိသလောက်ပဲ၊ ပွန်းခြင်းပဲ့ခြင်းတစ်ခုမှ မရှိဘူး၊ သူကိုင်နေကျတုတ်ကောက်သာ ကားဘီးအောက်ရောက်ပြီး ကျိုးသွားတယ်။ ဒါပေမဲ့ အဲဒီ ကားတိုက်မှုဟာ လူခန္ဓာကိုယ်ကို မထိခိုက်ပေမဲ့ သူ့စိတ်ကိုတော့ အကြီးအကျယ် ထိခိုက်သွားစေပုံရတယ်။ နောက်ဆုံးတင်လိုက်တဲ့ ကောက်ရိုးတစ်မျှင်ကြောင့် မြင်းခါးကျိုးသွားတယ်ဆိုတာမျိုး ဖြစ်သွားပုံရတယ်။ ကားတိုက်တဲ့ ကိစ္စဖြစ်ပြီး အိမ်ပြန်ရောက်တဲ့ အချိန်ကစလို့ သူ့ပါးစပ်က ငါမသေဘူး၊ ငါမသေဘူး ဆိုတဲ့ စကားကိုပဲ တတွတ်တွတ် ရွတ်နေတယ်။ တစ်ရက်လဲ မရပ်ဘူး၊ နှစ်ရပ်လဲ မရပ်ဘူး၊ ညလဲ ကောင်းကောင်း မအိပ်ဘူး။ မိသားစု ဆရာဝန်ကို ခေါ်ပြီးပြတဲ့အခါ သူက စိတ်ငြိမ်ဆေးတွေပေးတယ်။ အိပ်ဆေးတွေပေးတယ်။ အဲဒီနောက်မှာတော့ နည်းနည်း သက်သာသလိုရှိတယ်။ တရစပ်ကြီး ပြောမနေတော့ဘူး။ ကောင်းတဲ့အချိန်မှာ လုံးဝကောင်းသလို ဖြစ်နေတယ်။ ပြောတာဆိုတာ လုပ်တာကိုင်တာ အားလုံးပုံမှန်ပဲ။ မှတ်ဉာဏ်မလျော့ဘူး။ အတွေးအခေါ် မပျက်ဘူး။ တစ်ခါတလေ သူ့မိတ်ဆွေတွေနဲ့ ပြောဆိုငြင်းခုံနေတာ ပုံမှန်အတိုင်းပဲ၊ ဒါပေမဲ့ ဖောက်ချိန်တဲ့အချိန် ရုတ်တရက် ထဖောက်တယ်။ ဖောက်တယ်ဆိုတာ တခြား

www.burmeseclassic.com

www.burmeseclassic.com



ဘာမှလဲ မဟုတ်ဘူး။ ပါးစပ်က တတွတ်တွတ်နဲ့ ငါမသေဘူးဆို တာကို ရွတ်တာပဲ ”

ဆရာဝန်ကြီးက ရောဂါရာဇဝင်မှတ် စာတမ်းတွဲကို စားပွဲပေါ် ချ ထားလိုက်ပြီး လူနာကို လှမ်းကြည့်သည်။

သူ့မျက်လုံးများက ကြောင်၍နေသည်။ ပါးစပ်က အသံ မထွက်သော်လည်း နှုတ်ခမ်းကတရွရွနှင့် အဆက်မပြတ် လှုပ်ရှား နေသည်။ ဆရာဝန်ကြီးက လက်ထောက်ဆရာဝန်အား အင်္ဂလိပ် ဘာသာဖြင့် ခပ်တိုးတိုးပြောကြားသည်။

“ ကေ့စ်က သိပ်စိတ်ဝင်စားစရာ ကောင်းတယ်၊ အသေး စိတ်ခွဲခြမ်းစိတ်ဖြာ ကြည့်ပြီးမှ ဘယ်လိုကုသမလဲ ဆိုတာ ဆုံးဖြတ် ကြတာပေ့ါ၊ ဆရာ ပြန်လာခဲ့ပါ ”

ဆရာဝန်က လူနာ၏ လက်မောင်းကို ကိုင်ကာ ‘ကဲ သွား ကြရအောင် ’ ဟုဆိုသည်။

လူနာ၏ နှုတ်ခမ်းများ တုန်လှုပ်မှုပြင်းထန်လာပြီး တဖြည်း ဖြည်း အသံထွက်လာသည်။ ခပ်တိုးတိုး၊ မတိုးမကျယ်။ ထို့နောက် ကျယ်လောင်လာသည်။

“ ငါ မသေဘူး. . .၊ ငါ မသေဘူး. . .၊ ငါ မသေဘူး. . .၊ ငါ မသေဘူး ”

**ဖေမြင့်**

www.burmeseclassic.com

www.burmeseclassic.com

# ညီပုလေး
## ငြိမ်သက်တစ်မိနစ်

*"သူ့အကြည့်တွေက ရင်ထဲမချိစရာပါ။ ကျွန်တော့်ကို ပိတ်လှောင်ကြတော့မှာလား၊ ရက်စက်လိုက်ကြတာဗျာဆိုတဲ့ အဓိပ္ပာယ် တွေပါတဲ့ အကြည့်တွေလေ။"*

www.burmeseclassic.com

www.burmeseclassic.com



# ငြိမ်သက်တစ်မိနစ်

မောင်မိုးဆိုတဲ့အကောင်ဟာ ဟိုးဟူးကောင်းဒေသ ရှင်ဗွေယန်နယ် တောခေါင်ခေါင် သစ်တောဝါးတော ကြိမ်တောထဲ မွေးတဲ့ တောသားလေးပါ။ သူ့ကို အဲဒီဒေသလာပြီး ကြိမ်လာခုတ်ကြတဲ့ နမ့်ခုတ်ရွာသားတွေက သူ့အမေမရှိခိုက် ဝက်ဝံအသိုက်ထဲက ခိုးယူလာကြတာ။ သူတို့ရဲ့ ကြိမ်ခုတ်စခန်းမှာ နို့ဆီဖိုးမတတ်နိုင်တော့ တောထမင်း တောဟင်းစားခဲ့ရတဲ့ အကောင်လေ။ ကြိမ်ခုတ်လုပ်သားတွေကို ကြီးကြပ်ရတဲ့ ခေါင်းဖြစ်သူက ဝံသည်းခြေလိုချင်လို့ နည်းအမျိုးမျိုးရအောင် ဝယ်ဖို့လုပ်နေလို့ နမ့်ခုတ်ရွာသားတွေ မောင်မိုးကို ကြင်ကြင်နာနာနဲ့ စောင့်ရှောက်ကြပြီး ပိုပြီးသံယောဇဉ်တွယ် ချစ်ခင်ခဲ့ကြတယ်။ သူတို့ ညီလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်လို ချစ်ခဲ့ကြတာလေ။

ရက်သားပဲ ရှိသေးတဲ့ ဝက်ဝံကလေးဟာ တကယ်လည်း ချစ်စရာကောင်းတာမို့ သူတို့သဘောကျတဲ့ နာမည်ကို မှည့်ခဲ့ကြတာပေါ့။

ကြိမ်ခုတ်ရာသီကုန်ပြီး မက္ကလောင်အဖျားတွေ ဖျားခဲ့တဲ့ နမ့်ခုတ်ရွာသားတွေဟာ သူတို့ချစ်တဲ့ ညီလေးကို ဇာတိရွာကို ခေါ်သွားဖို့ အခက်အခဲတွေရှိတယ်။ သစ်တောဌာနနဲ့ စကားပြောရမယ်။ ပင်ပင်ပန်းပန်း ရှာဖွေလို့ရခဲ့တဲ့ ပိုက်ဆံနည်းနည်းပဲ သူတို့မှာပါတယ်။ ဒါနဲ့ မောင်မိုး ကျွန်တော်တို့ဆီ ရောက်လာခဲ့တာ။

မြို့မကျောင်းကို သူရောက်လာခါစမှာ ကျွန်တော်တို့ သူ့ကို နာမည်ပြောင်းပြီး ခေါ်ကြသေးတယ်။ ဒီအကောင်လေးက သူ့ကို ခေါ်နေတယ်လို့ မထင်ဘူး။ ပြီးတော့ ကျွန်တော်တို့ ကျောင်းရဲ့ တစ်ဦးတည်းသော ဆရာမ ဒေါ်ဒီခေါန်တောင်ကလည်း သူ့ကို မောင်မိုးလို့ပဲ ခေါ်စေချင်တာလေ။ ဒါနဲ့ပဲ သူ့နာမည် မောင်မိုး မောင်မိုးနဲ့ တောက်လျှောက် တွင်သွားတော့တာပဲ။

ဒီဝက်ဝံကလေး မြို့မဘုန်းကြီးကျောင်းကို ရောက်လာတဲ့ညနေကို မှတ်မိနေတယ်။ မိုးဦးလေဦးမို့ တိမ်တွေက မှိုင်းညို့တက်လာတယ်။ မိုးဦးက သူ့ချည်းမလာဘဲ လေရူးနဲ့ လေဦးပါ အဖော်ခေါ်လာတော့ ကျွန်တော်တို့ ဘုန်းကြီးကျောင်းဝိုင်းထဲက သရက်ပင်တွေ၊ အုန်းပင်တွေဆို ယိမ်းထိုးနေကြတော့တာပေါ့။ တိမ်မည်းတွေကလည်း လေဦးရဲ့ ဦးတည်ရာကို ကဆုန်ဆိုင်းကြတယ်။ သရက်ကင်းတွေကြွေ၊ စက္ကူပန်းပွင့်တွေ မြေမှာဖွေးလို့။ ကျောင်းကတော့ ဆင်းသွားတာကြာပြီ။ ကျွန်တော်နဲ့ အောင်မိုး

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကို စာမရမချင်း ကျောင်းမဆင်းရဘူးဆိုပြီး စာအအံ ခိုင်းထားတယ်။ ဘုန်းကြီးက ဒီလိုပဲ ဒဏ်ပေးနေကျပေါ့။

အဲဒီအချိန်မှာ မဏ္ဍလောင်ဖျားထားလို့ ဖြူဖပ်ဖြူရော် ဖြစ်နေတဲ့ နမ့်ခုတ်ရွာသားသုံးယောက် မောင်မိုးကို ခေါ်လာပြီး ဆရာ့တော်ဆီမှာ အကျိုးအကြောင်း လျှောက်ကြတော့တာပါပဲ။ အမွေးကြမ်းတွေ တစ်ကိုယ်လုံး ဖုံးအုပ်နေတဲ့ ဝက်ဝံမှာ ချစ်မွေး ပါတယ်ထင်ပါရဲ့။ ဆရာတော်က လက်ခံထားလိုက်တယ်။ ဒီအရင် ကလည်း ကျောင်းမှာ ဒေါင်းတစ်စုံ၊ ကော့ခိုနှစ်စုံ၊ တိန်ညင်တစ် အုပ်ရှိနှင့်ပြီးသား။ ဟိုဒကာ လာလှူ ဒီဒကာ လာလှူနဲ့ ဆရာတော် ကလည်း တိရစ္ဆာန်လေးတွေ ချစ်တတ်လေတော့ ကျောင်းမှာ ဝက်ဝံ လေးတစ်ကောင် တိုးလာတာပေါ့။

နမ့်ခုတ်ရွာသား ဒကာသုံးယောက် မိုးစဲမှ ပြန်သွားကြ တယ်။ သူတို့လည်း မခွဲချင်ဘဲ ခွဲခဲ့ရတဲ့ သူတို့ညီလေးကို သံယောဇဉ် တွယ်ကြမှာပဲ။ ကျောင်းသားတွေနဲ့ ချစ်ချစ်ခင်ခင် နေဖို့ ကျောင်း မှာ လိမ်လိမ်မာမာနေဖို့၊ ဆရာတော့်စကား နားထောင်ဖို့ တကယ့် ညီငယ်တစ်ယောက်ကို အစ်ကိုကြီး ဖြစ်သူက မှာကြားနေသလိုပဲ။ သူတို့မှာ ကျောင်းပေါက်ဝ ရောက်တဲ့အထိ ယောက်ျားတွေတန် မယ့် မျက်ရည်တွေဝဲပြီး လှည့်ကြည့်၊ လှည့်ကြည့်နဲ့ ပြန်သွားကြ တယ်။ မောင်မိုး ခမျာမှာလည်း လူစကားမပြောတတ်လို့သာပေါ့။ လူစကားသာတတ်ရင် သူ့မှာလည်း သူခံစားနေရတာတွေ ပြောနေ ရှာမှာပဲ။

တောသား မြို့ရောက်လာတာ ဟုတ်လား။ ရောက်ခါစမှာ ပတ်ဝန်းကျင် အသစ်နဲ့ အသားမကျသေးတော့ ကြောက်နေရှာ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ စိတ်မလုံမခြုံ ဖြစ်နေရှာတယ်။ ဒီဘုန်းကြီးကျောင်းမှာ မိဘမဲ့ကလေးတွေကိုပါ စာသင်ပေးတဲ့ ကျောင်းလည်း ရှိလေတော့ ကျောင်းသူ ကျောင်းသားတွေက အများကြီး။ သူ့ခမျာ ဒီလောက် လူများများကို မြင်ဖူးတာမှ မဟုတ်ဘဲ။ ကျောင်းသူကျောင်းသား ဖြူနီကြောင်ကျား တွေကိုလည်းကြောက်၊ ဝါဝါထိန်ထိန်နဲ့ ကိုရင်၊ ဦး ပဥ္စင်းတွေကိုလည်း လန့်၊ ကျောင်းပေါ်တက်တဲ့ လှေကားထစ် တွေကိုလည်း သူမမြင်ဖူးဘူး။ ကြေးစည်သံ ခေါင်းလောင်းသံ ကြားရင် တုန်လှုပ်၊ သူ့မှာ ဝံလန့်စာစား ဖြစ်နေရှာတာပေါ့။ ကြွပ်ကြွပ်အိတ် ပလတ်စတစ်အိတ်တွေ့ရင် နမ်းကြည့်၊ ဘုန်းကြီး စီးဖိနပ်ကို စူးစမ်း၊ စားပွဲဝိုင်း၊ တံမြက်စည်း၊ ဖျာကြမ်း၊ ကြက်မွေး၊ သပိတ်၊ ဝတ်ခွက်၊ ယပ်တောင်၊ နှီးအုပ်ဆောင်း၊ ခြေသုတ်ခုံ၊ မြင်မြင်သမျှ မောင်မိုး အတွက် အထူးအဆန်းချည်း ဖြစ်နေတယ်။

မောင်မိုးမှာ ချစ်မွေးပါတယ်။ ချစ်မွေးက ဒီ့ပြင် အိမ်မွေး တိရစ္ဆာန်တွေလို တစ်မွေး၊ နှစ်မွေး ဟုတ်ပုံမရဘူး။ သူ့တစ်ကိုယ် လုံး ဖုံးအုပ်ထားတဲ့ ခပ်ကြမ်းကြမ်း ခပ်ထူထူမည်းမှောင်မှောင် အမွေးတွေအားလုံးက ချစ်မွေးတွေ ထင်ပါရဲ့။ မကြာခင်မှာပဲ ဟိုး ဆရာတော်ကအစ ကပ္ပိယတို့ ဆရာမဒေါ်ဒီခေါန်တောင်တို့ အလယ် ကျွန်တော်တို့ ကျောင်းသူ ကျောင်းသားတွေ အဆုံးအား လုံးရဲ့ ချစ်ခင်မှု၊ ကြင်နာမှုကို သူရသွားတယ်။ မြို့မ ပရဟိတ မိဘမဲ့ ကျောင်းမှာ မောင်မိုးဆိုတဲ့ ကျောင်းအိပ် ကျောင်းစား တစ်ယောက် တိုးလာတာပေါ့။

ကျွန်တော်တို့နဲ့ အတူကစားတယ်။ ကျွန်တော်တို့နဲ့ အတူ စားတယ်။ ကျွန်တော်တို့လိုလည်း လိုက်ပြီးစာအံသေးတယ်။ ဝက်ဝံ

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ကောင် စာအံတယ်ဆိုတာ မူလတန်းကလေးတွေ နောက် နားမှာ ဝင်ထိုင်ပြီး ကျောင်းသူ ကျောင်းသားတွေ အော်ဟစ်နေ တာကို သူငေးမောနေရှာတာပါ။ ကျောက်သင်ပုန်းကို ကြည့်လိုက်၊ လမ်းလျှောက်နေတဲ့ ဆရာမကို ငေးလိုက်၊ စာအံနေကြတဲ့ ကျောင်း သူကျောင်းသား တွေကို ကြည့်လိုက်လုပ်နေရှာတယ်။ သူက ဆရာမ ဒေါ်ဒီခေါန်တောင်ရဲ့ စကားကိုတော့ နားထောင်တယ်။ ဆရာမ က ' မောင်မိုး ငြိမ်ငြိမ်ထိုင်နေ ' လို့ အတန်းထိပ်ကနေ လှမ်းအော် ရင် သူဘယ်မှ မသွားတော့ဘူး။ ကြမ်းပေါ် ဖင်ချထိုင်နေတော့ တာပါပဲ။ ဝက်ဝံငြိမ်တယ်ဆိုတာ မျောက်လောက်သာ မဆော့ တာ။ နှာခေါင်းကုပ်၊ ခေါင်းကုပ်၊ စားဖိုချောင်က လွင့်ပါလာတဲ့ ဟင်းနံ့ကျွေးနံ့ကို နှာခေါင်း ပွချည်ရှုံ့ချည်နဲ့ ထိုင်ရာမထ လုပ်ရင်း အနံ့ခံလိုက်၊ နှုတ်ခမ်းကို လျှာနဲ့သပ်လိုက် လုပ်နေတတ်တယ်။ အဲဒီအချိန်မှာ ဆရာမက ကျောင်းသားတွေ အာရုံစိုက်အောင် ကျောက်သင်ပုန်းကို ကြိမ်လုံးနဲ့ ဖြန်း. . ဖြန်း. . ဖြန်း. . နဲ့ မြည်အောင် ရိုက်လိုက်ရင် ကျောင်းသားတွေနည်းတူ လျှောက်ငေး နေတဲ့ မောင်မိုးလည်း ကြိမ်လုံးသံကို လန့်သွားတတ်တယ်။

တောကြီးမျက်မည်းထဲမှာ တောငှက်ပျောသီး၊ သစ်ဥ သစ်ဖု၊ ပျားလပို့၊ ပျားရည်ပဲ စားရမယ့် မောင်မိုးဟာ သူ့အစ်ကို ကြီးတွေနဲ့ အတူနေတုန်းက မစားရတဲ့ အစားအစာတွေ ဒီမှာ အစုံစားရတယ်။ ဂျုံခေါက်ဆွဲ၊ ဆန်ခေါက်ဆွဲလည်း သူစားတယ်။ ပေါက်ဆီ၊ နံပြား၊ ထပ်တစ်ရာ၊ ပလာတာလည်း မငြင်းဘူး။ သူ အကြိုက်ဆုံးကတော့ ငှက်ပျောသီးနဲ့ ငါးဟင်း။ ငါးဆိုရင်တော့ မောင်မိုးက ကင်ကင်၊ ဖုတ်ဖုတ်၊ သုပ်သုပ်၊ ချက်ချက်၊ ပြုတ်ပြုတ်

www.burmeseclassic.com

www.burmeseclassic.com



စားမယ်ဆိုတဲ့ အထဲကပဲ။ စပ်လိုက်သမှ တော်ရုံလူ မစားနိုင်အောင် ငရုတ်သီးခပ်စပ်စပ် ချက်ထားတဲ့ငါးဟင်းလည်း မောင်မိုးကတော့ တဝစားတယ်။ ပြီးမှ လျှာထုတ်ပြီး ယပ်ခတ်နေရပေ့စေ စားမှာပဲ။

မောင်မိုးဟာ ဝက်ဝံမဖြစ်ခင်က လူ့ဘဝမှာ ကျင်လည်ခဲ့တယ် ထင်ပါရဲ့။ သူ့ကို ချစ်ကြရတာတွေထဲမှာ သူမစင်စွန့်ရာ အခင်းလေး စွန့်ရာမှာ သိပ်စည်းကမ်း ရှိတာလည်း ပါတယ်။ သူက အသန့်အပြန့် သိပ်ကြိုက်တယ်။ သူ့ဘာသာ နေရာသတ်မှတ်ပြီး ဘုန်းကြီးကုဋီရဲ့ အနောက်မှာ သူ့ကိစ္စတွေကို သွားစွန့်တယ်။ ကျောင်းမွေးတောရိုင်း တိရစ္ဆာန်ပေမယ့် အိမ်မွေးတိရစ္ဆာန်တွေထက် စည်းကမ်းရှိတဲ့ မောင်မိုး။

နောက်ပိုင်းကျတော့ ဆရာတော်ကို လှူဖို့ ပရဟိတ မိဘမဲ့ကျောင်းကို လှူဖို့လာကြတဲ့ ဒကာ ဒကာမတွေ အလှူရှင်တွေကို သူထွက်ကြိုတတ်တယ်။ ဒီပုဂ္ဂိုလ်တွေမှာ စားစရာတစ်ခုခု ပါတတ်တယ်ဟုတ်လား။ တချို့က သူ့အကြိုက် ငှက်ပျောသီး၊ တချို့က ငါးဟင်း၊ ငါးကြော်၊ ငါးခြောက်ဖုတ်ဆီဆမ်း လာခဲ့ကြတာလေ။ အကြောင်းမသိတဲ့ ဧည့်သည်က ဒကာ ဒကာမတွေကတော့ ဝက်ဝံတစ်ကောင် အားရဝမ်းသာ ပြေးထွက်လာတာနဲ့ ပက်ပင်းကြုံတဲ့အခါလန့်သွားကြတာပေါ့။ ဒါပေမယ့် သူ့မှာ ရန်လိုတဲ့မျက်နှာထားမှမရှိဘဲ။ ပြီးတော့အရွယ်က ချစ်စရာလေး။ မောင်မိုးကလည်း အကင်းပါးတယ်။ အသိဉာဏ်ရှိတယ်လို့ ပြောရလိမ့်မယ်။ ဧည့်သည်က လန့်ပြီးထီးနဲ့ထိုးမှာ၊ လမ်းလျှောက် တုတ်ကောက်နဲ့ လှမ်းရိုက်လိုက်မှာမျိုးကို သူမနှစ်မြို့ဘူး။ ဒါကြောင့် ထီးရိုးတစ်

www.burmeseclassic.com

www.burmeseclassic.com



ကမ်း၊ တုတ်တရမ်း၊ ခပ်လှမ်းလှမ်းကပဲ ကြိုတာပါ။

တစ်နေ့တော့ အရင်က ဒီကျောင်းကို တစ်ခါမှ မလာဖူးတဲ့ ဧည့်စိမ်းတွေကို သူကြိုမိရက်သား ဖြစ်သွားတယ်။ ဧည့်သည်တွေက ထွက်ပြီးကြိုတဲ့ မောင်မိုးကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး ပြုံးကြတဲ့ အပြုံးကို ဘယ်သူမှ နားမလည်ကြဘူး။ ကျောင်းပေါ် ရောက်တော့ ဧည့်သည်တွေက ဆရာတော်ရှေ့မှာ ဝပ်တွားဦးချတော့ မောင်မိုးကလည်း သူ့ထုံးစံအတိုင်း ဧည့်သည်တွေနဲ့အတူ လိုက်ပြီး ဦးချရှိခိုးတယ်။ မောင်မိုးရှစ်ခိုးတာကြည့်ပြီး ဧည့်သည်တွေက သဘောကျလို့ မဆုံးဘူး။

ဘယ်ဂျာနယ်၊ ဘယ်သတင်းစာ၊ ဘယ်ရုပ်မြင်သံကြားထဲမှာမှ မောင်မိုး အကြောင်းမပါဘဲနဲ့ ဟောဒီမြို့လေးရဲ့ မြို့မဘုန်းကြီးကျောင်းမှာ သင်ကြားပေးရင် တတ်လွယ်တဲ့အရွယ် ဝက်ဝံလိမ္မာလေးရှိတယ်လို့ ကြားသတင်းနဲ့ လိုက်လာကြတဲ့ ဆပ်ကပ်ထောင်တဲ့ လူတွေလေ။ မောင်မိုးကို ပိုက်ဆံပေးဝယ်မယ်လို့တဲ့။ ပညာရှိအမျက် အပြင်မထွက်ပေမယ့် သူတို့စကားကြောင့် ဆရာတော်ရဲ့ မျက်နှာတော် နီမြန်းသွားတယ်။

“ မရောင်းနိုင်ဘူး ” လို့ ဆရာတော်က တစ်ခွန်းတည်း ပြောလိုက်ချင်ပေမယ့် “ ဒကာတို့က ဒီအကောင်ကို တန်ဖိုး ဘယ်လောက်သင့်မှာတုံး ” လို့မိန့်တယ်။ ဆရာတော့်အရိပ်အကဲ မသိနားမလည်ကြတဲ့ ဒကာတွေက “ ငွေသုံးသောင်း ပေးပါမယ် ဘုရား ” တဲ့။ တပည့်တော်တို့ မွန်ပြည်နယ်အထိ ပြန်ရမယ့်စရိတ်၊ ဒီကောင်လေး ဟိုအထိရောက်အောင် ခေါ်သွားရမယ့် ကုန်ကျငွေတွေအကြောင်း ပြောရင်း အပူတိုက်၊ အလွမ်းသယ်၊ မိကျောင်း

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ကျပြ နေကြတယ်။

ဆရာတော်က သူတို့ပေးမယ်ဆိုတဲ့ သုံးသောင်းထက် အဖိုးတန်တဲ့တရားကို ဟောပြီး မောင်မိုးကို မရောင်းနိုင်တဲ့ အကြောင်း အလိမ္မာနဲ့ ဆုံးမလွှတ်တယ်။ ဒီအကြောင်းသိတဲ့ ဦးပဥ္စင်းတွေက မောင်မိုးကို ညလူသူအလစ်မှာ လာခိုးမှာစိုးလို့ ကျောင်းသားတွေရဲ့ အစွန်မှာထားပြီး ညသိပ်ရာကနေ ကျောင်း သားတွေရဲ့ အလယ်ကို ရွှေ့သိပ်ကြရသေးတယ်။ ဝံသည်းခြေက ဈေးမြင့်လာပြီဆိုတဲ့ သတင်းကလည်း ကြီးနေတယ်လေ။

ကြီးကောင်ဝင်ပြီး ဝံပျိုဖားဖားသာ မဖြစ်သေးတာ ဝံပျို ပေါက်ဖြစ်လာတော့ မောင်မိုးက ကျောင်းထဲက ကျောင်းပြင်ကို လှစ်ခနဲ ခဏတစ်ဖြုတ် ထွက်လည်တတ်တယ်။ ဆရာတော်တို့ ဦးပဥ္စင်းတို့ စိတ်ပူရ ရင်မောရတဲ့ရက်တွေပေါ့။ တော်တော်ကြာ ဘယ်ဆပ်ကပ်အဖွဲ့ ဘယ်မြို့လို့တဲ့၊ ဘယ်မျက်လှည့်က အထက်ဘက် ဆန်လာပြီဆိုတာမျိုး ကြားရရင် ဘုန်းကြီးတို့ ရတက်မအေး ဖြစ် ကြရရော။

မောင်မိုးကလည်း ကျောင်းအနီးအနား လေးငါးဆယ် အိမ်လောက် လျှောက်လည်ပြီးတော့ ကျောင်းကို ပြန်လာရှာတာပါ။ ပတ်ဝန်းကျင်ကို လေ့လာစူးစမ်းတာ ထင်ပါရဲ့။ စာအံနေကြတဲ့ ကျွန်တော်တို့အနားကို သူပြန်လာပြီး ထိုင်တယ်။ ဆရာမ ဒေါ်ငှီ ခေါင်းတောင်ကို မျက်တောင်မခတ်ဘဲ ငေးနေတတ်တယ်။ တစ်ခါ တလေတော့လည်း အဲဒီလို ထိုင်ရင်း သူ့မျက်တောင်မွေးတွေ ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ငေးမျှော်နေပြန်ရော။ အဲဒီလုပ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



နေ့ဟာ ဆရာမက သူ့ဖို့ ငှက်ပျောသီးယူမလာတဲ့နေ့ပေါ့။ ဆရာမ ခမျာ ငှက်ပျောသီးကို နေ့တိုင်းတော့ ဘယ်ယူလာနိုင်ပါ့မလဲ။ ငှက်ပျော ခြံပိုင်ရှင်ရဲ့သမီး ငှက်ပျောသီးသည်ရဲ့ဇနီးမှ မဟုတ်ဘဲ။ အိမ်မှာရှိတဲ့ ငှက်ပျောသီး၊ ဆွမ်းတော်ကျတဲ့ ငှက်ပျောသီးလောက်ပဲ ယူလာနိုင်ရှာတာပေါ့။ သူ့ခမျာ တစ်လကို ဆန်ဆယ်ပြည်နဲ့ မီးဖိုချောင်စရိတ်လေးရလို့ စာလာသင်နေရတဲ့ လုပ်အားပေး ဆရာမသာသာ မဟုတ်လား။

သူ့ရဲ့ ရှုံ့ချည်ပွချည် လုပ်နေတဲ့ နှာခေါင်းက သူ့ခြေထောက်တွေကို ဒေါ်ဂျီဘူးရဲ့အိမ်က မီးဖိုချောင်ကို ခေါ်သွားတယ်။ ဘုန်းကြီးကျောင်းနဲ့ နီးနီး၊ ရုံးနဲ့ နီးနီးနေတဲ့ ဒေါ်ဂျီဘူး ရုံးမှာ သူ့ဘောလ်ပင်လွတ်အကျ မောင်မိုး သူ့မီးဖိုချောင်ထဲ ခြေတစ်လှမ်း စအဝင်ဖြစ်မှာပေါ့။ နံဘေးအိမ်တွေကလည်း ကိုယ့်အလုပ်နဲ့ကိုယ် အလုပ်များ စိတ်များနေကြချိန်မှာ မောင်မိုး ဝင်သွားတာကို မမြင်လိုက်ကြဘူး။ ဒယ်အိုးလှုပ်သံလည်း မကြားဘူး။ ညနေရုံးဆင်းလို့ မိသားစုစုံစုံညီညီ ညစာစားတော့မယ် အလုပ်မှ ညစာချန်ထားတဲ့ ငါးပတ်ချက်က မောင်မိုးဘတ်သွားပြီ။ အိမ်နီးနားချင်းတွေက ဒီအကောင်ထွက်သွားမှ နောက်ကျောပြင်ပဲ လှမ်းမြင်လိုက်ရတာ။ ဒေါ်ဂျီဘူးက စိတ်မဆိုးတဲ့အပြင် ရယ်ချင်စိတ်တောင် ပေါ်မိသေးတယ်။ အနားဝန်းကျင် အိမ်တွေကလည်း မောင်မိုးလာတယ်လို့ပြောကြတာ ဟုတ်လား။ ဒေါ်ဂျီဘူးတို့ မိသားစုက နောက်ထပ်ဟင်းတစ်ခွက် ထပ်ချက်ဖို့လည်း မခက်ခဲဘူး။ မချက်ချင်ရင်လည်းဆိုင်မှာ ဟင်းတစ်ခွက် ဝယ်စားနိုင်တယ်လေ။

ကိုကျော်မြင့် ဆက်သွယ်ရေးရုံး အသွား မခင်ပုဈေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ခင်းနေတုန်း ကြက်သားကြော်နဲ့ ငါးရံ့ကြော် နှစ်ပန်းကန်မှာ ငါးရံ့ကြော်တွေချည်း စားသွားပြန်ရော။ ဒေါ်ဂျီဘူးရဲ့ ငါးပတ်ချက်ကို မောင်မိုး ဝင်တွယ်ပြီး ငါးရက်အကြာမှာပေါ့။ ကိုကျော်မြင့်ရော မခင်ပုပါ အပင်ပေါ်မှာ မှည့်နေတဲ့ သဘော်သီးကြီးတွေ၊ အနားမှာချထားတဲ့ ငှက်ပျောဖီးတွေဘက် ရန်မမူတာကို ကျေးဇူးတင်ကြသေးတယ်။ ဒေါ်ဂျီဘူးလိုပဲ ဆရာတော်ဆီကို သူတို့လာမလျှောက်ထားကြဘူး။ သူတို့ ဇနီးမောင်နှံက ဘာဟင်းနဲ့မဆို ထမင်းစားနိုင်တယ်လေ။ ကုသိုလ်ရတယ်လို့တောင်မှ ထင်ကြတဲ့ လင်မယား။ သူတို့လည်း မောင်မိုးကို ချစ်ကြခင်ကြတယ်။ ငှက်ပျောခိုင်ခုတ်ပြီးရင် ဘုန်းကြီးတွေ ဘုဉ်းပေးရအောင်၊ မောင်မိုးလည်း စားရအောင် မြို့မကျောင်းကို လာလှူကြမယ်လို့ တိုင်ပင်ထားကြတဲ့ လင်မယား။

နောက်နှစ်ရက်အကြာမှာတော့ ဒေါ်ကော့မိုင်အိမ်က ငါးခူတွေ မောင်မိုးလက်ချက် မိသွားတယ်။ သူ့ခမျာ သားသမီးသုံးယောက်နဲ့။ ဒီနေ့မှ ကျောင်းပိတ်ရက်မို့ သားကြီး ကွန်ပစ်ရာကနေရတဲ့ ငါးခူ ငါးကျည်းတွေကို တစ်ခါတလေ စားရတာပါလေဆိုပြီး ဆီလေးပျားလေးနဲ့ စိုစိုဖတ်ဖတ်လေး ချက်ထားရှာတာ။ လူကြီးတစ်ယောက်နဲ့ ကလေးသုံးယောက်စာ ကုန်ပါလေရောလား။ ကလေးတွေ အိမ်ရှေ့မှာ ကစားနေတုန်း မောင်မိုး နောက်ဖေးကလှည့်ဝင်သွားတာ။ ဝက်ဝံဆိုတော့ မုဆိုးမအိမ်ရယ်လို့လည်း ဘယ်သိလိမ့်မတုံး။ သူသိတာ ငါးညှီနံ့၊ ငါးဟင်းနံ့၊ ငါးအရသာကိုပဲသိတာ။ ဒေါ်ကော့မိုင်ကတော့ ဆရာသိရအောင် လာလျှောက်ထားတယ်။ ဒကာမကော့မိုင် ကျေနပ်အောင် ဆရာတော်က

www.burmeseclassic.com

www.burmeseclassic.com



နှစ်သိမ့်ရင်း ဆန်နှစ်ပြည်နဲ့ ကြက်သွန်နီ၊ ခရမ်းချဉ်သီးတွေ စွန့်လိုက်တယ်။

မြို့မကျောင်း ဆရာတော် ဦးဥတ္တမက ကမ္ဘာကြီးနေ့တိုင်း ဘာတွေဖြစ်ပျက် နေသလဲ။ ဆားရ်(စ်)ရောဂါ အကြောင်း၊ ပါလက်စတိုင်း - အစ္စရေးပြဿနာ၊ အီရတ်အပစ်အခတ်၊ မုန်တိုင်းသတင်း၊ ငလျှင်သတင်း၊ ရွေးကောက်ပွဲ အနိုင်အရှုံးအားလုံးကို ရေဒီယိုကတစ်ဆင့် သူသိနေတယ်။ သူသိတင်းသုံးတဲ့ မြို့ကလေးမှာဘာဖြစ်သလဲ ဆိုတာလည်း ဆရာတော်က သိနေတာပဲ။ ဒေါ်ဂျီဘူးအိမ်နဲ့ ကိုကျော်မြင့်တို့အိမ် မောင်မိုးဝင်တာလည်း ရေဒီယိုကမလာပေမယ့် ဝံသတင်း လူချင်းဆောင်တတ်တာပဲ ဟုတ်လား။

ဒီပုံအတိုင်း လွှတ်ထားလို့တော့ မဖြစ်တော့ဘူး။ တော်တော်ကြာ ဒီထက်ပို အတင့်ရဲလာရင် မောင်မိုးရဲ့ အသက်အန္တရာယ်စိုးရိမ်ရတယ်လို့ ဆရာတော်က စဉ်းစားမိတယ်။ မဖြစ်သင့်တာတွေမဖြစ်စေချင်ဘူး။ မောင်မိုးကို ဆုံးမတဲ့ အနေနဲ့ သူငယ်ငယ်ရောက်ခါစက အိပ်ခဲ့တဲ့ လှောင်အိမ်ထဲမှာ ထည့်ထားဖို့ ဆရာတော်ကမိန့်တယ်။

မောင်မိုးကို ကျွန်တော်တို့ပဲ လှောင်အိမ်ထဲ ချော့မော့ပြီးထည့်ရတာလေ။ လူလောက်နီးနီး တတ်နေမှတော့ သူ့ကို လှောင်အိမ်ထဲ ထည့်ထားမယ် ဆိုတာလည်း သူက သိနေပြီလေ။ သူမဝင်ချင်ဘူး။ ဝေ့လည်ကြောင်ပတ်နဲ့ ပေစောင်းစောင်း ရှုသိုးသိုး လုပ်နေတယ်။

“ လာ ညီလေး လာ ”

သူက မလာဘူး။

www.burmeseclassic.com

www.burmeseclassic.com



“ မောင်မိုးက လိမ္မာတယ်။ လာ အစ်ကို့နားလာ ”

ဘယ်လိုချော့ခေါ်လို့မှ မရဘူး။ သူကြောက်ချစ်တဲ့ ဦးပဉ္ဇင်းဖြူရှိတယ်။ ဦးပဉ္ဇင်းဖြူကို သွားလျှောက်ကြတော့မှ ဦးပဉ္ဇင်းဖြူက -

“ ဟော့ကောင် မောင်မိုး မဝင်ဘူးလား ဝင်မှာလား ” အာလုတ်သံနဲ့ တစ်ချက်တည်း ဝေါက်လိုက်ရတယ်။ မျက်တောင်လေးပုတ်ခတ် ပုတ်ခတ် လုပ်ရင်း ဦးပဉ္ဇင်းကို လှည့်ကြည့်လှည့်ကြည့်နဲ့ ကျွန်တော်တို့ကို အားကိုးမျှော်လင့်တဲ့ အကြည့်နဲ့ ကြည့်ရင်း လှောင်အိမ်လေးထဲ ဝင်သွားရတယ်။ သူ့အကြည့်တွေက ရင်ထဲမချိစရာပါ။ ကျွန်တော့်ကို ပိတ်လှောင်ကြတော့မှာလား၊ ရက်စက်လိုက်ကြတာဗျာဆိုတဲ့ အဓိပ္ပာယ်တွေပါတဲ့ အကြည့်တွေလေ။ ခန္ဓာကိုယ် ဖွံ့ထွားစပြုနေတဲ့ မောင်မိုးအတွက် ငယ်ငယ်ကနေခဲ့တဲ့ လှောင်အိမ်လေးဆိုတော့ နည်းနည်း ကျပ်နေတာပေါ့။

ဘုန်းကြီးက ရေသောက်စရာ အင်တုံတစ်လုံးမှာ ရေအပြည့်ဖြည့်ထားတယ်။ စားဖို့ ထမင်းဟင်းတွေကိုတော့ ကွပ်ကွပ်အိတ်ထဲ ထည့်ပြီး ပေးလိုက်တယ်။ တစ်ခါတလေ သူကြိုက်တဲ့ ငှက်ပျောသီးတွေလည်း ပါတာပေါ့။

ကျွန်တော်တို့နဲ့ တစ်ကြမ်းတည်း အိပ်တဲ့မောင်မိုး၊ ကျွန်တော်တို့ ကျောအောက်မှာ ဖျင်ကြမ်း၊ သူ့ကျောအောက်မှာ ဂုန်နီအိတ်၊ ဒါပဲကွာတဲ့ မောင်မိုး။ ခုတော့ သူ့ခမျာ ငယ်ဘဝကနေခဲ့တဲ့ လှောင်အိမ်လေးထဲ ပြန်ရောက်နေရှာတယ်။ မောင်မိုး ခံစားချက်အပြည့်နဲ့ စူးစူးဝါးဝါးအော်သံ တစ်ချက်တစ်ချက် ပေါ်လာတတ်တယ်။ ကျွန်တော်တို့ တော်တော်နဲ့ အိပ်မပျော်ကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



စိတ်လက် မချမ်းမသာနဲ့ ဖြတ်ကျော်ခဲ့ကြရတဲ့ ညတွေပေါ့။

မနက် ကျွန်တော်တို့ ထမင်းကြမ်း စားမယ်လုပ်ကြတော့ မောင်မိုးကို အရင်ဆုံး သတိရမိတယ်။ သူ့အတွက် ကြွပ်ကြွပ် အိတ်ထဲ ထမင်းကြမ်းနဲ့ ပဲဟင်း နယ်ဖတ်ပြီး အရင်သွားပို့လိုက်တယ်။ ကျွန်တော်က စေတနာပိုပြီး နည်းနည်းပိုထည့်သွားတယ်။ ထမင်းထုပ်ကိုင်ပြီး လာနေတဲ့ ကျွန်တော့်ကိုသူ ရွှင်လန်းတဲ့မျက်နှာနဲ့ကြိုလိမ့်မယ် ထင်တာ။ မဟုတ်ဘူး။ သူ ဝမ်းနည်းနေတယ်။

ကျောင်းတတ်ချိန် ဆရာမ ဒေါ်ဒီခေါ်န်တောင် ကျောင်းကိုလာတော့ မောင်မိုးအတွက် ဖီးကြမ်းငှက်ပျောသီးက နှစ်လုံး။ ဆရာတော်ကို ဒီကိစ္စ တင်လျှောက်ချင်ပေမယ့် ဆရာတော့် အကြောင်းသိနေလို့ မလျှောက်ရဲဘူး။ မောင်မိုးဆီ တောက်လျှောက်သွားပြီး ဆရာမကိုယ်တိုင် ငှက်ပျောသီးတွေ သွားကျွေးတယ်။ ဆရာမကို မြင်မြင်ချင်း မောင်မိုးအော်တဲ့ အသံဟာ ကျွန်တော်တို့အားလုံး တစ်ခါမှ မကြားဖူးတဲ့အသံပဲ။ ညတုန်းက အော်တဲ့ အော်သံထက် စူးတယ်။ လှိုက်လှဲဝမ်းနည်းသံ စွက်ထားသလိုပဲ။ ဆရာမနဲ့ လှောင်အိမ်ထဲက ဝက်ဝံတို့ ဘယ်သူက အရင်မျက်ရည်တွေဝဲကြတယ် မသိနိုင်ဘူး။

အဲဒီနေ့က ကျောင်းတက်ချိန်မှာ မင်္ဂလာပါလို့ သံပြိုင်အော်ခဲ့ကြပေမယ့် စာသင်ခန်းတွေဟာ အသက်မဝင်ဘဲ တစ်စုံတစ်ခု လစ်ဟာနေသလိုပဲ။ ဆရာတွေရော ကျောင်းသားတွေပါ စာသင်ရတာ စိတ်မပါကြဘူး။ တကယ်တော့ ကျွန်တော်တို့ရဲ့ သူငယ်ချင်းတစ်ယောက် လျော့နေတာ မဟုတ်လား။ နေ့ကောင်းလို့ ခွင့်တိုင်ထားတဲ့ ကျောင်းသားမဟုတ်သလို သူက ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့နဲ့ အဝေးကြီးမှာမှမဟုတ်ဘဲ။ ကျွန်တော်တို့ စာအံသံကြားရင် သူ ဘယ်လို ခံစားနေရရှာမှာပါလိမ့်။ ကျွန်တော်ကတော့ ခပ်တိုးတိုးပဲ စာအံလိုက်တယ်။ မောင်မိုးကလည်း သူ့သူငယ်ချင်းတွေ စာသင်ပျက်မှာ စိုးတယ်ထင်ပါရဲ့။ ဘာအသံမှ ထပ်မပြုဘူး။

မောင်မိုးအတွက် စားစရာတွေ ပို့မြဲပို့တယ်။ သူကြိုက်တဲ့ ငါးဟင်းကို ဦးပဥ္စင်းဖြူက ဘုဉ်းမပေးဘဲ မောင်မိုးက ပိုကြိုက်တယ်ဆိုပြီး ကိုယ်တိုင် နယ်ဖတ်ကျွေးသေးတယ်။ မောင်မိုးကို ချော့တာတစ်မျိုးပေါ့။ ဒါပေမယ့် အဲဒီအချိန်မှာ မောင်မိုးက ဦးပဥ္စင်းဖြူကို ကြည့်တဲ့အကြည့်က သိပ်ထူးဆန်းတယ်။ ဒီအကြည့်ကိုဘယ်သူမှ အဓိပ္ပာယ်မဖွင့် တတ်ကြဘူး။

စူးစူးဝါးဝါး အော်သံကြီးတစ်ချက် ပေါ်လာတယ်။ မောင်မိုးအော်လိုက်တာ မဟုတ်ဘူး။ ဆရာမ ဒေါ်ဒီခေါန်တောင်ရဲ့ စူးစူးဝါးဝါး အော်သံဟာ တစ်ကျောင်းလုံး ထိတ်လန့်သွားတဲ့ အပြင် ကျောင်းနားနီးတဲ့ အိမ်တွေကပါ ကြားကြရတယ်။ လှောင်အိမ်ကျဉ်းလေးထဲမှာ မောင်မိုး လဲကျနေတာကို ဆရာမ အရင်ဆုံးတွေ့တာ။ ကျောင်းဆင်းချိန် အိမ်ပြန်ခါနီး သွားနှုတ်ဆက်တာတဲ့။ အခုတော့ မောင်မိုးက အရင်ဦးအောင် နှုတ်ဆက်သွားပြီ။ အဲဒီလို လဲကျနေတော့မှ လှောင်အိမ်ထောင့်မှာ သူ့ကို ကျွေးထားတဲ့ စားစရာအထုပ်တွေဟာ အထုပ်မပျက် အရာမယွင်းဘူးဆိုတာ တွေ့လိုက်ရတယ်။ ဆရာမရဲ့ ငှက်ပျောသီးတွေလည်း နဂိုအတိုင်း၊ ဦးပဥ္စင်းဖြူရဲ့ ငါးဟင်းနဲ့ နယ်ဖတ်ထားတဲ့ ထမင်းထုပ်က အပေါ်ဆုံးက။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူကျောင်းသားတွေနဲ့ ဦးပဉ္စင်းတွေ အပြေးအလွှားရောက်လာကြတယ်။ လှောင်အိမ်တံခါးသော့ကို အမြန်ပြေးယူကြပြီး အတင်းလှုပ်နှိုးကြတယ်။ သူ့ခန္ဓာကိုယ်လေးက ပူပူနွေးနွေးလေးပဲ ရှိသေးတယ်။ ထမင်းသိုး ဟင်းသိုးနဲ့ပဲ နည်းနည်းရတယ်။

ကျွန်တော်တို့ရဲ့ သူငယ်ချင်းတစ်ယောက်တော့ ကွယ်လွန်သွားခဲ့ပြီ။

ကျောင်းအောက်ထပ် စုပေါင်းအိပ်ကြတဲ့ နေရာ၊ စာသင်ကြတဲ့ ဖျာကြမ်းပေါ်မှာ၊ ပထမ ဆရာတော်ကြီး အထိမ်းအမှတ်ကျောက်စာတိုင်နားမှာ၊ ကျောင်းအပေါက်ဝမှာ၊ ကျွန်တော်တို့ရဲ့ အသည်းတစ်နေရာမှာ၊ ပြီးတော့ မြို့ကလေးရဲ့ နှလုံးသားတစ်နေရာမှာ သူရှင်သန်နေတုန်းပဲ။ ဝက်ဝံကလေး မောင်မိုး၊ မောင်မိုးဆိုတဲ့ ဝက်ဝံကလေး မသေဘူး။ အမြဲရှင်သန်နေတယ်။

ဝက်ဝံကလေးတွေကို ချစ်ခင်တဲ့
ညီပုလေး

www.burmeseclassic.com

www.burmeseclassic.com

# မောင်ညိုပြာ

# ညရဲ့သီချင်းဟာတိတ်ဆိတ်ခြင်းပဲ

*"အချစ်။ စာလုံးနှစ်လုံးတည်းပေမဲ့၊ တစ်ကမ္ဘာလုံးဝိုင်းပြီး ရေးတာခုထက်ထိ မပြီးသေးဘူး။ သူလေ့လာဆည်းပူး ဖတ်ရှုခဲ့သမျှ တွေထဲမှာတော့ အချစ်ဘာသာရပ်ဟာ အကျယ်ဝန်းဆုံး။ အဆန်း ကျယ်ဆုံး။ အလှပဆုံး။"*

www.burmeseclassic.com

www.burmeseclassic.com



# ညရဲ့သီချင်းဟာတိတ်ဆိတ်ခြင်းပဲ

သူငယ်ငယ်ကတည်းက သူ့ဘဝမှာ ကြောက်ရမည့်လူတစ်ယောက် နှစ်ယောက်၊ ချစ်ရမယ့်လူ တစ်ယောက် နှစ်ယောက် အမြဲတန်းရှိနေတတ်ပါတယ်။ သူ့အသက် ၇-နှစ်၊ ၈-နှစ်၊ ၉-နှစ် သုံးနှစ်လုံးလုံး ဘုန်းကြီးကျောင်းသားဘဝမှာ ကျင်လည်နေထိုင်ခဲ့ရတယ်။ ဒီတုန်းကဘုန်းကြီးကျောင်းသားတစ်ယောက်ဟာ သူ့ကို အမြဲတန်းအနိုင်ကျင့်လေ့ရှိတယ်။ ဆရာတော်က ခပ်သုတ်သုတ်ဆောင်ရွက်ဖို့ ခိုင်းလိုက်တဲ့ ကိစ္စတစ်ခုအတွက်၊ သူခပ်မြန်မြန်သွားနေတုန်း၊ အဲဒီကောင်က ခြေထိုးခံလိုက်တော့ မှောက်လျက်လဲသွားတာကို အဲဒီကောင်က ဟားတိုက်နေတယ်။ မကြာမီသူနဲ့ မဟာမိတ်ဖွဲ့ထားတဲ့ တစ်ခြားကျောင်းသားတစ်ယောက်ရောက်လာတယ်။

"ဆရာတော်ကို လျှောက်ရဲရင်လျှောက်ကြည့်။ မင်းကိုအသေသတ်မယ်" တဲ့ သူ့မဟာမိတ်က အသားလွတ်ဝင်ကြိမ်းမောင်းတာလဲ ခံလိုက်ရတယ်။

ဒီလိုသူ့ကို ကြည့်မရတဲ့ လူတွေရှိသလိုကြည့်လို့မဝတဲ့လူတွေလည်းရှိတယ်။ သူ့အဘိုးနဲ့အဘွားဟာ သူ့ကိုအပ်ချစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အရိပ်တကြည့်ကြည့်လုပ်တယ်။ မျက်နှာကောင်းမကောင်း ခိုးကြည့်နေတတ်တယ်။ အထူးသဖြင့် အဖြစ်သည်းတာအဘွားပေါ့။

"ဟင်--ဒီနှုတ်ခမ်းဟာ ဘာလို့ကွဲတာလဲ။ မှန်မှန်ပြောစမ်း။ ဒီမှာကိုပန်းခိုင်။ ရှင့်မြေးကို ဘယ်သူဘာလုပ်လွှတ်လိုက်လဲ မသိဘူး။"

ဆရာတော်ခိုင်းတာကို ခပ်မြန်မြန်ဆောင်ရွက်ဖို့ အပြေးကလေးသွားနေတုန်း၊ ဘုန်းကြီးကျောင်းသားလေးတစ်ယောက်က ခြေထိုးခံလိုက်လို့ မှောက်လျက်လဲသွားတဲ့ အကြောင်းအဘိုးအဘွားများကို ပြောပြလိုက်တော့ အဘိုးနဲ့အဘွားရဲ့ ဒေါသထွက်ပေါက်ကွဲပုံကို ယခုထက်တိုင်သူမြင်ယောင်နေပါသေးတယ်။ စကားတောင်မဆုံးသေးဘူး။ "ဘုန်းကြီးကျောင်းသားတစ်ယောက်က . . . . နေရာပဲရောက်သေးတယ်၊ အဘိုးက သစ်သားတုံးနဲ့ ကြမ်းခင်းကိုဒုံးခနဲထုတယ်။ သူ့လက်ကိုအဘိုးကဆွဲပြီး၊ ဆရာတော်ကြီးထံခေါ်သွားပြီး လျှောက်တော့တာပဲ။ အဘွားက ရွှံနေအောင်ငိုနေရင်းက ဘုန်းကြီးကျောင်း သားအားလုံးရဲ့ ဘဝကိုပြောပြတဲ့အခါအကောင်းဆုံးကဗျာတစ်ပုဒ်လိုထိခိုက်ခံစားသွားကြတယ်။ ဆရာတော်ပါ ငိုင်သွားတယ်။

" စာသင်ကျောင်းမထားနိုင်လို့၊ သေစာရှင်စာ ရေးတတ်အောင်ဘုန်းကြီးကျောင်းမှာ ထားရတဲ့ ဆင်းရဲသားချင်းအတူတူ၊ နင်တို့ ငါ့မြေးကို မစော်ကားကြပါနဲ့ "

အဘိုးက ကျောင်းသားလေးကို ဆရာတော်ကတဆင့်တောင်မဟုတ်ဘူး၊ တိုက်ရိုက်ကြိမ်းမောင်းတယ်။

" စော်ကားတိုင်းခံရမယ့်အစား မဟုတ်ဘူးကွ။ ငါကမင်း

www.burmeseclassic.com

www.burmeseclassic.com



တင်မဟုတ်ဘူး၊ မင်းမိဘတွေကိုပါ လိုက်သတ်ပစ်မှာ ”

အဘိုးက စွတ်ကြိမ်းမောင်းနေပေမဲ့၊ အဲဒီကောင်လေးမှာ မိဘမရှိတော့ဘူး ဆိုတာကို အဘိုးမသိခဲ့။ အဘွားပြောသလို၊ ဘုန်းကြီးကျောင်းထားရတဲ့ ရည်ရွယ်ချက်ဟာ စာသင်ကျောင်းမထားနိုင်လို့၊ သေစာရှင်စာ ဖတ်တတ်အောင် ဆိုတာပြည့်စုံတဲ့ အကြောင်း ပြချက်တစ်ခုတော့ မဟုတ်ပါ။ တစ်ဝက်တစ်ပျက်သာ မှန်ပါတယ်။ မိဘမဲ့သွားသူများနှင့် ဆင်းရဲလွန်းတဲ့ မိဘများက၊ အစစအရာရာ တာဝန်မယူနိုင်တော့တဲ့ အခြေအနေမှာ၊ ဘုန်းတော်ကြီးကျောင်းကို အားကိုးအားထားပြုကာ လာရောက်ထားခဲ့ကြခြင်းပဲ ဖြစ်ပါတယ်။ ဘုန်းတော်ကြီးကျောင်းမှာ သင်အံကျက်မှတ်ရတဲ့ စာတွေကလည်း၊ လောကုတ္တရာစာတွေချည်းပဲဖြစ်တယ်။ ဖြစ်သင့်တာကတော့ ဒီစာပေတွေ တတ်မြောက်ရင်းနှီးပြီးရင်၊ ဘုန်းကြီးတစ်ခါ တည်းဝတ်လိုက်တာ အကောင်းဆုံးပဲ။ ကံကောင်းတာတစ်ခုကတော့ ဦးဇင်းတစ်ပါးက အခြေခံသင်္ချာနည်းတွေ သင်ပြပေးတယ်။ နောင်သူ့ဘဝ အလှည့်အပြောင်းတစ်ခုမှာ၊ အဲဒီသင်္ချာနည်းတွေ အသုံးကျလိမ့်မယ်လို့ သူတွေးတောင်မတွေးမိခဲ့ဘူး။ ဒီကာလမှာ သူကြောက်ရတာ နှစ်ခုရှိသေးတယ်။ ဘုန်းကြီးကျောင်းဝင်းထဲက ညနဲ့ဆာလောင်မွတ်သိပ်ခြင်းတို့ကိုပါပဲ။ ဘုန်းကြီးကျောင်းဝင်း အစပ်မှာ ပျံလွန်တော်မူသွားတဲ့ ဦးဇင်းတွေ၊ ကိုရင်တွေရဲ့ အုတ်ဂူတွေရှိတယ်။ ဒီအုတ်ဂူတွေကိုကျော်လွန်ရင် ကုန်းသေးသေး တစ်ကုန်းရှိပြီးတော့၊ အဲဒီကုန်းကို ကျော်လိုက်တဲ့အခါ၊ မလှမ်းမကမ်းမှာ ဖိဖရွာရဲ့ သုသာန်ရှိတယ်။ ကျောင်းဝင်းထဲမှာ သိမ်တစ်လုံးရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း သိမ်ရဲ့အမိုးမှာ လင်းနို့တွေရှိတယ်။ ထန်းပင်အမြင့်ကြီးပေါ်မှာလည်း လင်းနို့တွေရှိတယ်။ ထန်းပင်ခြေရင်းမှာ လင်းနို့ချေးတွေပုံနေတာပဲ။ ညညအိမ်သာသွားရင် အုတ်ဂူတွေဘေးနားက ဖြတ်သွားရတယ်။

စားသောက်ရေးနဲ့ ပတ်သက်လို့ကတော့ နံနက်စာကပို အဆင်ပြေတယ်။

ညစာကျတော့ ကျောင်းသားကြီးတစ်ယောက်က မနက်က အဆီပြန်ဟင်းနည်းနည်း ချန်ပြီးတော့၊ ညနေကျရင် အရွက်တစ်ခုခုနဲ့ရောချက်လိုက်တဲ့ ဟင်းနဲ့စားရတယ်။ ရေလုံပြုတ်ပဲ။ စားလို့မကောင်းဘူး။ သူတို့ဘုန်းကြီး ကျောင်းသားတွေရဲ့ အမြင့်ဆုံးအိပ်မက်ဟာ အခါကြီးရက်ကြီးပဲ။ အခါကြီးရက်ကြီးမှာ အလှူအတန်းလုပ်တဲ့အခါ၊ မြိန်မြိန်ရှက်ရှက်စားရတယ်။ အလှူအတန်းနဲ့ကင်းဝေးတဲ့ ရက်တွေမှာတော့၊ ရေလုံပြုတ်နဲ့ စားရပြီးတော့၊ အထဲမှာပါတဲ့ အသားဖတ်တွေကိုတော့ အသက်ကြီးကြီးဘုန်းကြီးကျောင်းသားတွေက အပိုင်စီးထားလိုက်ကြတယ်။ တစ်ခါတစ်ခါ ပြည်ပန်းညိုရွက်နဲ့ အသားနဲ့ချက်တဲ့ဟင်းမှာ ခူကောင်တွေတောင်ပါတယ်။ သူကရွံတတ်တယ်။ သူထမင်းဆက်မစားတော့ဘူး။ သွန်ပစ်လိုက်တယ်။ သွန်ပစ်ရင်း သူ့အဘွားကို မြင်ယောင်လာတယ်။ သူ့ဘဝရဲ့အကြောင်းတရားကို ရင်ဆိုင်ပေးမယ့် ဂါထာတစ်ခုလို သူ့ရင်ခုန်သံကတောင် “ အဘွား. . . အဘွား ” လို့ရွတ်ရင်း၊ အဘွားအိမ်ကို သူတစ်အားပြေးတယ်။ အဘွားအိမ်နဲ့ ဘုန်းကြီးကျောင်း နှစ်မိုင်လောက်ဝေးတယ်။

အဘွားက အလတ်စားဇလုံတစ်လုံးထဲမှာ ထမင်းတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဟင်းတွေပုံထည့်ပေးတယ်။ငါးဟင်းတွေ အများကြီးထည့်ပေးတယ်။ သူ အားရှိပါးရှိ စားလိုက်တာ လောကကြီးနဲ့သူ့အဘွားကိုတောင် ခေတ္တမေ့သွားသလိုလိုပဲ။ အဘွားကတော့ အိမ်အလုပ်တွေလုပ် နေရင်းသူစားတာကို ခိုးကြည့်နေတယ်။ မြိန်မှမြိန်ရဲ့လားပေါ့။ အဘိုး ကသူ့ဗိုက်ကို လက်နဲ့စမ်းကြည့်ပြီး၊ သူ့ပါးကိုတစ်ချက် ဆွဲလိမ်သေးတယ်။ သူပြန်မယ်လုပ်တော့ အဘွားကသူ့ပါးကို တစ်ချက်နမ်းတယ်။ သူတစ်ခါတစ်ခါမှာ ဆရာတော်ရိုက်တာ ခံရတတ်တယ်။ သူခုလို ကျောင်းကနေရှုတ်တရက် ပျောက်သွား တဲ့အခါပေါ့။ အဘွားဆီသွားတတ်တဲ့ အခါတွေပေါ့။ အဲဒီနေ့ မှာလည်းပဲ ဆရာတော်ကကြိမ်လုံးနဲ့ စောင့်နေတယ်။ သူ ဆရာတော်ကို ကြောက်ကြောက်နဲ့အဆက်မပြတ် ဦးချနေမိတယ်။ စားသောက်လို့ရလာတဲ့ကျေနပ်မှုတွေတောင်ဘယ် ရောက်ကုန်လဲ မသိဘူး။ ဆရာတော် ကမေးတယ်။ စာအံချိန်ကို မေ့နေပြီးလားလို့ မေးနေတယ်။

“ တပည့်တော်ရဲ့ အဘွားဖျားနေပါတယ်။ အဘွား တော်တော့ကို ဖျားနေလို့တပည့်တော် သတင်းသွားမေးတာပါ ဘုရား ”

“ အိမ်း. . . အခုမင်းကို မရိုက်သေးဘူး။ မင်းအဘွား မဖျားဘူးဆိုတာ ငါသိတဲ့နေ့မှာ ငါနှစ်ဆရိုက်မယ်။ ”

သူ့ကိုတစ်ခြား ဘုန်းကြီးကျောင်းသားတွေက “ ဘုန်း ကြီးအချစ်တော် ” လို့ခေါ်ကြတယ်။ သူလက်မခံဘူး။ မျက်ရည် တွေကြားထဲက သူခေါင်းခါနေမိတယ်။ အဘွား မဖျားဘူးဆိုတာ ဆရာတော်က သိသွားလို့၊ ထန်းလက်တုတ်နဲ့ ရိုက်တာပေါ့။ ဘုန်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးကျောင်းသား တွေဟာအရွယ်အစား အမျိုးမျိုးရှိတယ်။ အသက် ၈နှစ်ကနေ အသက်၂၀ အထိရှိတယ်။ အသက်၂၀ လောက်ရှိလာတဲ့အခါမှာတော့၊ ဘုန်းကြီးကျောင်းက ကျွေးမွေးလိုက်တဲ့ အစားအသောက်တွေကြောင့်၊ ခွန်အားတွေလည်း ပြည့်နေပြီ။ လယ်ကူလီ၊ စာရင်းငှါး၊ စတဲ့အလုပ်တွေ လုပ်စားဖို့ အရွယ်နဲ့ခွန်အားတွေ အဆင်သင့် ဖြစ်နေပြီမို့၊ ဆရာတော်ကလည်း လက်မခံတော့ဘူး။ ဆရာတော်ကို လာလာဖူးတတ်တဲ့ စာသင်ကျောင်းက ဆရာတစ်ယောက်ကပြောတယ်။

" ဘုန်းတော်ကြီးကျောင်းတွေဟာ လူမှုရေး အခက်အခဲတွေကိုဖြေရှင်းပေးတဲ့၊ မွန်မြတ်တဲ့ ယဉ်ကျေးမှုထွန်းကားတဲ့ နေရာပဲ " တဲ့။

ဟုတ်ပါရဲ့။ ဘုန်းတော်ကြီး ကျောင်းတွေဟာ ဆင်းရဲနွမ်းပါးတဲ့လူတွေ၊ တည်းခိုစရာ မရှိတဲ့လူတွေအတွက် အကူအညီပေးတတ်တဲ့ အစဉ်အလာ ကောင်းတွေထွန်းကားတဲ့ နေရာပဲ။ လူတွေတင်မဟုတ်သေးဘူး။ ခွေးတွေတောင် အကောင်သုံးဆယ်လောက်ရှိတယ်။ စာအံသံတွေ၊ ကြေးစည်သံတွေ၊ အုန်းမောင်းခေါက်သံတွေ၊ ကျောင်းဝန်းထဲက စိုင်သရက်ပင်အောက် သရက်သီးမှည့်ကောက် စားခဲ့ရတာတွေ၊ ဆီးဖြူပင်အောက် ဆီးဖြူသီးကောက်စားခဲ့ရတာတွေ၊ ဆရာတော်ရဲ့ ကြည်ညိုဖွယ်မျက်နှာတွေ၊ အဘိုးနဲ့အဘွား တွေ၊ ဒေါ်လေး ဒေါ်ကြီးတွေ၊ ဦးလေး ဦးကြီးတွေ၊ ဝမ်းကွဲညီအစ်ကိုမောင်နှမတွေ၊ သူရှင်းရှင်းလင်းလင်းကြီး ထင်ထင်ရှားရှားကြီးတွေ့နေရတယ်။ ဒီလိုတွေ့နေမှတ်မိနေတာဟာ တစ်ခြားကြောင့်မဟုတ်ဘူး၊ သူသိပ်လွမ်းနေလို့ပေါ့။ ဒီအချိန်ကစပြီးသူ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ဘုန်းကြီးကျောင်းသား ပြန်မဖြစ်တော့ဘူး။ အခုသူ ရန်ကုန်မြို့တော်ကို ရောက်နေပြီလေ။

ဘဝတူ ကျောင်းသားတွေထဲက သူ့ကိုအနိုင်ကျင့်တဲ့ ကျောင်းသားနှစ်ယောက်ကို မြင်ယောင်မိတဲ့အခါ၊ သူလက်သီးကို ကျစ်ကျစ်လျစ်လျစ် ဆုပ်ထားလိုက်မိတယ်။ စာအံသံတွေနဲ့ ဆရာတော်ကို သတိရတဲ့အခါ၊ သူဆုပ်ထားတဲ့ လက်တွေလျော့ရဲရဲ ဖြစ်သွားတယ်။ အဘိုးနဲ့အဘွားကို သတိရတဲ့အခါမှာတော့၊ သူ့လက်နှစ်ဖက်ကိုဖြန့်ပြီး နဖူးပေါ်မှာ အုပ်ထားလိုက်တယ်။ သူ့မျက်ဝန်းတွေထဲက မျက်ရည်စီးကျလာတယ်။ ဒီလိုမျက်ရည်တွေစီးကျလာတာဟာ အတိတ်ကိုလွမ်းလို့ ချည်းပဲမဟုတ်ဘူး။ အနာဂတ်ကို ကြောက်တာလည်း ပါတယ်။ ညညကျရင် သူကြောက်ရတာတွေထဲမှာ အဘွားကိုလွမ်းတဲ့ စိတ်လည်းပါတယ်။ သူ ရန်ကုန်ကိုရောက်ခဲ့ရတဲ့ အကြောင်းကို အတိုတကာ့အတိုဆုံး ပြောရရင်၊ အမေဆုံးသွားတော့ နောက်အိမ်ထောင် ပြုသွားတဲ့အဖေက ကျောင်းထားပေးဖို့ လှမ်းခေါ်လိုက်တာပဲ ဖြစ်ပါတယ်။

ကမ္ဘာကြီးက မွေးထုတ်လိုက်တဲ့ လူသားတွေထဲမှာ ရိတတ်ခနဲ့တတ်တဲ့ လူတစ်မျိုး အမြဲတန်းပါလာတတ်တယ် ထင်တယ်။

" တောသား ဗိုက်ပူနံကား "

စာသင်ကျောင်း ရောက်တော့လည်း၊ ၄-တန်းကျောင်းသားတစ်ယောက်က သူ့ကို အနိုင်ကျင့်တာ ခံရပြန်တယ်။

' ငါ့မြေး. . . ဆယ်တန်းအောင် အောင်ကြိုးစား။ ရန်မဖြစ်နဲ့ "

အဘွားမှာထားလို့သာပေါ့။ ဒီလိုမှမဟုတ်ရင် သူဆွဲထိုး

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိမှာ အမှန်ပဲ။ ဒါပေမယ့် ကျောင်းအုပ်ဆရာကြီးဟာ သူ့အပေါ် စာနာထောက်ထား သနားကြင်နာတယ်။ ဒါဟာ သူ့အတွက် မြို့တော်ရဲ့အကောင်းဆုံး လက်ဆောင်ပါပဲ။ အကြောက်တရားရဲ့ ဆန့်ကျင်ဘက် အချစ်တရားပါပဲ။ တကယ်ဆိုတော့ အကြောက်တရားထဲမှာ အမုန်းတရား ငြီးငွေ့ခြင်းများနှင့် မယုံကြည်ခြင်းများလည်း ပါဝင်နေကြောင်း နောင်သူ စာရေးဆရာတစ်ယောက်ဖြစ်လာတဲ့ အခါ သူခွဲခြမ်းစိတ်ဖြာ သဘောပေါက်နေမိတယ်။ ရန်ကုန်မြို့တော်ကို ရောက်ပြီးနေရထိုင်ရတာ အသားကျလာတဲ့ အခါ ရွာကဘဝတူ ဘုန်းကြီးကျောင်းသားတွေကို သူသတိရပေမယ့် သူ့ကိုမုန်းတဲ့ သူကြောက်ရတဲ့ ဟိုကျောင်းသားနှစ်ယောက်ကို သူစိတ်မနာတော့ဘူး။ ပြီးပြီးတာလည်း ပြီးပါစေသဘောထားမျိုး သူထားနိုင်ခဲ့တာကို သူတွေ့ရတယ်။ အတိတ်ပစ္စုပ္ပန်နဲ့ အနာဂတ်သုံးမျိုးထဲမှာ ပစ္စုပ္ပန်သာ အရေးကြီးဆုံးဆိုတာ သူခံစားလာရတယ်။ အနာဂတ်ဆိုတာ တစ်ချိန်ကျရင် ပစ္စုပ္ပန်ဖြစ်မှာမို့ သိပ်အရေးကြီးတယ်လို့ ပြောလို့မရဘူး။ ပစ္စုပ္ပန်တည့်တည့်လူဖြစ်ရတဲ့ ဘဝလှပဖို့သာအဓိကလို့ သူတွေးမိတယ်။ သူများပစ္စုပ္ပန်ဟာ ကိုယ်ပစ္စုပ္ပန်မဖြစ်ခင် ကိုယ်သေချင်သေသွားမှာ မဟုတ်လား။ သူဟာ ငယ်ငယ်ကတည်းက လေးလေးနက်နက် တွေလျှောက်စဉ်းစားတတ်တယ်။ သူ့မိထွေးဟာ မိန်းမချောတစ်ယောက်ပါ။ အသက် ၃၇-နှစ်မှာ သူမဆုံးသွားတယ်။ အပျိုဘဝနဲ့ မုဆိုးဖိုကို ယူလိုက်ရပေမယ့် ဘာမှမဝတ်မစားရတဲ့ အပြင်၊ ဒုတိယမယားအခေါ်ခံရသေးတယ်။ ဒါတွေကို နောက်ပိုင်းကျမှ သူခွင့်လွှတ်စာနာနားလည်လာတာပါ။ ခပ်စောစောပိုင်းကဆို သူမိထွေးကို သူ

www.burmeseclassic.com

www.burmeseclassic.com



အလိုလိုကြောက်နေတယ်။ မယားပါ သားသမီးများနဲ့ မိထွေးကြား နောက်ခံသမိုင်း ကြောင်းတွေက မကောင်းခဲ့ဘူး မဟုတ်လား ”

“ ဗိုက်ပူနံကား တောသား ” လို့ခေါ်ပြီး ရန်စတတ်တဲ့ ကောင်လေးတွေ သုံးယောက်လောက်တောင် စုဆောင်းမိတဲ့ အချိန်မှာတော့ ကံကောင်းထောက်မစွာပဲ သူအလယ်တန်း ကျောင်းသား ဘဝရောက်သွား ပါတော့တယ်။ ကျောင်းပြောင်းခဲ့ရတယ်။

အလယ်တန်းကျောင်းသား ဘဝမှာသင်္ချာဆရာကြီး ဦးလှမောင်ဟာ သူ့ကိုသိပ်ချစ်တယ်။ အိမ်ခေါ်ပြီးစာပြတယ်။ ထမင်းကျွေးတယ်။ ဒါပေမယ့် ဘယ်လိုမျိုးဆုတောင်း မသိဘူး။ သူကြောက်ရမယ့် လူတွေ ဒါမှမဟုတ် အခြေအနေတွေ အမြဲတန်းရှိနေတတ်တာ အဘိုးဆုံးသွားတယ်။ အဖေစီးပွားရေး မကောင်းဘူး။ ညကျထမင်းဝိုင်းမှာ ဘာမှအလုံအလောက် မရှိဘူး။ အလျှံပယ်ရှိနေတာကတော့ စိုးရိမ်ကြောက်လန့်မှုတွေ။ စားဝတ်နေရေးအတွက်စိုးရိမ်သောက ဖိစီးမှုတွေဝိုင်းဝိုင်းလည် နေတယ်။ အစ်မတို့အိမ်ကို ပြောင်းရွှေ့ရတယ်။ အလယ်တန်း ကျောင်းသားဘဝမှာသူတွေ့ရတဲ့ တစ်ခြားအခက်အခဲတစ်ခုကတော့ အဝတ်အစားလုံလုံလောက်လောက် မရှိဘူး။ ရှိတဲ့အဝတ်အစားတွေကလည်း ဆွေးချင်စုတ်ပြဲချင်။

“ အဖေ. . ကျွန်တော်ကို ပုဆိုးတစ်ထည်လောက် ဝယ်ပေးပါ ”

အစ်မတို့ အိမ်ကနေ၊ အဖေအလုပ်လုပ်တဲ့ နေရာသွားပြီးပူဆာတယ်။ လမ်းကြုံလို့သွား ပြောတဲ့ပုံစံမျိုးမဟုတ်ဘူး။ နှစ်ညလောက်စဉ်းစားဆုံးဖြတ်ပြီးမှ လာခဲ့တာပါ။ အဖေ့အလုပ်ကိုမှ

www.burmeseclassic.com

www.burmeseclassic.com



သူလာခဲ့တာကတော့ သူ့ပုဆိုးဝယ်ပေးဖို့ ပူဆာတာကို သူ့မိထွေး အပါအဝင် ဘယ်သူမှ မသိအောင်လို့ပေါ့။ ဒီလိုနဲ့ အဖေ့ဆီက တစ်လလောက်ကြာတဲ့ တိုင်အောင် ဘာသတင်းမှ မကြားရဘူး။ သူညညတွေမှာ အဖေ့ဆီသွားဖို့ အားတင်းစဉ်းစားရပြန်တယ်။ သူ သူ့အဖေအလုပ်လုပ်တဲ့ နေရာကိုသွားပြန်တော့ သူလာနေတာကို သူ့အဖေ အဝေးကြီးကတည်းက တွေ့တယ်။ မျက်နှာပျက်နေတယ်။

" အဖေ. . ကျွန်တော်ကို ပုဆိုးတစ်ထည် လောက်ဝယ်ပေးပါ။ ကျွန်တော့် ပုဆိုးတွေက စုတ်ပြဲနေလို့ပါ "

အခုတစ်ခါတော့ ဇာတ်နာအောင်နဲ့ ပိုပြီးစည်းရုံးရေး ကျအောင် သူ့ဝါကျတစ်ကြောင်းပို ပြောထည့်လိုက်ပါတယ်။ အဖေနဲ့သားဆက်ဆံရေးဟာ ခြောက်ကပ်ကပ်ကြီး ဖြစ်နေတာ၊ ငွေရေးကြေးရေး အခက်အခဲက ကြားကနေခံနေလို့ ဖြစ်တယ်ဆိုတဲ့ အကြောင်း နောင်သူ့အသက်ကလေး ရလာတော့မှ သဘောပေါက်သွားတယ်။

အလယ်တန်း ကျောင်းသားဘဝမှာ ကမ္ဘာကြီးကမှား ယွင်းစွာမွေးထုတ် ပေးလိုက်တဲ့ အပြစ်အနာအဆာ နှစ်ကောင်နဲ့ တွေ့ရပြန်တယ်။ သူသည်းခံနိုင်ရည် မရှိတော့ဘူး။ ဘုန်းကြီးကျောင်းသား ဘဝ၊ မူလတန်းကျောင်းသားဘဝ တစ်လျှောက်လုံး သည်းခံလာခဲ့ရတယ် ဆိုတော့သည်းခံနိုင် ခြင်းကိုယ်ခံအားတွေ လက်ကျန်မရှိတော့ဘူး။ ဒီလောကမှာ ပုတဲ့ လူကို " ဂျပု " လို့ခေါ်တာကို အရှုံးပေါက လွဲလို့ဘယ်သူမှကြိုက် မှာမဟုတ်ဘူး။ သူ့လက်သီးကို ကျွဲပခုံး ထအောင် နံရံတွေကိုထိုးတယ်။ သဲအိတ်

www.burmeseclassic.com

www.burmeseclassic.com



တွေကို ထိုးတယ်။ အဲဒီကောင် နှစ်ကောင်ကသူ့ နောက်ကခုံ တန်းလျား မှာထိုင်တယ်။ သူ့နားရွက်ကို လက်နဲ့တောက်တယ်။ လှည့်ကြည့်လိုက်ရင် အိန္ဒြေရရ စာရေးနေကြတာကို တွေ့ရတယ်။ သူတို့လက်နဲ့တောက်တာ နာရီရှိတယ်။ တစ်မိနစ်လောက် မှ တစ်ခါတောက်တယ်။ တောက်လောက်တဲ့ အချိန်ကိုခန့်မှန်း ပြီးလှည့်ကြည့်လိုက်တဲ့ အခါ၊ ဟိုကောင်တစ်ကောင်ရဲ့ လက်ကို လေထဲမှာ မြောက်လျက်သား တွေ့ရတယ်။ တွေ့ရတယ်ဆိုရင်ပဲ သူ အဲဒီကောင့် မျက်နှာကိုလက်သီး နှစ်လုံးကိုတွန်းကန်အား အပြည့်နဲ့သွင်းလိုက်တယ်။ အဲဒီကောင့် မျက်ခုံးမွေးစုတ်ပြတ်ထွက် သွားပြီး သွေးတွေစီးဆင်းလာတယ်။ အတန်းပိုင် ဆရာမအတော့် ကိုစိတ်ဆိုးသွားတယ်။

“ နင့်ကိုလုပ်ရင် ငါ့ကိုတိုင်ပါလား။ ငါရှိနေရက်သားနဲ့ နင်လုပ်ရက်တယ်။ ဆရာကြီးသိရင် ပြသနာတွေ ရှုပ်ကုန်တော့ မယ်။ လာစမ်း၊ လက်ဖဝါးဖြန့် ” ဆရာမဟာသူ့ကို ဒန်ပေတံနဲ့ ၁၅ ချက်တအားလွှဲရိုက်တယ်။ ဆရာမ မျက်ရည်တွေဝဲ နေတယ်။ တစ်ချက်ရိုက်ပြီးတိုင်း “ နောက်လုပ်ဦးမှာလား ” လို့မေးတယ်။ ၁၄ ချက်မှာ “ ကြောက်ပါပြီ ဆရာမ ” လို့ သူပြောလိုက်တယ်။ ၁၅ ချက်မြောက်မှာတော့ သူ့ပါးပြင် နှစ်ဖက်ပေါ်မှာ မျက်ရည် တွေလိမ့်ဆင်းလာတယ်။ ဆရာမဟာ နောက်နောင်ကို တစ်ခြား ကျောင်းသားတွေ အတုမြင်အတတ်သင်ကြမှာ စိုးလို့စံပြရိုက်ပြ နေတာလည်း ဖြစ်နိုင်တယ်။ တော်ပါသေးတယ်။ သူ့လွယ်အိတ် ထဲမှာ အုတ်ခဲကျိုးနှစ်လုံးပါတာ ဆရာမမသိသေးလို့။ ကျောင်းလွှတ် တော့ အုတ်ခဲကျိုးတွေကို သူအပြီးအပိုင် လွှင့်ပစ်လိုက်တယ်။ သူ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ရန်မဖြစ်တော့ဘူး။ သည်းခံတော့ မယ်လို့သူဆုံးဖြတ်လိုက်တယ်။ သူကျောင်း ၃-ရက်မတတ်ဘူး။ ဆရာမ အိမ်လိုက်လာတယ်။ သူဖျားနေတာကို ဆရာမကတစ်မျိုး အဓိပ္ပာယ်ကောက်သွားတယ်။ ဆရာမဟာ ဖူးဖူးယောင်နေတဲ့ သူ့လက်ကိုကြည့်ပြီး စိတ်ထိခိုက်သွားပုံရတယ်။ သူ ဆယ်တန်းရောက်တော့လည်း၊ ရန်စတဲ့ကောင်တွေ၊ နှိမ်တဲ့ကောင်တွေ တစ်ယောက်နှစ်ယောက် တွေ့ရပြန်တာပါပဲ။

ဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်သွားတဲ့ အခါ၊ သူကြောက်ရတဲ့ အရာနှစ်ခုဟာ လူမဟုတ်ဘူး။ ရူပဗေဒဘာသာရပ်နဲ့ ပိုက်ဆံဆိုတဲ့ ဘာသာရပ်ပါပဲ။ တစ်နေ့မှ ၁-ကျပ်ပဲရတယ်။ သာကေတကနေ စက်ဆန်းကိုသမ္ဘာန်နဲ့ကူးတာ ငါးပြား၊ စက်ဆန်းကနေ မြေနီကုန်းအထိကားခ ၃၅-ပြား။ မြေနီကုန်းကနေ လိပ်ခုံးတက္ကသိုလ်ကိုကားခ ၁၀-ပြား။ အသွားအပြန် တစ်ကျပ်တိတိ။ မုန့်မစားရဘူး။

အော်. . . မေ့နေလို့။ သူ ၈-တန်းကျောင်းသား ဘဝမှာ အဘွားဟာ အစ်မတို့နဲ့လာနေတယ်။ အဘွားစုထားတဲ့ ပိုက်ဆံနဲ့ ပုဆိုးတစ်ဝယ်ပေးတယ်။ ပုဆိုးဟာ သိပ်လှတယ်လို့ သူယူဆပြီး၊ နံနက် ၄နာရီထိုးလောက်မှာ လည်းထထကြည့်တယ်။ တရေးနိုးတော့လည်း ထကြည့်တယ်။ တန်းပေါ်မှာလွှားထားပြီး၊ လည်ပင်းစောင်းပြီးတော့လည်း ကြည့်တယ်။ အိပ်ပြီးတော့လည်း ကြည့်တယ်။

တက္ကသိုလ်တက်တုန်းက သူ့သူငယ်ချင်း တစ်ယောက်က လက်ဆောင်ပေးလို့ သူ့ဘဝမှာ ပထမဆုံးအကြိမ် နာရီတစ်လုံးပတ်ဖူးတယ်။ နာရီဟာ စက်သိပ်မကောင်းဘူး။ မကြာခဏ ရပ်နေ

www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်။ လက်ကို ခပ်ပြင်းပြင်းလှုပ်လိုက်မှ ဆက်သွားတယ်။ သူငယ်ချင်းတွေနဲ့ စကားပြောနေစဉ်၊ နာရီရပ်နေရင် အုတ်နံရံကို ပုတ်ပြီးတော့ သူစကားဆက်ပြောတယ်။ ဒီတော့မှ နာရီလည်း ဆက်သွားတော့တယ်။ သူ့နာရီဟာ တကယ့်အစုတ်ကြီး ဆိုတာကို ချမ်းသာတဲ့ ကျောင်းသားတစ်ယောက်က ရိပ်မိသွားပြီး သူ့ကိုနှိမ်တယ်။ ပထမနှစ်မှာမဟုတ်ဘူး။ နောက်နှစ်ကျမှ အဲဒီကောင်နဲ့ တွေ့တာပါ။

“ ဟေ့ကောင် မင်းနာရီစက်မှပါရဲ့လား။ ဟေ့. . ဒီမှာ ဒီကောင်နာရီ စက်မပါဘူး။ နာရီအိမ်ချည်းပဲ ပတ်ထားတာ ”

ကျောင်းသူ ချောချောတွေရှေ့မှာ အော်ပြောတာသိပ်ရှက်စရာကောင်းတာပဲပေါ့၊ မခံချင်လို့ သွားတော့မတုန့်ပြန်လိုက်နဲ့။ သူ့မာစီဒီးကားပေါ်မှာ သူ့သူငယ်ချင်းတွေ အပြည့်အနှက်ရှိတယ်။ ဒီလိုနဲ့ ဆင်းရဲနွမ်းပါး ကျောင်းသားများ စတိုင်ပင်လျှောက်နိုင်တယ်တဲ့။ ကြော်ငြာသင်ပုန်းမှာ ကပ်ထားတာတွေ့တော့ သူအားတက်လာတယ်။ ရပ်ကွက်ထောက်ခံစာနဲ့ တွဲပြီးလျှောက်ရတယ်။ လူတွေ့မေးမြန်းခန်းမှာ မာစီဒီးနဲ့သူဌေးသားဟာ ခုံဖိနပ်အစုပ်၊ ပုဆိုးစုပ်၊ အင်္ကျီအစုပ်နဲ့ ဝင်အစစ်ခံတယ်။ အဲဒီကောင်နဲ့ တစ်ခြား အလယ်အလတ်တန်းလွှာ ကျောင်းသားတွေ စတိုင်ပင်ရသွားတယ်။ သူမရဘူး။ တစ်လ ၇၅-ကျပ်နှုန်းနဲ့ ၁၀-လအတွက်ငွေ ၇၅၀ကျပ် ရတယ်။ အခုငွေတန်ဘိုး အနေအထားနဲ့ဆို တစ်သိန်းလောက် တန်ဖိုး ရှိနေလိမ့်မယ်ထင်တယ်။ မာစီဒီးနဲ့ ကျောင်းတက်တဲ့ သဌေးသားဟာ သူ့သူငယ်ချင်းတွေကို ကားပေါ်တင်ခေါ်ပြီးတော့ တစ်နေ့တည်းနဲ့ အကုန်သုံးပစ်လိုက် တော့တယ်တဲ့။ စတိုင်ပင်

www.burmeseclassic.com



မရတဲ့ ကိစ္စမှာသူအတော်ကို စိတ်ထိခိုက်သွားတယ်။ ဒါပေမယ့် ဒီစတိုင်ပင်မရတဲ့ ကြေကွဲမှုဟာ၊ သူ့ထက်အစပေါင်းများစွာ သိပ်သည်းတဲ့ ဝမ်းနည်းရှိုက်ငိုသံများ အောက်မှာနစ်မြုပ် ပျောက်ကွယ်သွားတော့တယ်။ အဘွားဆုံးသွားပြီ။ အဘွားသေမယ့်အစားသူသာသေလိုက်ချင်ပါ တော့တယ်တဲ့။ တက္ကသိုလ်က ထွက်ပြီးတော့၊ ပိုးမွှားကာကွယ်ရေးဌာနမှာ အင်စပိတ်တော်လုပ်တယ်။ အဲဒီမှာ ပျော်စရာကောင်းတဲ့ ရက်တွေရှိသလို၊ စိတ်ညစ်စရာကောင်းတဲ့ ရက်တွေလည်း တစ်ပုံတစ်ပင်ပါပဲ။ ကုန်းချော ကုန်းတိုက်တက်တဲ့ လူတစ်မျိုးဟာ ကျောက်ခေတ်ကတည်းက ရှိနေလိမ့်မယ်ထင်တယ်။ သူပထမဆုံး လခထုတ်တော့ အဘွားကိုသတိရလိုက်တာ ငိုရှိုက်မိတဲ့အထိပဲ။ လက်ဖဝါးထဲကပိုက်ဆံ တွေကိုကြည့်ပြီး၊ ရင်ထဲမှာ ပြောနေမိတဲ့ စကားတွေက ရင်နာစရာတွေပါ။

" သူ့ဟာသူ ရှာစားလို့ရပြီဆိုပြီးတော့ စိတ်ချလက်ချ အပြီးအပိုင် စွန့်ခွာသွားတာလား အဘွားရယ် "

နောက်တော့နယ်လှည့် စာရင်းစစ်ဘဝကို သူရောက်သွားတယ်။ အဲဒီမှာ သူသိပ်ကြောက်ရတဲ့ လူတစ်ယောက်နဲ့ ပက်ပင်းတိုးတော့တာပါပဲ။ အဲဒီလူဟာ သူ့ကိုမခံချိမခံသာ သိပ်အနိုင်ကျင့်တယ်။ သူ့ကို မတော်တဆကြည့်မိရင်လဲ " ဘာကြည့်တာလဲ။ လူပါးမဝနဲ့ " တဲ့။ သူသစ်သား ထရံနားမှာရပ်နေရင် ခါးနဲ့ကိုယ်လုံးနဲ့ မျက်နှာဘေးတွေကို ပေါက်တယ်။ ခါးပေါက်လဲ အရမ်းကျွမ်းကျင်တယ်။ အဲဒီလူကို သူသိပ်မုန်းတယ်။ သူအသက်ကလေးရလာလို့နာမည်ကျော် စာရေးဆရာ တစ်ယောက်ဖြစ်လာတဲ့ အချိန်မှာ သူ့သူငယ်ချင်း စာရေးဆရာတွေကို ဘယ်လိုပြန်ပြောပြသလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်. . . ။

" ကျွန်တော်ရပ်နေတာကို သူဖတ်ကနဲ ဓားတစ်စင်းနဲ့ ပေါက်တယ်။ ကျွန်တော်နားရွက်နားမှာ ဓားစိုက်သွားတယ်။ ဟေ့ ကောင်ငြိမ်ငြိမ်နေ မလှုပ်နဲ့ဆိုပြီး ဒုတိယဓားတစ်စင်းကို ကျန်တဲ့ နားရွက်တစ်ဖက်နား ကိုပေါက်တယ်။ တတိယဓါး တစ်စင်းကို ခေါင်းပေါ်ကနံရံမှာ ပစ်ပေါက်စိုက်လိုက်တယ်။ ကျွန်တော် အဲဒီ ကောင်ကို အဲဒီအချိန်က အရမ်းဒေါသထွက် စိတ်ဆိုးတာပဲ။ အနုမြူပုံးနဲ့အဲဒီကောင်ကို ဖောက်ခွဲလိုက်ချင်တယ်။ ဟိုတလော တုန်းက အဲဒီကောင်နဲ့ လမ်းမှာတွေ့တယ်။ ပိန်ခြုံးနေတာပဲ။ အလုပ်မရှိလို့ ဒုက္ခရောက်နေပြီတဲ့။ ကျွန်တော်ရေးတဲ့ စာတွေ ဝတ္ထုတွေ ဖတ်ရတယ်တဲ့ " ဒီနေ့ဒီအချိန်မှာ ဒီကောင်ကို အနိုင် မယူချင်တော့ဘူး။ မြင်းသေကို ကြိုးချည်ရိုက်သလို ဖြစ်နေမှာ ပေါ့ "

တစ်ချို့လူတွေဟာ သူတို့အပေါ်စီးရတဲ့ အခြေအနေမျိုး ရောက်သွားရင်၊ အရင်က သူတို့ကိုအနိုင်ယူခဲ့တဲ့ လူတွေကိုရှာပြီး ဂလဲ့စားချေတတ်တယ်။ သူကတော့ အဲဒီလိုမဟုတ်ဘူး။ သူ့ကို အနိုင်ကျင့်ခဲ့တဲ့ လူတွေကို၊ ဂလဲ့စားချေလိုတဲ့ စိတ်မရှိတော့ဘူး။ သနားမိတာလည်း မဟုတ်ဘူး။ ဒီဘဝမှာ အပြီးအပိုင် မေ့ချန်ထား ခဲ့တဲ့သဘောပါ။ ဒါပေမယ့် သူ့မှာမိတ်ဆွေကောင်း တွေလည်း တိုးပွါးနေပြီလေ။ ဘာလိုသေးလဲ။

သူအသက် ၃၅-နှစ်မတိုင်မီ အလုပ်တွေခဏခဏ ပြောင်း ရလိမ့်မယ်လို့သာ ဗေဒင်ဆရာကဟောခဲ့ရင် အလွန်မှန်တဲ့ဗေဒင် ဆရာဖြစ်လိမ့်မယ်။ သူနယ်မြို့က ဆေးရုံတစ်ရုံမှာ ဆေးရုံဝန်ထမ်း

www.burmeseclassic.com



ဘဝရောက်သွားပြန်တယ်။ အချစ်။

အချစ်။ စာလုံးနှစ်လုံးတည်းပေမဲ့၊ တစ်ကမ္ဘာလုံးဝိုင်းပြီး ရေးတာခုထက်ထိမပြီးသေးဘူး။ သူလေ့လာဆည်းပူး ဖတ်ရှုခဲ့သမျှ တွေထဲမှာတော့ အချစ်ဘာသာရပ်ဟာ အကျယ်ဝန်းဆုံး။ အဆန်း ကျယ်ဆုံး။ အလှဆုံး။

ပန်းတွေပွင့်တာ၊ မွှေးတာ၊ ရယ်မောသံတွေ၊ အေးမြခြင်း တွေ၊ အဆင်ပြေချောမွေ့ခြင်းတွေဟာ အချစ်ဖြစ်ပြီးတော့ ပန်းများ ကြွေခြင်း၊ ပူလောင်ခြင်း၊ အဆင်မပြေခြင်း၊ မငြိမ်းချမ်းခြင်းစတဲ့ အခြေအနေ ပတ်ဝန်းကျင်ကတော့ အမုန်းတွေပဲဖြစ်ပါလိမ့်မယ်။ တကယ်ဆိုတော့ နေ့စဉ်ဖြတ်သန်းမှုနဲ့ ဖြစ်စဉ်တွေကို အတိုချုံးလိုက် မယ်ဆိုရင် ပန်းများဝေခြင်းနဲ့ ပန်းများကြွေခြင်း နှစ်မျိုးပဲရှိမယ် လို့သူထင်တယ်။ ဒီအချိန်မှာ သူ့အနေနဲ့ စာရေးဆရာတစ်ယောက် ဖြစ်ဖို့ အလိုအပ်ဆုံးဖြစ်တဲ့ စိတ်ထက်သန်ခြင်း ဗီဇတွေနိုးကြား တက်ကြွလာပြီ။ ပထမဆုံးသူ လက်တွေ့ရေးချဖို့ စိတ်ပိုင်းဖြတ် ထားတာက အချစ်ဝတ္ထုလှလှလေး ဖြစ်တယ်။ အိမ်တစ်အိမ်မှာ ကောင်မလေးချောချော တစ်ယောက်ရှိတယ်။ ကောင်လေးနှစ် ယောက်ပြိုင်ပိုးကြတယ်။ တစ်ယောက်ကသူ။ နောက်တစ်ယောက် ကကောင်မလေးနဲ့ ကျောင်းနေဘက်ကောင်လေး။ ကောင်မလေးက သူ့ကျောင်းနေဘက် အပေါ်ပိုပြီးတိမ်းညွှတ်တယ်။ ကောင်လေး မရှိရင်၊ ခရီးထွက်နေရင် စာရေးဆရာကောင်လေး သိပ်ပျော်တယ်။ ဟိုကောင်လေးရှိရင် သူ့ကိုအရေးမဝင် အရေးမထားတော့ဘူး။ တစ်နေ့တော့ ကောင်လေးမွေးနေ့ ကျင်းပရက်နီးလာတယ်။ ဖိတ် စာရောက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးခမျာ သနားစရာ။ မွေးနေ့လက်ဆောင် ပေးဖို့ဘာမျှမရှိဘူး။ ဝယ်ဖို့လည်း ပိုက်ဆံမရှိဘူး။ ကောင်လေးက ကောင်မလေးကို မွေးနေ့လက်ဆောင် ပေးရမယ်လို့အကျပ်ကိုင်နေတာသူကြားလိုက်ရတယ်။ ကောင်မလေးက ဆင်းရဲတယ်။ လက်ဆောင်လည်း ပေးချင်နေတယ်။ ဒီတော့ စာရေးဆရာပေါက်စလေးဟာ၊ ကောင်မလေးကို သူ့ချစ်သူမွေးနေ့ မလုပ်မီတစ်ရက်ကြိုပြီး၊ ထိုက်ထိုက်တန်တန် ပိုးကြေးပန်းကြေး လက်ဆောင်တစ်ခုပေးလိုက်တယ်။ ကိုယ်ချစ်တဲ့ ချစ်သူကသူ့ချစ်သူကို ပေးဖို့လက်ဆောင်လို့ပြောပြီး ပေးလိုက်တယ်။

အဲဒီမြို့နယ်က ဆရာဝန်ကြီးဟာ ပြုရိုကရက်စစ်စစ်ကြီး။

" မင်းတစ်နေ့ကို လူနာဘယ်နှစ်ယောက်အတွက် ဆီးစစ်ပေးရလဲ "

" ၁၅ ယောက်အတွက် ဆီးစစ်ပေးရတယ် "

" အဲဒါဆို မင်းဒီအတိုင်း အဖြေကောက်ရေးထည့်မှရမယ်။ ရန်ကုန်ဆေးရုံကြီးမှာဆို တစ်နေကုန်စစ်တာတောင် urine sample ၅-ခု မပြီးဘူး "

urine sample ဆိုတာ ဆီးစမ်းသပ်ခတ်ခွဲဖို့ နမူနာ ပေးလိုက်တဲ့ ပုလင်းတွေပါ။ ဆီးပုလင်းတွေပါပဲ။ နောက်တစ်လလောက်ကြာတော့ အဲဒီပြုစိုကရက်ဆရာဝန်ကြီး သူ့ဆီလာစစ်ဆေးပြန်တယ်။ ဟိုတစ်ခါဆီး ၁၅လုံးကိုများတယ်ဆိုတော့ ဒီတစ်ခါမေးရင်တော့လျှော့ပြောမှ။

" ဆီးဘယ်နှစ်လုံးလာလဲဟေ့ "

" ၃-လုံး "

www.burmeseclassic.com

www.burmeseclassic.com



" ဟင် နည်းလှချည်းလား။ ရန်ကုန်ဆေးရုံမှာဆို တစ်နေ့ တစ်နေ့အလုံး ငါးဆယ်လောက်လာတယ်။ မင်းအားနေတာပေါ့ ဟုတ်လား။ မြောင်းသွားပေါက်ရလိမ့်မယ်။ "

ပြုံးရုံကရက် ဆရာဝန်ကြီးကို သူသိပ်ကြောက်ခဲ့ရတယ်။ မဟုတ်တာ အကုန်လုပ်တဲ့ ဆရာဝန်ကြီး။ ယူနီဆက်ကထောက်ပံ့ထားတဲ့ ဆေးရုံသုံးကားပေါ်မှာ ခွေးတွေတင်ထားပုံ၊ ဆေးရုံကဆေးတွေနဲ့ သူ့ကိုယ်ပိုင်ဆေးခန်းမှာ ဆေးကုပုံ၊ မိန်းမတွေရှုပ်ပုံတွေကို ဓာတ်ပုံနဲ့တကွ၊ ဆေးရုံအမှုထမ်းတွေ၊ သတင်းထောက်တွေ တိုင်လိုက်တယ်။ ပြုတ်သွားတယ်။

သူအိမ်ထောင်ကျခဲ့တယ်။ အဲဒီမြို့က ကောင်မလေးတစ်ယောက်နဲ့ပါပဲ။ သူကြောက်ရတဲ့ ပုဂ္ဂိုလ်တွေ၊ ကြောက်ရတဲ့ပုံရိပ်တွေကို ရှာဖွေစုဆောင်းတဲ့ ရသစာတမ်းဆိုတော့ သူ့ဇနီးအကြောင်း အကျယ်တဝင့် မရေးတော့ဘူး။ သူမှသိပ်မကြောက်ရဘဲပဲ။ အခု စာရင်းက သိပ်ကြောက်ခဲ့ရတဲ့ စာရင်းတွေ။

သူရန်ကုန်ဆေးရုံကြီး ကိုရောက်ခဲ့တယ်။ ပြောင်းရွှေ့အမှုထမ်းခဲ့ရတယ်။ အဲဒီမှာလည်း သူကြောက်ရတဲ့ ဆရာဝန်ကြီး တစ်ယောက်နဲ့ ပက်ပင်းတိုးတယ်။

လက်စသတ်တော့ နယ်မြို့မှာပြုတ်သွားတဲ့ ဆရာဝန်ကြီးနဲ့အခု ဒီဆရာဝန်ကြီးတို့ဟာ သူငယ်ချင်းတွေပဲကိုး။

" မင်းနဲ့ငါ တွေ့ကြသေးတာပေါ့ကွာ။ မင်းငါ့မိတ်ဆွေကိုတိုင်တဲ့ကောင် "

" ကျွန်တော်တိုင်တာ မဟုတ်ဘူး။ သတင်းထောက်တွေကတိုင်တာ "

www.burmeseclassic.com

www.burmeseclassic.com



" တိတ်စမ်း. . ဟော့ကောင်။ ငါအကုန်သိပြီးပြီ။ ခွေးမသား. . . မင်းတိုင်တာ "

ဆရာဝန်ကြီးဟာ သူ့ကိုရင်ခွဲရုံပို့လိုက်တယ်။

သူ့ဘဝမှာ စိတ်အညစ်ဆုံးနေ့တွေပဲ။ ရင်ခွဲရုံမှာ လူသေကောင်တွေဆီက ထုတ်ထားတဲ့ ဦးနှောက်တွေ၊ ကလီစာတွေကို ဆေးရည်စိမ်ပေးရတယ်။ အုပ်ဆက်ပြုတ်ပြီး လှန်ထားတဲ့ လူသေကောင်တွေကို တွေ့ရတာသူရဲ အခြောက်ခံနေရသလိုပဲ။ မိန်းမတွေဆို ဆံပင်ဖါးလျားတွဲလောင်း ကျလို့။ ဆံပင်နဲ့ဆန့်ကျင်ဘက် အရောင်ဆိုတော့ ဦးနှောက်တွေကပိုပြီး ဖြူဖွေးနေတယ်။ သူတစ်လလောက် ဝက်သား၊ အမဲသားတွေ စားလို့မရဘူး။ စိတ်ညစ်တယ်။ ဆရာဝန်တွေကတော့ ပဲပြုတ်နဲ့နံပြားစားလိုက်၊ လက်ဖက်ရည်မော့သောက်လိုက်နဲ့ ဘာမှမဆန်းသလိုပဲလေ။ အဲဒီလိုလုပ်တာကို က POST-MORTEM ပို့စ်မော်တန် လုပ်တယ်လို့ခေါ်တယ်။ အတိုကောက် ပီ. အမ်( PM ) လို့ခေါ်တယ်။ လူတစ်ယောက် သေပြီးနောက်ဘာဖြစ်လို့ သေသွားတာလဲ ဆိုတာကို အဖြေရှာခြင်းလို့ အဓိပ္ပာယ်ရတယ်။ သူအကြောက်စာရင်းထဲမှာ အဲဒီအုတ်ဆက်ဖြုတ်ထားတဲ့ လူသေကောင်မလည်း ပါတယ်။ သူ့ရာထူးနဲ့ဘာမှ မဆိုင်တဲ့နေရာကို ဆရာဝန်ကြီးက သက်သက်ညစ်ပတ်ပြီး၊ ဒဏ်ခတ်တဲ့အနေနဲ့ ရင်ခွဲရုံကိုပို့လိုက်တာပဲ ဖြစ်တယ်။ ဆရာဝန်ကြီးနှစ်ယောက်ဟာ အရုပ်အမောင်းလည်း တူတယ်။ ရုပ်ရည်လည်း တူတယ်။ တဆင်ထဲပဲ။ တကယ်လို့ ပိတ်စသာဆိုရင် တစ်ယောက်ကိုအင်္ကျီချုပ်ဝတ်လိုက်ပြီးတော့ တစ်ယောက်ကို ထဘီချုပ်ဝတ်လိုက်ရုံဘဲ။သူများသားမယားတောင် မရှောင်ဘူး။ သွေးသားညစ်

www.burmeseclassic.com

www.burmeseclassic.com



ပတ်ယုတ်မှာ လိုက်ပုံက။ အဲဒီဆရာဝန်ကြီးက သူ့ကို RUBBISH အမှိုက်လို့ အင်္ဂလိပ်လိုအမြဲတမ်းနှိမ်တယ်။ " ရပ်ဘစ်ရှ် " အခုလို သူ စာရေးဆရာတစ်ယောက် ဖြစ်လာတော့ သူထိုင်စဉ်းစားကြည့်တယ်။ RUBBISHဟာသူလား။ ဆရာဝန်ကြီးလာ။ အဲဒီဆရာဝန်ကြီးဟာ သူတစ်ပါးမယားကို ရှုပ်တဲ့ပြဿနာနဲ့ပတ်သက်ပြီးအလုပ်ပြုတ်သွားတယ်။ တစ်နှစ်ခွဲလောက်ကြာတော့ သူနဲ့လမ်းတစ်နေရာမှာ တွေ့တယ် "

" ဆရာကြီး အခုဘယ်မှာလဲ "

" မြောင်းထဲမှာ " တဲ့။

သူဒီလိုကြားရပေမယ့် ပီတိမဖြစ်ဘူး။ သူက အကြာကြီး စိတ်မနာတတ်ဘူး။ တစ်ခုတော့ ရှိတယ်။ နိမ့်ပါးသွားတဲ့ လူတွေကို ခွင့်လွှတ်နိုင်ပေမယ့်၊ သူ့ထက်မြင့်မားဆဲ၊ ယုတ်မာဆဲ၊ လူတွေကို တော့ခပ်မြန်မြန်နဲ့ လွယ်လွယ်ခွင့်မလွှတ်တတ်ဘူး။ အခုတော့ ဆရာဝန်ကြီး နှစ်ယောက်လည်း ကွယ်လွန်သွားခဲ့ကြပါပြီ။

သူအခုလိုဝတ္ထုတိုတွေ လေးငါးရာလောက် ရေးပြီးတဲ့ အခါကျတော့ ရှည်ရှည်ဝေးဝေးတွေ တွေးတတ်လာတယ်။ ဒီအချိန်မှာ သူကြောက်ရမယ့်လူ မရှိတော့ဘူးလို့ သူကိုယ်သူထင်နေဆဲမှာပဲ၊ ဂျာနယ်တစ်စောင်မှာ သူ့ကိုသူခိုးတဲ့။ သူများဝတ္ထုကို ခိုးချတယ်တဲ့။ နောက်ပြီး အင်တာဗျူးတွေ၊ မေးခွန်းတွေက သိပ်ခက်တာပဲ။ ဒါပေမယ့် သူအတတ်နိုင်ဆုံး လှပအောင် ဖြေပေးခဲ့တာချည်းပဲ။ မော်ဒန်သမားတွေက သူဟာမော်ဒန်စာပေ အယူအဆကိုဆန့်ကျင်တဲ့လူလား။ ထောက်ခံတဲ့လူလား လေ့လာနေတယ်တဲ့။ သူ့စာတွေဟာ တံစက်မြိတ်အောက်က မထွက်ဘူးတဲ့။ ဆေးရုံဆေး

www.burmeseclassic.com



ပေးခန်းအကြောင်းတွေ ရေးနေတာတွေဟာ ပြီးတယ်လို့ကိုမရှိဘူး တဲ့။ တစ်ချို့က စာပေစကားဝိုင်းတွေမှာ အင်္ဂလိပ်စကားလုံး တစ်လုံးကျက်မှတ်လာပြီး၊ အဲဒါသိရဲ့လားလို့ ဖြုတ်တဲ့စာရေးဆရာတွေ ကလည်းရှိသေးတယ်။

ဖြတ်သန်းမှုမရှိတဲ့ ဝေဖန်ရေးဆရာတွေရဲ့ ကပ်သီးကပ်ဖဲ့ ဝေဖန်ရေးတွေဟာ သိပ်စိတ်နာဖို့ မကောင်းဘူးလား။ ပြီးတော့ ကိုယ်ရေးချင်တိုင်းရေးလို့ ရတာမဟုတ်ဘူး။ အယ်ဒီတာက ပြင်ဆင်ဖြတ်တောက် လိုက်သေးတာ။ တောင်းရင်ထည့်ကို ထည့်ရမယ် ဆိုတာကလည်း လက်တွေ့ကျင့်သုံးမှုနဲ့ ကင်းကွာနေတယ်။

အင်တာဗျူးလုပ်တဲ့ လူတစ်ယောက်က အနောက်တိုင်း စာပေတွေထဲက ဘယ်စာအုပ်တွေကို သဘောကျလဲမေးရမယ့် အစား။ ဘယ်စာအုပ်ကို ဖတ်ဖူးလားလို့ မေးတယ်။ ဖတ်ဖူးရင် ဝေဖန်ပါဦးတဲ့။ ကက်ဆက်ဖွင့် ဖမ်းထားတယ်။ ကြောက်စရာကြီး။ နှုတ်တစ်ရာ စာတစ်လုံးဆိုပေမယ့် ဒီမှာတော့ နှုတ်တစ်လုံး စာတစ်ရာလို့ပြောင်းပြန် ယူဆရလိမ့်မယ်။ သူကစာနဲ့ရေးတာကို ကိုယ်က ကျွန်တော်မပြောဘူးလို့ ဝင်ငြင်းလို့ရချင်ရမယ်။ အသံနဲ့ဘယ်လို ငြင်းမှာလဲ။ တစ်နေ့တော့ ဗျူးတဲ့ဆရာတစ်ယောက် ရောက်လာ တယ်။

“ ဗျူးမလို့ဗျို့ ”

“ မေးခွန်းတွေ ချရေးလိုက်လေ ”

“ မဟုတ်ဘူး။ ဒီအတိုင်းမေးမှာ။ ချက်ချင်းဖြေပေးပါ ”

“ ကောင်းပြီ။ ပြန်ရေးတဲ့အခါ စကားပြေလှအောင် ရေး ရမယ်နော်။ ကျွန်တော့်ဟန် ဖြစ်ရမယ်နော် ”

www.burmeseclassic.com

www.burmeseclassic.com



" ဘယ်အချိန်မှာ စာဖတ်လဲ "

" ညဘက်မှာပေါ့။ လူတွေအားလုံး အိပ်ချိန်ဟာ စာရေး စာဖတ် အကောင်းဆုံးပဲလို့ ထင်တယ် "

" ဘာဖြစ်လို့ ညဘက်ကိုနှစ်သက်တာလဲ "

" ညရဲ့သီချင်းဟာ တိတ်ဆိတ်မှုပဲလေ။ ဒေါသမောဟ မာန်မာန၊ ယုတ်မာမှုတွေ တစ်ဝက်လောက် လျော့နေတဲ့အချိန်ဟာ ဒီအချိန်ပါပဲ "

" ဝတ္ထုတိုသဘော တရားလေးပြောပါဦး "

" ဝတ္ထုတိုဆိုတာ စာဖတ်သူကို ဆက်တွေးခွင့်၊ ဆက်ရေးခွင့်ပေးထားတယ်။ ဝတ္ထုရှည်ကတော့ စာရေးဆရာက အဲဒီအခွင့်အရေးတွေကို အကုန်ယူထားလိုက်တာပေါ့။ မီးရထားထွက်ခွာခါနီးကျမှ လူနှစ်ယောက်ရောက်လာတယ်။ အပေါ်ထိုင်ခုံမှာ လူတစ်ယောက်ရှိတယ်။ သူငယ်ချင်း သုံးယောက်ပေါ့။ အခုမှဆုံကြတာ။ တစ်ယောက်က လိုက်ပို့တဲ့လူ။ တစ်ယောက်က အပေါ်မှာထိုင်နေတဲ့လူနဲ့ လိုက်သွားမယ့်လူ။ အဲဒီလူက ဘဝအပြောင်းအလဲ တစ်ခုကို၊ လိုက်ပို့တဲ့သူငယ်ချင်းကို လိုရင်းတွေပဲ မြန်မြန်ပြောပြတယ်။ မီးရထားက ထွက်ခါနီးပြီ မဟုတ်လား။ အဲဒါဝတ္ထုတိုပဲပေါ့။ ရထားပေါ်မှာ ရထားနဲ့လိုက်သွားတဲ့ သူငယ်ချင်းနှစ်ယောက် တစ်နေကုန်ထိုင်ပြောတာ ဝတ္ထုရှည်ပေါ့။ ဒါကျွန်တော့် အမြင်သက်သက်ပါ "

" ဂျိမ်းစ်ဂျွိုက်ရဲ့ ယူလီဆီး ဖတ်ဖူးလား "

" မဖတ်ဖူးဘူး "

" အော်. . ဆရာက စာဖတ်အားကောင်းတယ်လို့ တစ်နေရာမှာ ဆရာကိုယ်တိုင် ပြောထားလို့မေးတာပါ။ ယူလီဆီး

www.burmeseclassic.com

www.burmeseclassic.com



တောင် ဆရာမဖတ်ဖူးဘူးနော် ”

လာမေးတဲ့ ပုဂ္ဂိုလ်က သူ့ကိုအထင်သေးသွားပုံကို သူသေသေချာချာ တွေ့လိုက်ပါတယ်။

နောက်နှစ်ရက် လောက်ကြာတော့ မဂ္ဂဇင်းတိုက်တစ်တိုက်ကစာအုပ်ဟောင်းတွေ ဘာကြောင့်ပြန်ထုတ်နေတာလဲ။ အသစ်တွေနဲ့ဘယ်လိုကွာလဲ။ ဟိုတုန်းက ဝတ္ထုတိုနဲ့အခုခေတ် ဝတ္ထုတိုဝတ္ထုရှည်တွေရဲ့ အရည်အသွေးမှု တွေကိုလာပြီး အင်တာဗျူးတယ်။ စာရေးဆရာ ၄-၅-၆ယောက်ကို ဗျူးတာ။ အဲဒီအထဲမှာ သူ့အယူအဆက သတ်သတ်ဖြစ်နေတယ်တဲ့။ ကျန်တဲ့ လူတွေနဲ့ဆန့်ကျင်ဘက်အယူအဆတဲ့။ အဲဒီတုန်းကသူ ပြောတဲ့စကားတစ်ခွန်းကိုသူသတိရနေသေးတယ်။ “ အသစ် ဆိုပေမယ့် အတုအသစ်ဆိုတာမျိုးရှိသလို အဟောင်းဆိုပေမယ့် အစစ်အဟောင်းဆိုတာရှိတယ်။ တစ်ခါတစ်ရံပေါ့။ အမြဲတန်း မဟုတ်ဘူး။ ”

တစ်ရက်မှာ အယ်ဒီတာ တစ်ယောက်ရောက်လာတယ်။

အကြီးဆုံးအယ်ဒီတာချုပ်က ဆရာ့ဝတ္ထုဟာကောင်းပင်ကောင်းငြားသော်လည်းပဲတဲ့။ နာမည်တွေ နေရပ်တွေအတိအကျပါနေလို့ ပြဿနာတက်လိမ့်မယ်တဲ့။ နောက်တစ်ပုဒ် ပြန်ရေးပေးပါတဲ့။

“ နာမည်တွေ ဖြုတ်ပြီးနာမ်စားတွေနဲ့ ပြင်ပေးလိုက်မယ် ”

“ မဟုတ်ဘူး။ အသစ်သာရေးပေးပါ။ ဆရာအိမ်နီးချင်းတွေကတိုက်ကို ခဲနဲ့လာထုလိမ့်မယ်။ ဆရာကိုလည်း တရားစွဲလိမ့်မယ်။ ”

www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျားတို့ ဒီမှာကျွန်တော်ပြောမယ်။ ဒီလိုအရိပ်တစ်ခုခုထိုးနေရင် ဘယ်လိုလုပ်ပြီး အနုပညာမြောက် နိုင်တော့မှာလဲ။ ရသစာပေဖန်တီးရာမှာ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေရင်မကောင်းဘူး။ စာပေတိုးတက် ထွန်းကားရေးဆိုတာ နောက်ဆံတင်းမှု ကင်းကင်းနဲ့ရေးရမှ ထွန်းကားတောက်ပလာမှာပေါ့။ ကျွန်တော့် အိမ်နီးချင်းတွေကို ကျွန်တော်ပြပြီးပြီ။ သူတို့ခွင့်ပြုလို့ ရေးတာ "

နောက် ၂ပတ်လောက်ကြာတော့ စာရေးဆရာတစ်ယောက်ရောက်လာတယ်။

" မိုးဝေခေတ်ရှိလား။ အဲဒါတစ်ယောက်စီရဲ့ သဘောထားသိချင်လို့ လိုက်လံစုဆောင်းနေတာ။ ပြီးရင်ဆောင်းပါးရေးမယ်။ "

" ကျွန်တော်သိတဲ့ခေတ်ရဲ့ ဖွင့်ဆိုတာကတော့၊ အဲဒီအချိန်မှာ အပြောင်းအလဲတစ်ခုခု ရှိခဲ့ရမယ်။ ကောင်းတာရော၊ မကောင်းတာရော။ ပြီးတော့ နှစ်ပေါင်းများစွာ လွှမ်းနေရမယ်။ စိတ်နာနေရမယ်။ တစ်ခုစီရော နှစ်ခုစလုံးရော ခံစားနေရမယ်။ ဒါပါပဲ။ လူတစ်ယောက်ယောက် ဂုဏ်တက်မှာ စိုးလို့ခေတ်ကို ငြင်းပယ်တာရယ်၊ လူတစ်ယောက်ယောက် ဂုဏ်တက်အောင် ခေတ်ကိုထောက်ခံတာရယ် တို့မရှိသင့်ဘူး။ "

" သိပ်ကောင်းတဲ့ အယူအဆဗျ။ သိပ်ကောင်းတာပဲ၊ သိပ်တော်တာပဲ " ဝေဖန်ရေးဆရာက သူ့ကိုလေးလေးစားစား ချီးကျူးပြီး ကုန်းကုန်းကွကွ ရိုသေသမှုပြပြီး ထွက်ခွာသွားသည့် မြင်ကွင်းကို သူနှစ်လလောက် ကျေနပ် ချမ်းမြေ့ပြီး။ တစ်မနက်ခင်းမှာတော့ ငယ်ငယ်ကတည်းက သူ့ဘဝမှာကြောက်

www.burmeseclassic.com

www.burmeseclassic.com



ရမယ့် လူတစ်ယောက်နှစ်ယောက်၊ ချစ်ရမယ့် ချစ်ကြတဲ့လူ တစ်ယောက် ရှိနေတတ်တယ်ဆိုတဲ့ သီအိုရီက ပြန်မှန်လာပါတော့တယ်။ ဘယ်ဘဝရောက်ရောက် ရှိနေတတ်ပါတယ်။

ဝေဖန်ရေးဆရာ လက်သစ်တစ်ယောက် သူ့ဆီကိုရောက်လာပြီး စာပေနဲ့ ပတ်သက်တဲ့မေးခွန်းတွေ ဖြေပေးဖို့ မေးခွန်းစာရွက်တစ်ရွက် လာပေးသွားတယ်။ သူလက်မအားသေးလို့ စားပွဲပေါ် တင်ခဲ့ ခိုင်းလိုက်တယ်။ ဝေဖန်ရေးဆရာ ထွက်သွားပြီးလို့ သူလက်အားသွားတဲ့ အခါ၊ သူကောက်ဖတ်လိုက်တယ် ဆိုရင်ပဲ၊ သွေးပေါင်ချိန် ဇီးရိုးထိမကျအောင် သူမနည်းကြီးထိန်းထား လိုက်ရပါတယ်။

(၁) ဆရာက ရန်ကုန်မှာ နေရက်သားနဲ့ ဆရာစာတွေက ယခု မော်ဒန်ဝတ္ထုတွေနဲ့ ဝေးနေတယ်နော်။ ပုံသေများဆန်နေသလားပဲ။ ဆရာ့ဝတ္ထုတွေ ဖတ်ရင်မကြိုက်တာတွေ ရှိတယ်။

(၂) နိုဘယ်ဆုရ ကမ္ဘာ့စာရေးဆရာကြီးတွေရဲ့ ဝတ္ထုတွေကို ဆရာဖတ်ရှု လေ့လာထားပုံ မရဘူး။ ဖတ်သင့်တယ်။

(၃) ဆရာ့ပုံသဏ္ဌာန်တွေပေါ်မှာ အတက်အဆင်းရေးတာနည်းတယ်။ ဘဝအကြောင်းလေးကို ရိုးရိုးရေးနေတာ ကျေနပ်ပြီလား။ ရှေ့ဆက်ပြီး မြန်မာဝတ္ထုကိုမြှင့်တင်ရင် ကောင်းမလားလို့။ ကဗျာဆိုရင် အတော့်ကိုရှေ့ရောက်တယ်။

(၄) အခု ဆရာ (----) ဆိုရင် ခွက်တစ်ခုထဲကို ဆန်ထည့်လိုက်၊ ဆီထည့်လိုက် ပုံသေပေါ်မှာ အကြောင်းအရာပဲပြောင်းနေတယ်။ ပုံသဏ္ဌာန်ဆိုတာ အများအပြားရှိသင့်တယ်။ ဆရာနဲ့ အဲဒီဆရာ (----) နဲ့ဘာများထူးဦးမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းတွေက ၂၀-လောက်ရှိတယ်။ တကယ်ဆိုတော့ မေးခွန်းတွေမဟုတ်။ အဖြေတွေ သင်ကြားပို့ချချက်တွေ။ ဆုံးမစာတွေ။ မိဘက မလိမ္မာတဲ့သားသမီးကို သွန်သင်နေတဲ့လေသံမျိုး ကြောက်စရာ ကောင်းလိုက်တဲ့ နှိပ်ကွပ်နှိပ်စက်တဲ့ စာသားတွေ၊ ဘဝင်မြင့်လွန်း တဲ့ မေးခွန်းတွေ၊ ရိုင်းစိုင်းလိုက်တဲ့ မေးခွန်းတွေ၊ မေးခွန်းယောင်ဆောင်ထားတဲ့ မေးခွန်းအတုတွေ။

သူ့ရင်ခုန်သံမှာ အဲဒီဝါကျတွေတောင် မြည်နေတယ်။ အထူးသဖြင့် " ရိုင်းစိုင်းလိုက်တဲ့ မေးခွန်းတွေ၊ မေးခွန်းယောင်ဆောင်ထားတဲ့ မေးခွန်းအတုတွေ " ဆိုတဲ့ စကားလုံးတွေက သူ့ရင်ခုန်သံမှာ အကြိမ်ကြိမ်အထပ်ထပ် ပြောနေတယ်။ သူအတော့်ကို စိတ်ထိခိုက်သွားတယ်။ ညစာစားလို့တောင် မကောင်းတော့ဘူး။ ခံတွင်းပျက်သွားတယ်။ အိပ်လို့လည်းမရတော့ဘူး။ စာပေဝေဖန်ရေးဆရာနဲ့ ပြန်တွေ့တဲ့အခါ ပြောရမယ့်စကားတွေကို သူစီနေမိတယ်။ ပန်းပွင့်တွေကို သီကုံးသလို စီကုံးနေတာမဟုတ်ဘဲ ကျည်ဆံတွေကိုစီတန်းထားသလို သူရွေးစီနေတယ်။

" ကျွန်တော်အခုရေးနေတဲ့ စာပေပုံသဏ္ဌာန်နဲ့ အကြောင်းအရာတွေဟာ မတော်တဆလို့ ခင်ဗျားထင်နေပြီလား။ ကျွန်တော် အနှစ် ၃၀-ကြာအောင် သေသေချာချာဆုံးဖြတ်ပြီးမှ ရွေးချယ်ထားတာပါ။ အနုပညာမြောက်တယ် မမြောက်ဘူးဆိုတာကတော့ ကျွန်တော်ရဲ့မွေးရာပါ ပါရမီနဲ့ပဲဆိုင်တယ်။ ခင်ဗျားရေးပေးထားတဲ့ စာတွေဟာ အဖြေတွေပါ။ မေးခွန်းတွေ မဟုတ်ဘူး။ ဒီအဖြေတွေရဲ့နောက်မှာ သင့်တော်တဲ့မေးခွန်းတွေ ဖော်ထုတ်ပြီး၊ ကျွန်တော်မေးမယ်။ ခင်ဗျားဝတ္ထု ဘယ်နှစ်ပုဒ်ရေးဖူးလဲ။ ဝတ္ထုရေး

www.burmeseclassic.com

www.burmeseclassic.com



နေတုန်း မျက်ရည်ကျဖူးသလား။ အနုပညာ ဖန်တီးသူတစ်ဦး အဓိက လိုအပ်ချက်ဟာဘာလဲ။ ခင်ဗျားကို စစ်မှန်တဲ့ဝေဖန်ရေး ဆရာတစ်ယောက်လို့ ကျွန်တော် အသိအမှတ် မပြုနိုင်ဘူး။ ခင်ဗျား ထွက်သွားတော့။ နောင်လဲလာစရာ မလိုဘူး။ ”

အိပ်ယာထက်မှာ အိပ်မပျော်ဘဲနဖူးပေါ် လက်တင်ပြီး သူစဉ်းစားနေတယ်။ ကြည့်စမ်း။ လူသိများတဲ့ စာရေးဆရာတစ် ယောက်ဖြစ်နေလည်းပဲ ကြောက်ရမယ့်အရာ ရှိနေဆဲပဲ။ သူ့ရဲ့ ကြောက်ခဲ့ရတဲ့ စာရင်းထဲမှာ တစ်ချို့ဝေဖန်ရေး ဆရာတွေကိုထပ် ထည့်နေမိတယ်။ ဒါဟာ ဘာဘဲဖြစ်ဖြစ် သူ့အနေနဲ့တကယ် ပြည့်စုံ တတ်ကျွမ်းတဲ့၊ လေးနက်လေးစားထိုက်တဲ့ စာရေးဆရာတစ် ယောက် မဟုတ်သေးလို့ပဲ။ ပြည့်စုံတတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာတဲ့ အခါကျော့တော့ရော၊ ကြောက်ရမယ့် လူမရှိတော့ဘူး တဲ့လား။ ရှိသေးတာပဲ။ ဘယ်သူလဲဆိုတော့။ သေမင်း။

သူအိပ်ယာထဲက ထလာပြီး၊ အိမ်ရှေ့က ဒန်းပေါ်မှာသွား ထိုင်တယ်။ ညကိုလှမ်းကြည့်လိုက်တော့ ညကိုယ်တိုင် အိပ်မပျော် သေးဘူး။ ငြိမ်ငြိမ်သက်သက် မှေးနေသလိုလို။ တစ်ခါကသူပြော ခဲ့ဖူးတဲ့ “ ညရဲ့သီချင်းဟာ တိတ်ဆိတ်ခြင်းပဲ ” ဆိုတာကို သူသတိ ရမိသေးတယ်။ သီချင်းတွေဟာ ခါတိုင်းညကလိုမချိုဘူး။ ညသီချင်း ဟာတိတ်ဆိတ် နေပေမယ့် သီချင်းစာသားတွေက သိပ်ညံ့တယ်။ သံစဉ်တွေ အနုပညာမမြောက်ဘူး။ လေပြည်တစ်သုတ် ဝေါခနဲ တစ်ချက် ဝေ့လိုက်တဲ့အခါမှာတော့ ညစာရွက်ပေါ် ရေးထားတဲ့ ခပ်ညံ့ညံ့သီချင်း စာသားတွေလေနဲ့ အတူလွင့်မျောသွားပါတော့ တယ်။ ။ မောင်ညိုပြာ

www.burmeseclassic.com

www.burmeseclassic.com

## ဆူးငှက်

## လရိပ်၊ဆည်းဆာ

*"နှစ်လတစ်ခါပင် မလာနိုင်ကြတော့သည့် တစ်မြို့တည်း နေ မြေးတွေကိုမျှော်ရင်း ...၊ ခြောက်လတစ်နှစ်မှာပင် တစ်ခါ နှစ်ခါထက် ပိုမတွေ့ရတော့သည့် ရပ်ဝေးက သားသမီးမြေးမြစ် တွေမျှော်ရင်း ..."*

www.burmeseclassic.com

www.burmeseclassic.com



# လရိပ်၊ ဆည်းဆာ

၊ က ၊

လဆန်း(၁၀)ရက်နေ့ ညမို့ . . . လ,က အားပြည့် ကျန်းမာနေပါပြီ။ ခပ်လှမ်းလှမ်း ကန်ကောက်ဘုန်းကြီးကျောင်းဆီမှ အရုဏ်တက်တုံးမောင်း ခေါက်သံကြားရသည်အထိ သူ့အလင်းဓာတ်က အားမလျှော့သေး။ ပတ်ဝန်းကျင်တစ်ခွင်လုံး လရောင်အောက်တွင် ပလျ. . . အိပ်မောကျနေကြပြီ။ တစ်ညလုံး အိပ်ရေးပျက်နေသည့်ဒဏ်ကြောင့် မျက်ခွံများက အားမတင်းနိုင်ဘဲ လေးလံလျော့ကျသွားသည်။ မှေးခနဲ တစ်ချက်မျှ အိပ်ပျော်သွားသည်။ ဘာမျှမပြောလို။

' ဟဲ့. . ဟဲ့. . ငါ့ပိုက်ဆံ ဘယ်ရောက်သွားလဲ၊ စောစောကမှ အိတ်ထဲထည့်ထားတာ၊ ကြည့်ပေးကြပါဦး. . . မောင်ထွန်း၊ ဟဲ့. . . အောင်ထွန်း လာစမ်းပါဦးဟဲ့၊ ပိုက်ဆံအိတ် ရှာပေးကြပါဦး. . '

နှိုးစက်ပေးသလို အသံကြောင့် ဖျတ်ခနဲနိုးကာ ရုတ်ခြည်း

www.burmeseclassic.com

www.burmeseclassic.com



ငုတ်တုတ် ထိုင်မိလိုက်သည်။ သက်ပြင်းကို လေးပင်စွာချရင်း. . ခြင်ထောင်မကာ အသာထွက် စားပွဲပေါ်လက်ဖြင့်စမ်းကာ မီးခြစ်ကိုရှာ. . ။ မီးတစ်ချက်ခြစ်အပြီး မီးငြိမ်းလိုက်သည်မှာ မကြာသေးသော ဖယောင်းတိုင်ကို မီးညှိကာ ခုတင်လေးတစ်လုံး အနားသွားပြီး ခြင်ထောင်ကို လှပ်ကြည့်လိုက်ရ၏။ မှိန်ဖျော့ဖျော့ အလင်းရောင်တွင် ထပ်ထားသောစောင်တွေကို ခွာချပစ်ပစ်ပြီး အသက်ကိုးဆယ်ကျော် ' အမေ ' သည် အထပ်ထပ် ဝတ်ထားသောအနွေးထည်များအောက်မှ သူ့ချွေးခံအင်္ကျီ အောက်အိတ်ထဲ လက်နှစ်ဖက်စုံနှိုက်ရင်း ပါးစပ်က သံကုန်အောင်ဟစ်နေ၏။

' အမေ. . အမေ. .၊ ဟာဗျာ. . စောင်တွေလည်း အကုန်ခွာချထားတာ. .၊ အအေးမိတော့မှာပါပဲ. . .။ ဘယ်က ပိုက်ဆံအိတ်လဲ. .။ စောစောကမှ တစ်ခါပြောထားပြီးသားဟာ. .။ အမေ့ပိုက်ဆံအိတ်ထဲ ဘာမှမရှိပါဘူးဆိုမှ. . '

' ရှိတယ်. . ရှိတယ်. . ။ မနက်ကမှ ငါ့ကို သင်းသင်းက လာပေးသွားတာ. .၊ ငါးရာတန်သုံးရွက်. .။ သေချာခေါက်ပြီး အရင်ပိုက်ဆံတွေနဲ့ အတူထားတာ. .၊ အဲဒီပိုက်ဆံအိတ် မရှိတော့ဘူး၊ ရှာပေးကြပါဦး. .၊ အရပ်ကတို့ရေ. . ရှာပေးကြပါဦး '

တိတ်ဆိတ်ငြိမ်သက်သောညမို့ အမေ့အသံက လိုသည်ထက်ပိုမိုကျယ်လောင် နေသည်။ ကျွန်တော်က ကွာကျနေသော အမေ့စောင်တွေကို တစ်ထည်ချင်း ပြန်ထပ်ကာ မေးစေ့နားအထိ ဆွဲခြုံပေးရင်း. . .

' အမေကလည်းဗျာ. .၊ လုပ်ပြီ. . ဘယ်က သင်းသင်းမှလည်း မလာဘူး။ နှင်းနှင်းမှလည်း မလာဘူး။ အမေ့မှာ ပိုက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



အိတ်တောင် မရှိတော့တာကြာပြီဥစ္စာ။ ကဲ. . အိပ်. . အိပ်. .၊ ညဥ့်နက်လှပြီ. . .။ အခုထိ အမေ. . တစ်ရေးမှ မအိပ်သေးဘူး။ တစ်ယောက်တည်း စကားတွေကို တတွတ်တွတ်ပြောနေတာ. . မမောနိုင်တော့ဘူး. . . ’

‘ မဟုတ်ဘူး. . မဟုတ်ဘူး. . ငါ့ပိုက်ဆံအိတ်ရှိတယ်။ ချွေးခံအိတ်ထဲ ငါကိုယ်တိုင် ထည့်ထားတာ. . .။ အိပ်ရာဝင်တော့ကို စမ်းကြည့်သေးတယ်။ အခုမှ မရှိတော့တာ. .။ ခုတင်အောက်ပဲ ကျပလား. .၊ ကြည့်ပေးစမ်းပါဦးဟယ်. . ရှိုကြီးခိုးပါရဲ့. . ငါ့မြေးလေးက လာကန်တော့သွားတဲ့ ပိုက်ဆံမို့ပါဟဲ့. . ’

ကျွန်တော် သက်ပြင်းကို လေးလေးပင်ပင် ချလိုက်မိပါသည်။ မတတ်နိုင်တော့ ဖြေရှင်းဖို့ကလည်း ဒီတစ်လမ်းပဲ ရှိတော့သည်။ ညဥ့်ကလည်း နက်ရုံမက. . နောက်တစ်နေ့အကူး အရုဏ်တက်တော့မှာမို့ အုန်းမောင်းခေါက်သံတွေ ကြားနေရပြီ။ ထိုအချိန်ထိ အမေက နှစ်နှစ်ခြိုက်ခြိုက် မအိပ်သေး. . ။ ထို့အတူ ကျွန်တော်ကလည်း စိတ်မချလို့ အိပ်မပျော်သေး. .။ ဒါပေမယ့် ဆက်တိုက် အိပ်ရေးပျက်ထားလို့ အိပ်ချင်နေပြီ။ အခုနေ တစ်ရေးလောက် မှေးလိုက်ရလျှင် အဆင်ပြေမည်။ သေချာသည်. .၊ အမေကတော့ လင်းခါနီးမှ အိပ်ပျော်သွားပြီး တစ်မနက်လုံး. . တစ်နေ့လည်လုံး အိပ်ပေရော့မည်။ ကျွန်တော်ကတော့ မနက် (၇)နာရီမထိုးမီ ထနိုင်ပါ့မလားဆိုတာ တွေးပူနေမိသည်။ အိပ်လည်း အိပ်ချင်လှပေပြီ။ ဒီတော့. . . မထူးတော့. . ထုံးစံအတိုင်း ပဲဖြေရှင်းရပေတော့မှာပဲပေါ့. .။

‘ ခဏလေးအမေ. .၊ ခဏလေး. . .၊ အနောက်ဘက်

www.burmeseclassic.com

www.burmeseclassic.com



လှိမ့်လိုက်ဦး၊ အမေ့အိပ်ရာ အောက်များ ရောက်နေသလား မသိဘူး။ ဟုတ်ပြီ . . ဟုတ်ပြီ ခါးကလေး နည်းနည်းကြွလိုက်. .၊ နည်းနည်းကြွလိုက် ’

အမေ့ကိုယ်အောက်မှ လက်ထိုးစမ်းရင်း . . အမေ့ခါးနေရာမှာ တွန့်လိတ်နေသော မုံရွာစောင်အခင်းကို ဆွဲဖြန့်လိုက်ကာ . . . ။

“ ဟော. . ဟော. . တွေ့ပြီအမေ. .၊ တွေ့ပြီ. .။ ချွေးခံအိတ်ထဲက ထွက်ကျနေပြီ။ ဒီအောက်ရောက်နေတာ။ ကဲ. . ကဲ. . ပိုက်ဆံ အိတ်ကို ကျွန်တော်ပဲ သိမ်းထားပေးမယ်နော်. . မနက်မှပဲယူတော့၊ အိပ်တော့အမေ. . အိပ်တော့. . ’ ဟုပြောလိုက်ရသည်။ ကျောအောက်တွင် တွန့်လိတ်နေသော စောင်ထူထူက ပြန့်သွားပြီမို့ အမေကကိုယ်ကလေး လွန့်ကာ. .

‘ ငါပြောသားပဲ. . နင်က ဇွတ်ငြင်းနေလို့. . . ပိုက်ဆံအိတ်က ငါ့ခါးအောက်ရောက်နေလို့ ခိုးလို့ခုလု ဖြစ်နေတာ။ အေးအေး. . . သိမ်းထားလိုက်၊ မနက်ကျ ငါ့ပြန်ပေးနော်။ နေဦးနေဦး ရေကြည့်စမ်း၊ အားလုံးဘယ်လောက်လဲ၊ သင်းသင်းက ပေးခဲ့တာ ငါးရာတန်သုံးရွက်နဲ့ တစ်ထောင်တန်တစ်ရွက် မဟုတ်လား၊ စေ့ရဲ့လား။ ငါ့အရင် ပိုက်ဆံထဲက တစ်ထောင်တန်လေးရွက် ရှိသေးရဲ့လား ’

အမေက မျက်စေ့မဖွင့်ဘဲ တတွတ်တွတ်ပြောနေသည်။ ကျွန်တော့်လက်ကိုလည်း စောင်အောက်မှ သူ့လက်ကို ထုတ်ကာ လှမ်းစမ်းနေ၏။ အသက် ၉၀ အရွယ် အမေ့လက်သည် အကြောပြိုင်းပြိုင်းနှင့် အရိုးပေါ် အရေထပ်မျှ ရှိတော့သော်လည်း သန်မာ

www.burmeseclassic.com

www.burmeseclassic.com



နေ၏။ အမေ့လက်ကို လှမ်းထုတ်ကာ. . စောင်ထဲ ပြန်သွင်းပြီး. . ။

'အားလုံးစေ့တယ် အမေ၊ တစ်ရွက်မှမပျောက်ဘူး။ မနက်ကျပြန်ပေးမယ် ဟုတ်လား. . .။ အိပ်တော့ အိပ်တော့ ' ဟုပြောရင်း မရှိသော ပိုက်ဆံနှင့်ပိုက်ဆံအိတ်ကို သိမ်းဟန်ပြုကာ အမေ့ခြင်ထောင် ကို ဆွဲချလိုက်ရတော့သည်။

➤ ➤ ➤

။၁။

ဆီကိုင်သောလက်ဖြင့် ဖွင့်ဖန်၊ ပိတ်ဖန်များနေသဖြင့် ကပ္ပိတန်စီးကရက် သံဘူးလေးက ပြောင်ဝင်းလက်နေ၏။

ထိုသံဘူးကလေးကို အမေကိုင်ခဲ့တာကြာပြီ။ ကျွန်တော်မှတ်မိသည့် အရွယ်ကတည်းက ဆိုပါတော့။ အဘယ်ကြောင့်ဆိုသော် အမေ့ပစ္စည်း ပစ္စယာမှန်သမျှတွင် ကျွန်တော်တို့ စိတ်အဝင်စားဆုံး အမှတ်မိဆုံး ပစ္စည်းကလည်း ထိုသံဘူးကလေးပဲ ဖြစ်လို့နေသည်။

အမေက အဖေနှင့် အိမ်ထောင်ကျ၊ မန္တလေးရောက်ကတည်းက မြေပဲဆီ၊ နှမ်းဆီစသည့် စားသုံးဆီများကို မန္တလေး အရပ်တကာလှည့်၍ ခေါင်းရွက်ဗျပ်ထိုး ရောင်းချရသည်။ ဟင်္သာပြဒါးနီရဲရဲနှင့် အသားဗျပ်ဝိုင်းဝိုင်းမှာ သံဖြူဆယ်ဝင်ပုံးကို အပေါ်မှ အဖုံးအဝိုင်းနှင့် အပေါက်အဝိုင်းအဖြစ် ပြန်လည်ပြုလုပ်ထားပြီး နံဘေးမှလခြမ်းပုံ သံဖြူပုံးကလေးနှင့်တွဲကာ ဗျပ်ထဲထည့်သည်။ ပုံးအကြီးအပေါက် မှာကုန်းလိပ်ခွံ အကွက်လှလှအား ထိုးစိုက်ပြီး လိပ်ခွံထဲ၌ ဆီပုံးထဲနှစ်ထားသော အုန်းမှုတ်အရိုးများ အဖျားမှာ စွပ်ထားသည့် ကြေးကျည်ဆန် အခွံလက်ကိုင်တွေက ဝင်းလက်

www.burmeseclassic.com



နေသည်။

အမေ့ဆီဗျပ်ထဲမှာ ထိုပစ္စည်းများအပြင် အမြဲတမ်း သန့်ရှင်းဖြူစင်နေသည့် ချည်လက်သုတ်ပဝါ တစ်ထည်ခေါက်ထည့်ထားပြီး လက်သုတ်ပဝါဘေးတွင် ကျွန်တော်တို့အသည်းစွဲ ကပ္ပိတန်စီးကရက်သံဘူး ဝင်းဝင်းကလေးလှဲလျက် အမြဲရှိနေ၏။ အမေ စျေးရောင်းအပြန် ဆီဗျက်ချပြီး ခေါင်းခုတဘက်ကို ဖြန့်ကာခါရင်း. . ကပ္ပိတန်စီးကရက် သံဘူးကလေးကို ယူလာသည်။ ထိုအခါ ကျွန်တော်တို့သည် မည်သည့်နေရာ ဆော့နေသည်ဖြစ်စေ ယုတ်စွအဆုံး ထမင်းဇလုံတစ်လုံးနှင့် ထမင်းစား နေရာမှဖြစ်စေ၊ အမေ့အနား မယောင်မလည် ရောက်လာကြတော့သည်။

သည်နေရာမှာ ကျွန်တော်တို့ဟု သုံးနှုန်းပြောဆို ရသည်မှာ ထိုဘူးကလေးအား စိတ်ဝင်စားခဲ့ကြသည်မှာ ကျွန်တော့်ထက်နှစ်အနည်းငယ် လောက်သာငယ်သော အမေ့ မြေးအကြီးများနှင့် သိတတ်စ လမ်းတောက်တက်သွား. .၊ အမေ့မြေးငယ်များအထိ ပါဝင်နေသောကြောင့် ဖြစ်ပါ၏။

အမေက ဆီဗျပ်ချပြီး ခေါင်းခုတဘက်လေး ခါကာအိမ်ရှေ့ကြိုးတန်း၌ လှန်းပြီး အိမ်ရှေ့ တစ်ဖက်ရပ် 'ဝဲ' ကလေးအတွင်းက ကွပ်ပျစ်ပေါ်ထိုင်သည်။ သံဘူးကလေးကို ဖွင့်သည်။ ဝင်းလက်နေသော သံဘူးကလေးအား ဖွင့်သည့် အမေ့လက် ဝါဝါဖောင်းဖောင်း လေးကလည်း ဆီကိုကိုင်ရဖန်များ၍ ဆီရောင်တောက်ကာ လက်နေသည်။ ဘူးကလေးထဲမှာ နှစ်ဆယ်တန်၊ တစ်ဆယ်တန်၊ ငါးကျပ်တန်၊ ကျပ်တန်များကို တစုတစည်းတည်း အထပ်လိုက် လိတ်ထား၏။ အောက်မှာက ကျပ်စေ့၊ ငါးမူးစေ့၊

www.burmeseclassic.com



မတ်စေ့၊ ဆယ်ပြားစေ့၊ ငါးပြားစေ့တွေရှိသည်။ ငွေစက္ကူအလိတ်ကိုဖြေပြီး ကျပ်တန် ကျပ်တန်ချင်း၊ ငါးကျပ်တန် ငါးကျပ်တန်ချင်း၊ တစ်ဆယ်တန် တစ်ဆယ်ကျပ်ချင်း၊ နှစ်ဆယ်တန် နှစ်ဆယ်တန်ချင်း အစီအရီထပ်ပါ၏။ အဖေက ဘူးထဲမှ အနုတ်စေ့အမျိုးတူလိုက်စီထပ်ကာ ငါးပြားစေ့၂၀ အထပ်ကို ဗလာစာရွက်ဟောင်းနှင့်လိတ်ပြီး ခဲတံဖြင့်အပေါ်မှ ၁/- ဟုရေး၏။ ဆယ်ပြားစေ့ အစေ့ ၂၀ အထပ် စက္ကူလိတ်အပေါ် ကို ၂/- ဟုရေး၏။ တစ်မတ်စေ့ အစေ့၂၀ အလိတ်အပေါ်မှာ ၅/-၊ ငါးမူးစေ့ အစေ့ ၂၀အလိတ်ပေါ်မှာ ၁၀/- နှင့် ကျပ်စေ့ ကိုတော့ ၁၀စေ့ပဲ ထပ်၍လိတ်ကာ စက္ကူပေါ်မှ ၁၀/-ဟု ခဲတံဖြင့် အသီးသီးရေးသည်။ ထို့နောက် အမေရေသောငွေစက္ကူများနှင့် အဖေရေ၍ လိတ်ထားသော အနုတ်တောင့်များကို ရော၍ ငွေ ၁၀၀ကျပ်ကျော်မျှကို စုပုံကာ ‘ ဒါက အရင်း ’ ဟု ပြော၏။ အရင်းနုတ်၍ ကျန်သည့် အနုတ်တောင့်လေးတွေ၊ ငါးကျပ်တန် ကျပ်တန်လေးတွေကို စီထပ်သည်။

အနုတ်တောင့်တွေမှ ပိုသေးသည့် အနုတ်ကလေးများထဲမှ အမေ့ဘေးဝိုင်းအုံနေသော ကျွန်တော်တို့ကို တစ်ယောက်မကျန် တစ်မတ်စေ့ တစ်စေ့စီဝေတာက နေ့တိုင်းဖြစ်သည်။ ထိုတစ်မတ်ဖြင့် ကျွန်တော်တို့ ဇီးယို၊ ကာလစပါးယို ဝယ်စားနိုင်သည်။ ကြာဇံကြော် ခေါက်ဆွဲကြော်ကို မန်ကျည်းမှည့် အချဉ်ရည် ရွှဲရွှဲဆမ်းပြီး စားနိုင်သည်။ လေတံခွန်ဝယ်နိုင်သည်။ ဂျင်ပေါက်နိုင်သည်။ ဆိုင်တန်းရှဲမှာ ရှေ့ဆုံးတန်းက ဓာတ်ရှင်ကြည့်နိုင်သည်။ လေးရက်လောက် ဘာမှမသုံးဘဲ စုထားပြီး ၁/- ပြည့်လျှင် ဦးပု

www.burmeseclassic.com



ဆိုင်မှာ ' နို့အေး ' ဝယ်သောက်နိုင်သည်။ ကျွန်တော်တို့ကလေးများအတွက် လိုအင်ဆန္ဒတွေ တစ်လုံးတစ်ဝတည်း ပြည့်နိုင်သော ' ကုဗ္ဗာသယ ' သံဘူးလေးပင်တည်း။ ထို့ကြောင့် ကျွန်တော်တို့ ရင်ထဲမှာ အမေ့ကပ္ပိတန်စီးကရက် သံဘူးလေးကို စွဲလမ်းနှစ်သက် မေ့မရ ခြင်းပဲဖြစ်ပါသည်။

အမေကလည်း ထိုသံဘူးကလေးကိုဖွင့်ပြီး သားတွေ သမီးတွေ မြေးတွေအထိ တစ်ယောက်မကျန် နေ့စဉ်နေ့တိုင်း ပိုက်ဆံတွေထုတ်ပေး နေရမှ ကျေနပ်သည်။ သားသမီးတစ်ယောက်တစ်လေ၊ မြေးတစ်ယောက်တစ်လေက နေ့စဉ်ရသည့် ဝေပုံကျထက် သာလွန်ပိုကဲပြီး အသုံးအစွဲလေးကြီးသဖြင့် ထပ်မံကာ ရချင်ကြသေးလျှင် အခြားသားသမီးများ၊ မြေးများအလစ်မှာ အမေ့နားကပ်ပြီး ခေါင်းငုံ့လိုက်လျှင် မကြားတကြား ဆဲဆိုပြီး . . .

' သွား ဆီဗျပ်ထဲက ငါ့ပိုက်ဆံဘူး ယူခဲ့။ နင်တော့လား နေနှင့်ဦး၊ ငါ ဗိုက်ကြော ဆွဲလိမ်လိုက်မယ်။ ကဲ ဘယ်လောက်ယူမှာလဲ ' ဟုဆိုကာ တောင်းသလောက် မညည်းမညူ ထုတ်ပေးနေကျဖြစ်သည်။

တစ်ခါတစ်ရံ အမေ့မှာ ထိုဘူးကလေးကို ဖွင့်ကာ ဖွင့်ကာထုတ်ပေးရလွန်းသဖြင့် အရင်းထဲက ပိုက်ဆံတွေပါကုန်သည်။ ထိုအခါ တဖျစ်တောက်တောက် မြည်တွန်ရင်း ထိုဘူးကလေးကို ဖွင့်၍ ပေးမြဲပေးဆဲ ဖြစ်ပါ၏။ ထိုနေ့စဉ် နိစ္စဓူဝ အမေ့အလုပ်ကား အကန့်အသတ်ရက်မရှိ။ သားသမီးတွေ အိမ်ထောင်တွေ အကုန်ကျ။ မြေးတွေ ပေါက်ဖွား။ ထိုမြေးများ အပျိုကြီး၊ လူပျို

www.burmeseclassic.com



ကြီးဖားဖားတွေ ဖြစ်ကုန်ကြလည်း အမေ့သံဘူးကလေး ဖွင့်ကာ တစ်ကျပ်တစ်ပြား ပေးလိုက်ရမှ အမေအိပ်ပျော်သည်။ တစ်နယ် တစ်ကျေးရောက်ကာ မိဘအလုပ် အကိုင်များဖြင့် မန္တလေးသို့ ငွေသောင်းချီ သိန်းချီ အထုပ်ပိုက်ပြီး အလုပ်သဘော လာရောက် သည့် မြေးအကြီးများကိုပင် သံဘူးကလေးဖွင့်ပြီး ငယ်ငယ်ကလို မုန့်ဖိုးလေး ပေးချင်နေသည်။

အိမ်ထောင်ကျကာစ အသက် ၂၀ ကျော်အရွယ်မှ မြေး တွေ အပျိုဖားဖား၊ လူပျိုဖားဖားကြီးတွေ ဖြစ်ချိန် အမေ့အသက် ၆၀ နား နီးသည်အထိ ဆီဗျပ်ခေါင်းရွက် ဈေးရောင်းထွက်ဆဲ ဖြစ်၍ အမေ့ပိုက်ဆံဘူးကလေး ထဲမှာ သစ်ဆွဲဆင်ပုံပါ ဆယ်တန် အပြာလေးမှသည် သခင် ဘိုးလှကြီးပုံပါသည့် ကိုးဆယ်ငါးကျပ် တန်နှင့် ဆရာစံ ပုံပါသည့် လေးဆယ့်ကျပ်တန်အထိ အမေ့ကပ္ပိ တန်စီးကရက် သံဘူးကလေးထဲ အမြဲမပြတ်ရှိနေပါ၏။ တစ်ခု တော့ ရှိတာပေါ့။ ကျွန်တော်တို့ ငယ်ငယ်တုန်းကလို ငွေတစ်ရာ ကျော်မျှကို စုကာ ဘေးဖယ်ပြီး ' ဒါကအရင်း ' ဟုဆိုပြီး နောက် အနုတ်တောင့်တွေ၊ ငါးကျပ်တန်၊ ကျပ်တန် ငွေစက္ကူ အထပ်လေး တွေကျန်ရစ်ကာ အနုတ်တစ်မတ်စီ မုန့်ဖိုးဝေတာမျိုးတော့ မဟုတ် တော့။ ' ဒါကအရင်း ' ဟု ဖယ်လိုက်ရသည့် ငွေစက္ကူကလည်း မနည်းတော့၊ အရင်းဖယ်ပြီး ကျန်သည့် ပိုက်ဆံကလည်း အနည်း ဆုံး နှစ်ဆယ်တန်၊ တစ်ဆယ်တန်ထက်တော့ မသေးတော့. . . အနုတ်ဆိုတာလည်း မမြင်ဖူးတော့။ မုန့်ဖိုးကလည်း ဆယ်တန် တစ်ရွက်လောက်ရမှ မုန့်ဆိုင်ရှေ့ ရပ်ရဲသည့် အနေအထား အပြောင်းအလဲများပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မပြောင်းလဲတာက သားတွေ မြေးတွေ ဘယ်အရွယ် ရောက်ရောက် ကပ္ပိတန်သံဘူး ကလေးထဲက ပိုက်ဆံတွေ 'ရော့'၊ 'အင့်' ဟုထုတ်ပေးနေသော အမေ့အကျင့်ပါတည်း။

၊၂၊

မှတ်မှတ်ရရ ကျွန်တော်တို့တစ်တွေ မွေးကတည်းက နေခဲ့ရသော အိမ်ကလေးမှသည် အစ်မအိမ်သို့ အပြောင်းမှာ အမေ့ ကပ္ပိတန်စီးကရက် သံဘူးကလေးကို မေ့လျော့သွားခြင်း ဖြစ်ပါ၏။ အစ်မအိမ်သို့ မပြောင်းမီ တစ်နှစ်၊ နှစ်နှစ်မှာပင် အသက်အရွယ် အရရော. . . အခြေအနေအရရော အမေဈေးမရောင်းနိုင်တော့ပေ။ သို့သော် အမေ့ ဆီဗျပ်ကလေး၊ အမေ့ဆီပုံးကလေး၊ အမေ့ ဆီမှုတ်ကလေးတွေတော့ ရှိမြဲနေရာမှာပဲ ရှိနေပါသည်။ ဆီသား အိကာ အဝါနှင့်အညိုရောင် အကွက်ကြီးတွေနှင့် အလှကြီးလှ နေသော ဆီခြင်လိပ်ခွံကြီးကတော့ အပြင်မှ တစ်ဆယ်သားချင်း၊ တစ်ခါတစ်ရံ အခန့်သင့်၍ အစိတ်သားမျှဝယ်နိုင်သော ဆီတွေ ထည့်ထားတတ်ပါ၏။ အတော်လေးကြာမှ အမေ့ဆီဗျပ်၊ အမေ့ ဆီပုံး၊ အမေ့ဆီမှုတ်တွေကို ကြွက်သိုက်လုပ်လာသဖြင့် အဖေက ဆေးကြောကာ အိမ်ထဲရှိ သဘော်ဝါး ကြမ်းစင်ပေါ်တင် ထားသည်။ ကပ္ပိတန်သံဘူးလေးက အမေ့ခုတင်ခေါင်းရင်း. . . ဘုရားစင်ပေါ် တင်ထား၏။ အရင်လို ပိုက်ဆံအနုတ်လိတ်တွေ၊ ငွေစက္ကူ အထပ် လေးတွေနှင့် မဟုတ်တော့။

နယ်က တစ်ခါတစ်ရံ လာသည့် သားသမီးတွေ၊ မြေး အိမ်ထောင်သည်တွေ ကန်တော့ကြသည့် ပိုက်ဆံကို ထည့်ထားတတ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုပိုက်ဆံထဲမှ နှစ်ရာတန်တစ်ရွက်ယူကာ အနုတ်ခတ်ထားပြီး ချွေးခံအကျီအိတ်ထဲက နှစ်ဆယ်တန်၊ ဆယ့်ငါးကျပ်တန်တွေ ပေးရမှ ကျေနပ်သည်။

အတူနေ မြေးတွေက သူတို့အမေကြီး (မြေးတွေကအဘွား ခေါ်သူမရှိ၊ တစ်ယောက်မကျန် အမေကြီးပဲ ခေါ်ကြ၏) ကို အကြောင်းသိမို့ ချွေးခံအိတ်ထဲက ပိုက်ဆံမပူဆာဘဲ၊ ဘုရားစင် ပေါ်ရှိ သံဘူးထဲက ပိုက်ဆံပူဆာ ကြသောအခါ ငါးဆယ်တန်မျိုး တစ်ရာတန်မျိုး မြိုးမြိုးမျက်မျက် ရသွားတတ်သည်။ ထိုအခါ ထုံးစံ အတိုင်း ဗျစ်တောက်ဗျစ်တောက် လုပ်ကာသံဘူးလေးဖွင့်၊ အထဲ ကပိုက်ဆံလေး ထုတ်ရင်း. . .

‘ တော်ပြီလား. . . ’ ဟု အမြဲမေးတတ်သည်။

ငါးဆယ်တန်၊ တစ်ရာတန်လေးတွေ ထုတ်ပေးတတ်သည့် တို့အမေကြီးလက်မှာ သူတို့မိဘတွေကို တစ်မတ်စေ့လေးတွေ ဝေပေးသည့် လက်လိုဖောင်းဖောင်း ဝါဝါလေးမဟုတ်တော့ဘဲ အရေတွန့်ကာ၊ အကြောတွေ ပေါ်ပြီး သံဘူးအဖုံးကို အားစိုက် ကာ တုန်တုန်ချိချိ ဖွင့်နေရသော လက်ကလေးတွေ ဖြစ်နေတာ မြေးတွေကတော့ သတိပြုမိကြမှာ မဟုတ်တော့။

‘ အမေ စားချင်တာရှိရင်ပြောလေ၊ စားစရာပဲ ကန်တော့ မယ်။ အမေ့မှာ ပိုက်ဆံသုံးစရာ လိုသေးလို့လား. . ’ ဟု ရပ်ဝေး မှရောက်လာသည့် သားသမီးတွေက ပြောလာတိုင်း

‘ နင်တို့ ကိတ်မုန့်တွေ မစားချင်ဘူး၊ ငါက နေ့သယ် နေ့ခင်းလာတဲ့ ပြောင်းဖူးပြုတ်သည်လေး . . ခိုတောင်မုန့်တီ သည်လေးခေါ်ပြီး စားချင်တာ။ လွှင်လင့်တကူဝယ်စားနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံပဲ ပေးခဲ့ပါ ' ဟု ပြန်ပြော၏။ ထိုအခါ သားသမီးတွေက ' ပိုက်ဆံပေးခဲ့ရင် အမေက ဘာမှဝယ်မစားဘဲ ဟိုလူ့ပေး၊ ဒီလူ့ ပေးလုပ်ပစ်တာ မဟုတ်လား ' ဟု စကြသောအခါ ' ဟိုလူ့ပေး၊ ဒီလူ့ပေးဖြင့် မဟုတ်ပေါင်. .၊ ကိုယ့်မြေးတွေ ကိုယ်ပေးတာပဲ ဥစ္စာ ' ဟု ချက်ချင်းပြန်ပြော၏။

' ဟော. . ဟော. . ပေါ်ပြီ၊ ပေါ်ပြီ။ ဘာမှ ဝယ်မစား ဘူးဆိုတာပေါ်ပြီ ' ဟု စကြလျှင်. . .

' နင်တို့ ငါကြွေးမွေးလာတာ. .၊ ငါပေးကမ်းလာတာ၊ အခုလို. . . ငါဘာမှ မလုပ်နိုင်တော့ မသဒ္ဓါကြတော့ဘူး၊ ငါ့ ဟာငါ ဈေးရောင်းတာမှ ကိုယ်ကြိုက်သလို ပေးနိုင်ကမ်းနိုင် သေးတယ် ' ဟု စိတ်ဆိုးတော့သည်။ ထိုအခါမှ သားသမီးများက ' အမေ့ပေး ချင်တာလည်းပေးပေ့ါ၊ စားချင်တာလည်း ဝယ်မစား ဘဲမနေနဲ့။ မပေးရမှာဆိုပြီး မစားဘဲနေမှာစိုးလို့ပြောတာ ' ဟု ဆိုကာ ငွေစကြေးစများဖြင့် ကန်တော့မှ အမေကျေနပ်သည်။ သည်လိုနှင့်သူ့ ကပ္ပိတန်စီးကရက် သံဘူးဟောင်းလေးထဲ ငွေစက္ကူ တွေထည့်ဘုရားစင်ပေါ်တင် ငွေစက္ကူတစ်ရွက်စ၊ နှစ်ရွက်စ အနုတ် ဖျက်. .၊ ချွေးခံအိတ်ထဲထည့်ပြီး လာသမျှမြေးတွေ ခေါ်ပေး နေသည်။ နေ့လယ်ဘက် နွားနို့ထမင်း၊ ဂျုံယိုစသည် ဖြင့်အမေနှင့် တည့်မည့် သရေစာတွေ ကျွေးလျှင်ပင် ' ငါက ထမင်းစားလိုက်ရမှ ကျေနပ်တာ ' ဟုဆိုကာ ဘယ်တော့မှမစား။

၊၃၊

အဖေ၊ အမေနှင့် ကျွန်တော်တို့က အစ်မအိမ်ရောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မကြာမီမှာပင် ယခင်နေခဲ့သော အမေ့အိမ်လေးမှာ ကျန်ရစ်ခဲ့သည့် အစ်မမိသားစုတွေ မြို့သစ်ပြောင်းကြသည်။ အရင်တုန်းကလို အမေ့ထံသို့ မြေးတွေ ညဥ့်အိပ်ညနေ လာကြဖို့မလွယ်တော့။ ညနေစောင်းတိုင်း စက်ဘီးလေးတွေကိုယ်စီနှင့် လာကြဖို့မလွယ်တော့။ ဥပုသ် တစ်ပတ်တစ်ခါလောက်ပင် အနိုင်နိုင်။ မြေးတွေ အလာကျဲသွားသလို အိမ်အပြောင်းအရွှေ့မှာ အမေ့ဆီဗျပ်ကလေး၊ ဆီပုံးကလေး၊ ဆီမှုတ်ကလေးတွေ၊ ဆီခြင်လိပ်ခွံတွေ ပါလာခဲ့သော်လည်း ဘုရားစင်ပေါ်က ကပ္ပိတန်စီးကရက် သံဘူးကလေး ပါမလာခဲ့တာ (သို့မဟုတ်) အပြောင်းအရွှေ့မှာ အထားအသိုမှားတာ (သို့မဟုတ်) ပျောက်ရှသွားခဲ့တာ အိမ်ပြောင်းပြီး အတော်ကြာကြာအထိ သတိမရမိ။

အိမ်ပြောင်းအပြီး လအတော်ကြာမှာ ရပ်ဝေးက သားသမီးတွေ လာကန်တော့၍ ရလာသည့် ငွေစက္ကူလေး တွေထည့်ဖို့ အမေက သူ့ဘူးကလေးမေးမှ သတိရတော့သည်။ ရှာမရသည့်အဆုံး အဖေ့သေတ္တာထဲမှာ အမြတ်မ်း သော့ခတ်သိမ်းထားခဲ့သော အမေ့ကျောက် လက်ကောက်လေးတစ်ရံ ထည့်ထားသည့် သားရေပိုက်ဆံအိတ် အနက်ကလေးက အခုတော့လက်ကောက်ထည့်စရာ မရှိတော့ဘဲ အလွတ်ဖြစ်နေသောကြောင့် ထိုပိုက်ဆံအိတ် အနက်ကလေးကို ပေးထားရသည်။

ထုံးစံအတိုင်းပဲပေါ့။

ငါးရာတန် အထပ်ကလေး ပိုက်ဆံအိတ်ထဲထည့်၊ ဇစ်ပိတ်။ အိတ်ကလေးကိုခေါက်၊ အမေ့သေတ္တာထဲက သူ့ထဘီခေါက်ကြားထိုးထား လိုက်သည်။ ငါးရာတန်လေး နှစ်ရွက်လောက်ကို

www.burmeseclassic.com

www.burmeseclassic.com



တော့ ငါးဆယ်တန်၊ တစ်ရာတန်လေးတွေလဲကာ ချွေးခံအင်္ကျီအိတ် ထဲထည့်ထားပြီး လာသမျှ မြေးတွေ ရော့၊ အင့် ပေးတော့၏။

အမေလည်း ခုနှစ်ဆယ်ကျော်၊ ရှစ်ဆယ်နီးပြီပေါ့။

အရင်လို ချက်ဟယ်၊ ပြုတ်ဟယ်၊သွားဟယ်လာဟယ် မလုပ်နိုင်တော့ပေမယ့် ငယ်ငယ်က မြို့လုံးအနှံ့ ပြင်ပေါက်စေ့ လှည့်လည်လမ်းလျှောက်ကာ စျေးရောင်းခဲ့ရလို့ ကျန်းမာသည်။

အမေ နေမကောင်းသည့်အခါများ ရှိပါ၏။

သံသေတ္တာထဲ ဖွက်ထားသော ပိုက်ဆံအိတ် အနက်လေး ထဲ ပိုက်ဆံနည်းသွား သည့်အခါ။ အမေ့ ချွေးခံအင်္ကျီအိတ်ထဲ ငွေစက္ကူ အထပ်ကလေး မရှိတော့သည့်အခါ။

ထိုအခါများတွင် အမေမရွှင်ပျဘဲ၊ နေမကောင်း ထိုင်မ သာဖြစ်နေတော့သည်။ သားသမီးနှင့် မြေးကြီးများ တစ်ဦးဦး ရောက်လာကာ တစ်ထောင်စ၊ နှစ်ထောင်စ ကန်တော့လျှင် ထထိုင် မည်။ လေးငါး ခြောက်ထောင် ဆိုလျှင်တော့ အမေ အာစရွှင်ရွှင် နှင့် ရုတ်ခြည်းနေကောင်း တက်ကြွလာမှာ သေချာသည်။

၊၄၊

မန္တလေးမြို့ အစွန်အဖျားက ခြံဝင်းကျယ်ကြီးတွေနှင့် မလှမ်းမကမ်း နေရာလေးမို့ အမေနှင့်အတူ ကျွန်တော်တို့ ပြောင်း ရွှေ့တော့ ကနေဦးအစမှာ ကိုယ့်အိမ်ကိုယ့်ရာလေးနှင့် သူသား သူ့မြေးလေးတွေ နေနိုင်တာမို့ ဝမ်းသာနေသည်။ မနက်စောင်း မျက်နှာသစ်၊ မုန့်ပဲသရေစာလေး စားသောက်ပြီးနှင့် သူ့အခန်းလေး ထဲက နံရံကိုကိုင်ရင်း အိမ်ရှေ့ခန်းဆီ ထွက်လာ၏။ ဇွဲခေါ် လျှင်ပင်

www.burmeseclassic.com

www.burmeseclassic.com



မကြိုက်။ ‘ အမလေး ဆီအချိန်တစ်ဆယ်ကျော်ရွက်ပြီး အသက် ခြောက်ဆယ်ကျော်အထိ တောင်ပြင်၊ မြောက်ပြင် အနှံ့သွားခဲ့ တာပါတော် ’ ဟု ပြောရင်း အဝင်ဝ ကုလားထိုင်မှာ အမြဲထိုင် သည်။ ထို့နောက် ခြံထဲက သစ်ပင်တွေ၊ ငှက်ကလေးတွေ၊ မျက်နှာ ချင်းဆိုင် ခြံထဲက သပြေပင်တွေကြည့်ကာ ငယ်ငယ်က အကြောင်း တွေ၊ သူ့ သားသမီး မြေးမြစ်အကြောင်းတွေ၊ အရပ်ထဲက သူ့ဆီ ဖောက်သည်တွေ အကြောင်းနားထောင်သူရှိက မရပ်မနား ပြောနေ၏။ နားထောင်သူမရှိလည်း ခပ်လှမ်းလှမ်းမှာ အိမ်သား တစ်ယောက်ယောက် ရှိနေမှာမို့ ပြောမြဲပြောနေမည်။

ပြောင်းကာစတော့ အိုးမြို့တောင်ဘက် အစွန်းကနေ ဘတ်စ်ကား ‘ သုံးတန်သုံးလီ ’ စီးကာ ရောက်လာသည့် မြေးတွေ က အဆက်မပြတ်လှတာမို့ သူ့ချွေးခံအိတ်ကို နှိုက်စရာရှိနေတာ ပေါ့။ သို့သော် ဒီကလည်း နေသားကျ။ သူတို့ကလည်း ဥပုသ်နေ့ ပင် နားကြဟန်မတူ ကိုယ့်အလုပ်၊ သူ့အလုပ် တာဝန်ထမ်းပိုး တွေ ပိုလာကြတော့၊ တစ်လတစ်ခေါက်ပင် မရောက်နိုင်တော့။ တချို့လည်း နယ်ပြောင်းသွားကြ။

သည်လိုနှင့် . . .

မနက်လင်းလို့မှ ငှက်ကလေးတွေ စိုးစီစိုးစီအသံနှင့် တကျောင်းကျောင်းနင်းကာ ဖြတ်သွားသော နွားနို့ပို့ စက်ဘီးသံမှ တစ်ပါး အခြားလူသံ သူသံကင်းမဲ့သည့် နေရာလေးမှာ နှစ်လ တစ်ခါပင် မလာနိုင်ကြတော့သည့် တစ်မြို့တည်းနေ မြေးတွေကို မျှော်ရင်း . . .၊ ခြောက်လတစ်နှစ်မှာပင် တစ်ခါနှစ်ခါသာက် ပို မတွေ့ရတော့သည့် ရပ်ဝေးက သားသမီးမြေးမြစ်တွေ မျှော်ရင်း . .

www.burmeseclassic.com

www.burmeseclassic.com



မနက်လင်းတာနှင့် အမေ... အိပ်ယာထဲမှာပဲ ခွေနေသည်။

သူ့.. ပိုက်ဆံအိတ်နက် ကလေးလည်း... ငွေစက္ကူမဲ့ ပြားကပ်နေတာကြာပေါ့။

တစ်ခါတစ်ခါ ရောက်လာကြ၍ ကန်တော့သွားကြသော ငွေစက္ကူအသစ်လေးတွေကို အိတ်ကလေးထဲ ထည့်သိမ်းကာ ဖျာအောက်ဖွက်ရတာ၊ ခေါင်းအုံးအောက်ထိုးရတာ၊ မြေးတွေအသံကြားလို့ ထုတ်ပေးချင်တော့ ဘယ်နေရာထားမိမှန်းမသိ ရှာရတာ၊ သည်သံသရာထဲမှာပင် အမေ အသက်ကိုးဆယ်ကျော်ခဲ့ပါပြီ။

၂၅၊

အခြေမြင့်၊ အနေမြင့်.. မြေးတွေ ကန်တော့သည့် ငွေစကြေးစလေးတွေ ကျစ်ကျစ်ပါဆုတ်ရင်း၊ အဆင်မပြေရှာသော မြေးကလေးတွေ တချို့အလာမှာ ဖဲ့ရွဲ့ကာ ပေးချင်ရှာသော အသက်ကိုးဆယ် ကျော်အရွယ် အမေမှာ အိုကြီးအိုမရောက်လာမှ ပုတီးမကိုင် နိုင်ရှာဘဲ အဆင်ပြေ သောင်သာသည့် မြေးတွေကို အမျှော်ကြီးမျှော်ရင်း ပိုက်ဆံအိတ် အလွတ်လေး တကိုင်ကိုင်ဖြစ်နေ၏။

' အမေကလည်း သူတို့မှာလည်း စီးပွားရေးနဲ့ လူမှုရေးနဲ့ အိမ်ထောင်ရေးနဲ့ သားသမီးနဲ့ အမြဲတမ်း ပုံမှန်ဘယ်လာ နိုင်ပါ့မလဲ။ အမေ့ပိုက်ဆံအိတ်ထဲ ကျွန်တော်လခထုတ်ရင် ပိုက်ဆံဆပ်ထည့်ပေးမယ် စိတ်ချ ' ဟု ကျွန်တော်က ပြောမိလျှင် မျက်ရည်လေး တစမ်းစမ်းနှင့် ' ငါက ငွေမျှော်တာ မဟုတ်ပါဘူးဟယ်၊ လူ

www.burmeseclassic.com

www.burmeseclassic.com



မျှော်တာပါ။ မအားကြမှန်း သိပါတယ်။ အရင်ကတော့ အိုးခွက်လှန်ပြီးစားကြ၊ သောက်ကြ၊ ရယ်ကြမောကြ၊ ချစ်ကြခင်ကြ တရုန်းတရုန်းနဲ့ ဘဝကို လွမ်းတာပါ။ အခုတော့. . . ’ ဟု ဆိုကာ အင်္ကျီလက်ကို မပြီး မျက်ရည်တို့သည်။

အသိုင်းအဝန်းမဲ့ . . အဖော်မဲ့ခြင်း ဝေဒနာက နေ့ခင်းနေ့လယ်ဆိုလျှင် ဟန်ဆောင်နိုင်သော်လည်း လျှပ်စစ်မီးမဲ့၊ အဝန်းအဝိုင်းမဲ့၊ မှောင်မိုက် တိတ်ဆိတ်ည ရောက်လျှင်ဖြင့် အိပ်မပျော်လေ. . . ချောက်ချားလေ. . .၊ ချောက်ချားလေ. . အိပ်မပျော်လေ. . . သံသရာလည်ကာ. . . အားငယ်ကြောက်ရွံ့ခြင်းဖြင့် မိုးစင်စင်လင်းခဲ့ရတာလည်း များမှာပေါ့။

ကြာတော့ . . အမေအိပ်ရာမှာပဲ နေကုန်နေခန်း လှဲနေတော့သည်။ နေ့ခင်းဘက် စားစရာရှိတာစား. .၊ အသိုင်းအဝန်းမရှိတော့အိပ်၊ ညရောက်တော့ အိပ်မပျော်။ ထိုဖြစ်စဉ် ဆက်တိုက်မရပ်မနား. . .။

ထိုအခါ. . .

ညရောက်လေတိုင်း. . . နည်းနည်းလေး ညဥ့်နက်တာ နဲ့ မနက်က၊ နေ့ခင်းက၊ ညနေက သူ့မြေးတွေလာကြတယ်။ ကန်တော့ကြတယ် ဆိုတာ ညတိုင်း တစာစာပြောနေတော့သည်။

အစကတော့ အမေစိတ်ထင်နေတာ။ မဟုတ်ဘူး။ မလာဘူး။ ဒီပိုက်ဆံအိတ်ထဲ ဘာမှမရှိဘူးဟု အကြောက်အကန်ငြင်းနေမိပါပေ၏။ နောက်တော့ သဘောပေါက်သွားသည်။

‘ ဟုတ်တယ် အမေရ. . မနက်က အမေ့မြေး တင်တင်တို့ လာသွားကြတယ်။ သူတို့ ကားနဲ့အမေ့မြစ် တွေလည်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အကြီးကောင်ကြီးက ဆေးကျောင်းတောင် တက်နေပြီတဲ့။ ဆရာဝန်ဖြစ်တော့မှာ။ အမေ့ အတွက်အေပီစီဆေးတွေ၊ ဆာဖာဆေးတွေ အမြဲပေးမှာတဲ့။ တင်တင်တို့ လင်မယားက အမေ့အတွက် ဟောလစ်၊ ပန်းသီး၊ ဘီစကွတ်ထုပ်နဲ့ ပိုက်ဆံငါးထောင် ကန်တော့သွားကြတာ ’

‘ . . . . . . . . . ’

‘ ဟုတ်တယ်။ ဘီစကွတ်ထုပ်တွေကို နေမကောင်းတဲ့ အမေ့မြေး မြို့သစ်က သန်းသန်းဆီပို့ ပေးလိုက်မယ်။ ဘာ ငါးထောင်ထဲက နှစ်ထောင်ကိုလည်း ဆေးဖိုးပေးလိုက်ဦး ဟုတ်လား။ စိတ်ချ၊ ပေးလိုက်မယ်။ ပိုတဲ့ပိုက်ဆံ အမေ့အိတ်ထဲ ထည့်ရမလား . . . ဒီလိုလုပ်လိုက်၊ ကျွန်တော်ပဲ သိမ်းထားမယ်။ အမေလိုတော့ ပြော. .၊ ဟုတ်လား. .။ ဟာ. . . အိမ်ကကောင် အကျႌတောင်းတာ ဝယ်ပေးပြီးပြီ။ မလိုဘူး၊ မလိုဘူး။ နေပေစေ၊ အမေ့ပိုက်ဆံ သိမ်းထား ’

ဤသို့ဖြင့် ဇာတ်လမ်းဆင်. . . မရှိသောငွေကို စီမံခန့်ခွဲပေးကမ်းပေးရ၏။

‘ ဘာ . . ကျွန်တော် အလုပ်သွားတုန်း အမေ့မြေး ဖိုးကျော် ဆိုင်ကယ်နဲ့ လာသွားတယ် ဟုတ်လား။ သူ့မိန်းမရော ပါတယ်ပေါ့။ အမလေး မလာစဖူး၊ ကွေကာအုတ် အထုပ်ကြီးတစ်ထုပ်နဲ့ ပိုက်ဆံဟုတ်လား။ ကောင်းတာပေါ့ဗျာ။ ကွေကာအုတ်ကို မနက်မှ သောက်မယ်ဟုတ်လား၊ ရတယ်ရတယ်။ မနက်ကျ ဖျော်တိုက်မယ်။ ဘာ. . . အိတ်ထဲက ပိုက်ဆံလည်း ယူထား။ နင့်အသုံးလိုရင်ယူထား ဟုတ်လား။ မလိုပါဘူးဗျာ။ သိမ်းထား ပေးပါ့မယ် ’

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုပြီး သူ့ပိုက်ဆံအိတ် အနက်အလွတ်လေးကို ညကြီးမင်းကြီး ယူထားရသေး၏။ မနက်လင်းလျှင် ကွေကာအုတ်ထုတ်ဝယ်ဖို့ သတိထားရဦးမည်။

အမေကတော့ သူ့မြေးနှစ်ကျိပ်ကျော်ကို နာမည်နှင့်တကွ အလုပ်အကိုင် နေရပ်မကျန် မှတ်မိနေလို့ ဝမ်းသာရ၏။ ညရောက်လျှင်ဖြင့် အခန်းဆက်ဇာတ်လမ်းတွဲပမာ နာမည်နှင့်တကွ အတိအကျ အမေမအိပ်ဘဲ ဇာတ်စုံခင်းသည်။ ထိုဇာတ်လမ်းထဲမှာပဲ အမေက အဆင်ပြေသည့်မြေး သားများကန်တော့သော ငွေကြေးပစ္စည်းဖြင့် အဆင်မပြေချို့တဲ့ရှာသော မြေးသားများကို ဝေငှပေးကမ်းသည်။ ပိုက်ဆံအိတ် အနက်အလွတ်ကား ညရောက်လျှင် ငွေကြေးပမာဏ တချို့နှင့်တကွ ကျွန်တော့်ပေးလိုက်။ ပြန်ယူလိုက်။

အမေ့ဇာတ်လမ်းတွဲက လင်းခါနီးမှ ပြီးပြတ်ကာ အိပ်ပျော်သွားတော့သည်။

၊ခ၊

ထိုနေ့က သီတင်းကျွတ် လပြည့်ကျော် (၁)ရက်နေ့ဖြစ်၏။

ထူးထူးခြားခြား မနေ့ညက တစ်ညလုံး အမေ့ဇာတ်လမ်းတွဲရပ်ခါ ညနေ နေဝင်အိမ်မှာ ဖယောင်းတိုင်ဆီမီးတွေ ဝေဝေမြိုင်မြိုင် ထွန်းညှိပြီး လပြည့်ညထိန်ထိန်သာသာ အောက်မှာ ညဥ့်နက်သည်အထိ အိပ်ရာမဝင်ရက်ဖြစ်ခဲ့။ ညနေစောင်း မီးထွန်းပူဇော်ဖို့ ဆီမီးခွက်ဖယောင်းတိုင်တွေ ပြင်ဆင်ရင်း အမေ့ကိုညာစာကျွေးတော့. . .

' ဒီနေ့ သီတင်းကျွတ် လပြည့်နေ့လား ' ဟု အမေမေး၊

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ အမေရဲ့ဟု ပြောဖြစ်သည်။ ညစာ ကျွေးမွေးအပြီး အိပ်ယာပြင် ခြင်ထောင်ချပေးကာ မီးတွေထွန်းညှိ။ ကောင်းကင်ပေါ် တစ်လုံးပြီး တစ်လုံးတက်လာတဲ့ မီးပုံးပျံတွေ မော့ကြည့်နေမိကြဆဲ အမေက ထူးထူးခြားခြား တိတ်ဆိတ်နေသည်။ အခါတိုင်း ဒီလိုအချိန်ဆို အမေ့ ဇာတ်လမ်းတွဲ စ,နေကျ။ ဒီကနေ့မှ တိတ်ဆိတ်နေ၏။ သတိရလို့ ခြင်ထောင်လှပ်ကြည့်တော့ အိပ်ပျော်နေသည်။

အတန်ငယ်အေးလာ၍ မီးပုံးလေးတွေ သိမ်းကာ တံခါး ပိတ် အိပ်ယာဝင်တော့ အမေ့ခြင်ထောင်လှပ်ကြည့်သည်။ နှစ်နှစ်ခြိုက်ခြိုက်ပါပဲ။ တကယ် နှစ်နှစ်ခြိုက်ခြိုက်ပါပဲ။

ထိုညက. . . ဝင်းလဲ့ အိန္ဒြန်းလရောင်မှာ ကျွန်တော်လည်း တစ်ရေးတည်း တောက်လျှောက် အိပ်ပျော်သွားပါ၏။ ထို့ကြောင့် နောက်နေ့မနက်မှာ ကြည်ကြည်လင်လင် ဖြစ်နေ၏။ မနေ့ညက တောက်လျှောက်အိပ်နေလို့ အမေနိုးများနေသလားဆိုကာ ခြင်ထောင်လှပ်ကြည့် ဖြစ်သည်။ အသက်ရှူသံ မှန်မှန်ဖြင့်အိပ်ပျော်ဆဲ။

အရင်နေ့တွေ အိပ်ရေးပျက်ပေါင်းများလို့ အိပ်ပါစေတော့။ ဤသို့ဖြင့် ကျွန်တော်လုပ်စရာ ရှိတာလုပ်ရင်း နံနက်(၁၀)နာရီထိုးသွား၏။ အမေ့ကိုနှိုး။ မနက်စာကျွေးကာ ဆေးတိုက်ပြီးအပြင်သွားမည်။ ထို့ကြောင့် အမေ့ကို နှိုးဖြစ်သည်။ ခြင်ထောင်လှပ်ကာ အခါတိုင်းလို ' အမေထတော့ မှာလား ' ဟူသော အမေးမှာပင် အမေမျက်လုံး ဖွင့်ကြည့်သည်။ ' ထရတော့မှာလား ' ဟုမေးတော့ ' ထလေ၊ မျက်နှာသစ်ပြီး စားစရာရှိတာ စားရမှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ’ ဟု ပြောရ၏။

အမေ့ကိုယ်ပေါ်မှ စောင်တွေကို ဖယ်ရင်း . .

‘ မနေ့ညကတော့ လသာသာနဲ့ အမေလည်း အိပ်လိုက်တာ မနက်လင်းထိ အခုလည်း နိုးတောင်ယူရတာ၊ ဒီလိုတော့လည်း အိပ်ပျော်သားပဲ ’ ဟု ကျွန်တော်ကပြောသည်။ အမေက စောင်းအိပ်နေရာမှ ဘယ်လက်ဖြင့် ခုတင်ကို အားပြု ထောက်ကာ ဖြည်းဖြည်းချင်း ထရင်း . .

‘ နင်တို့ မီးတွေ ထွန်းကတည်းက အိပ်မပျော်ဘူး။ တစ်ညလုံး တစ်မနက်လုံး တောင်တွေး မြောက်တွေးနဲ့။ မှတ်မှတ်ရရ မနက်လင်းလို့ နင်တို့ တံခါးဖွင့်သံကြားမှ မှေးခနဲ ပျော်သွားတာပဲ။ ဒါလည်း ခဏပါပဲ။ နင် မနိုးခင်ကတည်းက ငါနိုးနေသာ၊ အသာငြိမ်ငြိမ်လေး မျက်စိမှိတ်ရင်း လှဲနေတာ ’ ဟု ခပ်တိုးတိုး ပြောရင်း ကျွန်တော့်ကို ခပ်ကြာကြာ လှမ်းကြည့်နေသည်။

မနေ့ညက နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ရ၍ ကြည်လင်နေသော အာရုံမှာ ဝေဒနာတစ်ရပ် ဆောင့်တွန်းဝင်ရောက်လာသည်။ အားလျော့ဖျော့တော့ မှုန်ရီနေသော အမေ့မျက်ဝန်းသည် တွဲကျပိတ်လု မျက်ခွံအိတ်ကြားမှ စကားတွေတစ်သီကြီး ပြောလိုက်သလို ခံစားရ၏။ ကျွန်တော်သည် အမေ မျက်နှာသစ်ရန် ရေဇလုံကို ရေဖြည့်ရင်း . . .

‘ အမေ အိပ်နေလို့ မနိုးတော့တာ၊ စောစောလေးကတင် အမေ့မြေးတွေ တစ်အုပ်ကြီး အမေ့ကို သီတင်းကျွတ်လာပြည့်မို့ လာကန်တော့ကြတာ။ မနေ့က မလာဖြစ်လို့တဲ့။ တင်တင်ရော၊ ရင်ရင်ရော၊ ခင်ခင်ရော၊ ဖိုးကျော်၊ ဖိုးဇော် ညီအစ်ကိုရော၊ မိစုတို့

www.burmeseclassic.com



နိုင်နိုင်တို့ မောင်နှမရော၊ ကားနှစ်စီးနဲ့ လာလိုက်ကြတာ။ ကလေးတွေရော တစ်အုံတစ်မကြီး။ ကိတ်မုန့်တွေ၊ ပေါင်မုန့်တွေ၊ အချိုရည်ဘူးတွေ၊ မုန့်ထုပ်တွေ၊ အိုဗာတင်းတွေ၊ မိုင်လိုပုလင်းတွေရော၊ အို စုံလို့ စုံလို့။ ပြီးတော့လေ အမေ. . . သုံးချင်တာ သုံးဖို့၊ ဝယ်ချင်တာဝယ်ဖို့၊ လှူဖို့ တန်းဖို့တဲ့။ တစ်ယောက်ကို သုံးထောင်စီ ကန်တော့သွားကြတာ။ ပြီးခဲ့တဲ့ အပတ်ထဲက သင်းသင်းလာကန်တော့ သွားတာရောဆိုရင် အမေ့ပိုက်ဆံအိတ်ထဲမှာ ငွေတစ်သောင်းကျော်၊ အင်း. . အဲ. . တစ်သောင်းရှစ်ထောင်လောက်ရှိမှာ။ အဲဒါ. . . ' တတွတ်တွတ်ပြောနေသော ကျွန်တော့်၏စကားကို အမေက စိတ်မဝင်စား။ ကျွန်တော့် စကားမဆုံးမီမှာပင် မျက်နှာသစ်နေရာမှ လက်စသတ်ကာ မျက်နှာသုတ်ပဝါ လှမ်းတောင်းသည်။ တွန့်လိမ်လျှော့ရဲနေသော မျက်နှာကို ခပ်ဖွဖွလေး သုတ်ရင်း . . .

' ငါ့ပိုက်ဆံအိတ်ကလေး ဘာမှထည့်စရာ မရှိဘူးဆိုပြီး ပစ်မထားပါနဲ့ဟယ်။ ပျောက်သွားပါ့မယ်။ နင့်အဖေပစ္စည်းဆိုလို့ အဲဒီ အိတ်ကလေးပဲ ကျန်တာ. . ' တဲ့။

အမေ့ မျက်ဝန်းထောင့်စွန်း အရေးအကြောင်းတွေကြားမှာ မျက်နှာသုတ်ပဝါဖြင့် သုတ်နေသော်လည်း မျက်ရည်တို့က အဆက်မပြတ် စို့နစ်နေ ဆဲဖြစ်သည်။ . . . . .

ဆူးငှက်

www.burmeseclassic.com

<u>မစန္ဒာ</u>

# အလှတရားကိုတွေ့ရှိခြင်း

*"မင်း မသေခင်လေးမှာ ဒီကမ္ဘာ ဒီလောကကြီးမှာ မင်းရဲ့လုပ်ရပ်ကြောင့် စိတ်ဆင်းရဲခဲ့ရတဲ့သူ မရှိခဲ့ဘူးဆိုတာ တွေးလိုက် နိုင်ရဲ့လား အေးမယ် "*

www.burmeseclassic.com

www.burmeseclassic.com



# အလှတရားကို တွေ့ရှိခြင်း

ခာတ်ဆီဆိုင်တွင် တန်းစီးနေစဉ် ထိုကောင်မလေး “အေးမယ်” ကိုစ၍ မြင်ဖူးခြင်းဖြစ်သည်။ စမြင်လျှင် မြင်လိုက်ချင်း၌ပင် “ဟ. . အတော်ကိုမလှတာဘဲ” ဟု တွေးလိုက်မိကြောင်းကိုလည်း ကျော်ဇေယျ မှတ်မိလေသည်။

ထိုနေ့က မိုးရွာနေသည်။ သဲသဲမဲမဲ မဟုတ်သော်လည်း မှုန်မှုန်ဖွဲဖွဲလည်း မကပေ။ ထိုမိုးထဲတွင်ဆင်းပြီး ခာတ်ဆီဖြတ်ပိုင်း သွားဖြတ်ရမည်ကို ပျင်းနေမိစဉ် “ စာအုပ်ထပ်ပေးရမလား အစ်ကို ” ဟူသော မေးသံကို ကြားရသည်။

အသံ ကြားရာ ဘေးဘက်မှန်ပေါက်ကို လှည့်ကြည့်လိုက်တော့ ရေချိုးခန်းထဲတွင် ဆောင်းတတ်သော ပလတ်စတစ်အပါးစား ခေါင်းစွပ်ပြားပြားလေးကို ဆောင်းထားသည့် မျက်နှာ မည်းမည်းလေး တစ်ခုကို တွေ့ရသည်။ သူက ချိုသာသော အသံနှင့် ပြုံးပြုံးလေး မေးလိုက်ခြင်းပင်ဖြစ်သည်။ သို့သော် သူ့ခမျာ ကံမကောင်းရှာလေတော့ အသားလေးမည်းရုံ၊ နဖူးလေး မောက်ရုံသာမက ရှေ့သွားတွေ တစ်ပြုံလုံးကလည်း အပြင်ဘက်သို့ ခေါ်ထွက်နေသေးသည်။ ဒီတော့လည်း ပြုံးသည်ကပင် ပြုံးသည်နှင့်မတူပဲ ပြောင်ဖြဲဖြဲလုပ်ပြသလို ဖြစ်နေရှာလေသည်။

“ အင်း. . အတော်ပဲ၊ ခြောက်ဂါလန်နော် ”

ကျော်ဇေယျက ကားခာတ်ဆီ စာအုပ်နှင့်အတူ တစ်ထောင်တန် တစ်ရွက်နှင့် ရာတန်တစ်ရွက်ကိုပါ ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက လှမ်းယူကာ သူ့လက်ထဲတွင် အဆင်သင့်ကိုင်ထားသော ကျွတ်ကျွတ်အိတ်ထဲ ထည့်သည်။ အိတ်ထဲတွင်လည်း အခြားစာအုပ် သုံးလေးအုပ်ကို တွေ့ရသည်။

" တော်ပါသေးရဲ့ဗျာ "

မိုးရေထဲ မဆင်းရတော့သည့် အတွက် ကျော်ဇေယျ အတော်စိတ်ချမ်းသာသွားသည်။ ကားထဲတွင် လူပိုပါလာလျှင် မထောင်းတာလှသော်လည်း လူပိုပါမလာသော အခါများတွင် ခါတ်ဆီထည့်ရသည်မှာ အဆင်မပြေလှပေ။ ကားတန်းရှည်ရှည်တွင် ဝင်၍တန်းစီထားရာမှ ကားရပ်ပြီး စာအုပ်သွားထပ်ရသည်။ ထိုအချိန်တွင် ကားတန်းရွေ့လျှင် စာအုပ်ထားခဲ့ပြီး အပြေးပြန်လာကာ အမြန်ပြန်မောင်း၊ ထို့နောက် ပြန်ရပ်၊ ပြန်ဆင်းပြီး ဖြတ်ပိုင်းပြေးယူ စသော အလုပ်များက တော်တော်လေးကသီသည်။ မိုးရွာလျှင်ပို၍ပင်ဆိုးတော့သည်။ ထိုအခက်အခဲကို အချက်ကျကျဝင်ပြီးဖြေရှင်းပေးသည့် အတွက် ထိုအရုပ်ဆိုးဆိုး ကောင်မလေးကို ကျေးဇူးတင်နေမိသည်။ သူ့အတွက်တော့မသိ၊ ကိုယ့်အတွက်တော့ အဆင်ပြေလှသည်က အမှန်ပင်။

" ခြောက်ဂါလန် ဆိုတော့ တစ်ထောင့်နဲ့ ရှစ်ဆယ်၊ ပေးလိုက်တာက ထောင့်တစ်ရာ ဆိုတော့ နှစ်ဆယ်ပိုတယ်၊ ပိုတဲ့နှစ်ဆယ်ပဲ သူ့ကိုပေးရင်တော့ နည်းမယ်ထင်တယ်၊ ငွေနှစ်ဆယ်ဆိုတာ ဘူးသီးကြော်တစ်ခုတောင် ရတော့တာမှမဟုတ်တာ "

ဘူးသီးကြော်က အတွေးထဲတွင် ပါလာတော့ သူက သူ၏ချစ်သူ အိမွန်ကို ချက်ချင်းသတိရသည်။ အိမွန်က ဘူးသီးကြော်ကြိုက်သည်။ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်ဝင်းထဲတွင် ကျောက်မျက်သင်

www.burmeseclassic.com



တန်း တက်နေသော အိမ္ပွန်နှင့်ကမာရွတ် သုခလမ်းထဲတွင် ဆောက်နေသော တိုက်အိမ်တစ်လုံးကို ကြီးကြပ်နေရသော သူတို့နှစ်ဦးအတွက် အင်းလျားကန်စောင်းက ဘူးသီးကြော်ဆိုင်သည် ဘူမိနက်သန်ဖြစ်လေသည်။ အိမ္ပွန်နှင့်အတူ ဘူးသီးကြော် စားနေရသည်မှာ သူ့ဗိုက်ထဲတွင် ဘူးသီး ဆယ်လုံးစာခန့်လောက် ရောက်နေပြီ ထင်သည်။ သို့သော်လည်း အိမ္ပွန်ဆီမှရေရာ တိကျသော အဖြေကိုမူ မရရှိခဲ့သေးပေ။

တစ်ခါတစ်ရံတော့လည်း " ငါဘာလို့ အိမ္ပွန်ကို လိုချင်တာပါလိမ့် " ဟု ကိုယ့်ကိုကိုယ်ပြန်မေးမိသည်။ ထိုအခါမျိုးတွင် ကိုယ့်ကိုကိုယ် သိပ်ဝန်မခံချင်သော်လည်း " လှလို့ " ဟူသော အဖြေကို ချက်ချင်းရလေသည်။

အိမ္ပွန်က လှသည်။ နဂိုက လှသည့်အထဲတွင် သူ့ကိုယ်သူလည်း လှသည်ထက် လှအောင် ပြင်တတ်ဆင်တတ် ဝတ်တတ်၊ စားတတ်လေသည်။ သူ၏ ဆံပင်ပုံစံ၊ အဝတ်အစားများ သာမက စီးသောဖိနပ်ကလေး များကအစ သူနှင့်အဆင်ပြေ လိုက်လျောပြီး ကြည့်၍ကောင်းလှသည်။ ထို့ကြောင့်လည်း တိမ်းကာ ယိမ်းကာနှင့် လှပြနေသော မအိအိခိုင်မွန် ပန်းအလှနားတွင် ရစ်သီပျံဝဲနေသော ပျားပိတုန်းတွေ များနေခြင်းဖြစ်မည် ထင်သည်။သူရိုးတိုးရိပ်တိတ် သိရသလောက်တော့ သူ့လို အင်ဂျင်နီယာကနှစ်ယောက်၊ ဆရာဝန်တစ်ယောက်နှင့် ကုမ္ပဏီပိုင်ရှင် သူဌေးသားတစ်ယောက်၊ ကွန်ပျူတာ ကျွမ်းကျင်သူတစ်ယောက် ပေါင်းငါးယောက်ကို ဆန်ကာတင် ရွေးချယ်ထားပြီးပြီတဲ့။

" ရပြီ အစ်ကို "

www.burmeseclassic.com



တွေး၍ ငေး၍ ကောင်းဆဲတွင် ကောင်မလေး ပြန်ရောက်လာသည်။ ခေတ်ဆီစာအုပ်၊ ဖြတ်ပိုင်းနှင့်တကွ ပိုငွေနှစ်ဆယ်ကို ပါတရိုတသေ လှမ်းပေးသည်။

သူက ငွေနှစ်ဆယ်ကို လှမ်းယူကာ ငါးဆယ်တန်တစ်ရွက် ပြန်ပေးလိုက်တော့ ကောင်မလေးက ပြောင်ပြ၊ အဲ့. . ပြုံးပြလေသည်။

“ နှစ်ဆယ် ဆိုရင် ရပါတယ်အစ်ကိုရယ်၊ ငါးဆယ် ပေးတော့လဲ ကျေးဇူးပါပဲ ” ဟုကျေးဇူးတတင်ပြောသည်။ မိုးရေစက်တွေတင်နေသော သူ့မျက်နှာကို အနီးကပ် ထပ်မြင်လိုက်ရသော ကျော်ဇေယျကမူ “ ဩော်. . သူ့ခမျာ မျက်ခုံးမွေးကလဲ တစ်မျှင်နှစ်မျှင်ပဲ ပါရှာတာကိုး ” ဟု တွေးလိုက်မိရပြန်လေသည်။

♠ ♠ ♠

ဆန်းတော့လည်း အဆန်းသားပင်။ ခေတ်ဆီသွားထည့် တိုင်းတစ်လခန့် ရက်ခြားမြင်တွေ့နေရတော့ မျက်စိ ယဉ်လာသည်ဟု ဆိုရလေမလားမသိ။ ကောင်မလေးကို “ ရုပ်ဆိုးလိုက်တာ ” ဟု မထင်တော့ဘဲ ကြည့်ပျော်ရှုပျော် ဖြစ်လာသည်။ မပြုံးလည်းပေါ်၊ ပြုံးလည်းပေါ်၊ မရယ်လည်းပေါ်၊ ရယ်လည်းပေါ်နေသော သူ၏ ရှေ့သွားများကိုလည်း ကြည့်ရခက်မနေတော့ဘဲ အမှတ်မထင် ဖြစ်လာသည်။

သူ့ကိုမြင်လိုက်တိုင်း ဟိုကားဆီပြေးလိုက်၊ ဒီကားဆီပြေးလိုက်နှင့် ပျာယာခတ်နေသည်ကို တွေ့ရသည်။ သူ့ကိုပြိုင်နေသူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးမျှမရှိပါပဲနှင့် သူ့ဟာသူ တစ်ယောက်တည်း ပြိုင်နေကာ အလုပ် လောဘကြီးနေဟန် ရှိသဖြင့် ပြုံးရယ်ချင်စရာ ဖြစ်နေတတ်သည်။

" ကောင်မလေးတော့ သူ့အလုပ်နဲ့သူပျော် နေတာပဲ သူ့အလုပ်က အရင်းအနှီးလည်းမလို၊ သိပ်လည်းမပင်ပန်း၊ ဝင်ငွေကလဲ မဆိုးဘူးဆိုတော့. . . အင်း. . ငါထင်တယ်၊ သူ့လို လိုက်လုပ်တဲ့ သူတွေတော့ အပြိုင်ပေါ် လာဦးမှာပဲ "

သူက ထင်ရုံပင် ရှိသေးသည်။ ကောင်မလေး၏ အလုပ်ကို အသက်သုံးဆယ်ကျော် မိန်းမနှစ်ယောက်က ခပ်ပြောင်ပြောင် ခပ်တင်းတင်းပင် ဝင်လုနေကြလေတော့သည်။ တစ်ယောက်က ဖြူဖြူပိန်ပိန်၊ နောက်တစ်ယောက်က မည်းမည်းဝဝ ဖြစ်သည်။ ဓာတ်ဆီဆိုင်ဝင်းထဲသို့ ကားဝင်လာသည်နှင့် သူတို့နှစ်ဦးက ကားဆီသို့ အလုအယက် ပြေးလာကြကာ " စာအုပ် ထပ်မယ်မဟုတ်လား အစ်ကို " ဟု ပြိုင်၍အော်ကြလေသည်။

သူတစ်ဦးတည်းတုန်းက ပျာယာခတ်နေတတ်သော ကောင်မလေးသည် အခုတော့လည်း ငြိမ်နေလေသည်။ အလုအယက်အော်နေကြသော မိန်းမနှစ်ဦးနှင့်ပြိုင်ပြီး လုမနေဘဲ ခပ်လှမ်းလှမ်းမှသာ အကဲခတ်နေတတ်သည်။

ကောင်မလေးသည် အကဲခတ်ရင်း တဖြည်းဖြည်း ရှေ့တိုးမလာဘဲ နောက်ဆုတ် သွားဟန်ရှိသည်။ နောက်တစ်ပတ် သူ ဓာတ်ဆီသွားထည့်တော့ မတွေ့ရတော့ပေ၊ သူက " စာအုပ်ထပ်မယ် မဟုတ်လား အစ်ကိုလေး " ဟုလာမေးသော ဖြူဖြူပိန်ပိန် မိန်းမကိုမသိကျိုးကျွံပြုရင်း ကိုယ်တိုင်ဆင်းပြီး စာအုပ်ထပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက အတန်ငယ် ဟန်များချင်သူမို့ အမေးခက်၍ မမေးမိသော်လည်း သူ့ရှေ့မှ အက်(စ)အီး လီမိတတ် ကားကလေးထဲမှ အမျိုးသမီးကတော့ "ကောင်မလေး မလာတော့ဘူးလား " ဟု ဆီထည့်ပေးနေသော ဝန်ထမ်းကိုမေးနေသံကြားရသည်။ "ဒီအလုပ်က သူစတဲ့အလုပ်ပဲဟာကို၊ ကျွန်မသာဆိုရင်တော့ ဒီလိုလွယ်လွယ်နဲ့ရှောင်မပေးဘူး " ဟု ပြောသံကြားရတော့ ကောင်မလေးကို မေတ္တာထားကြသားပဲဟု သူက ကြားကနေပြီး ကျေနပ်လိုက်မိသေးလေသည်။ ဓာတ်ဆီဆိုင် ဝန်ထမ်းက "ရန်မလိုတော့ ရန်ပြုတာပေါ့ အစ်မရယ် " ဟု မှတ်ချက်ချသည်။

ကောင်မလေးက ရန်မလိုသည့်အတွက် ရန်ပြုသွားသည်မှာမှန်သော်လည်း ကိုယ်နှင့်မဆိုင်ပါပဲနှင့် ရန်လိုနေမိသည်က ကျော်ဇေယျ ဟူသောသူကိုယ်တိုင်ဖြစ်သည်။ ခပ်စွာစွာ မိန်းမနှစ်ဦးက အရောဝင်ရန် ကြိုးစားကြသော်လည်း သူက ကောင်မလေးဘက်မှ အချောက်တိုက် စိတ်တိုကာ မျက်နှာကြောကို တင်းထားမိသည်။ သူတို့ကို ပိုက်ဆံ မပေးချင်သည့်အတွက်လည်း ကိုယ်တိုင်ကိုယ်ကျ အပင်ပန်းခံကာ ဖြတ်ပိုင်းကို ဆင်းဖြတ်နေမိတတ်လေသည်။

အိမွန်နှင့်အတူ ဘူးသီးကြော် စားရင်းပင် ထိုကောင်မလေးအကြောင်း ပြောပြခဲ့မိသေးသည်။ အိမွန်က ဓာတ်ဆီဆိုင် ဝန်ထမ်းလေးလို " ရန်မလိုတော့ ရန်ပြုတာပေါ့ " ဟုမပြောချေ။ အက်(စ)အီးကားမောင်းသော အမျိုးသမီးလိုပင် " သူ့နေရာမှာသာအိမွန်ဆိုရင် သူ့လိုဘယ်တော့မှ လျှော့မပေးဘူး သိလား၊ ကိုကျော်ဇေယျ " ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆက်၍ ပြောသော အိမွန်၏ အဘိဓမ္မာကို ကြားရတော့ သူပင်လျှင် အတန်ငယ် ဖြုန်သွားလေသည်။

" လူ့ဘဝဆိုတာ လက်ဝှေ့ကြိုးဝိုင်းနဲ့ တူတယ်ကိုကျော်ဇေယျရဲ့၊ ကိုယ်က ဒီကြိုးဝိုင်းထဲ ရောက်နေပြီဆိုမှတော့ ထိုးချင်သည်ဖြစ်စေ၊ မထိုးချင်သည်ဖြစ်စေ ကိုယ်ကဦးအောင် ထိုးကိုထိုးရမှာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ်မထိုးရင် သူကကိုယ့်ကို အလဲထိုးပြီး အနိုင်ယူသွားမှာ မဟုတ်လား "

" ဒီလိုလဲ တရားသေ မဟုတ်သေးဘူးလေ အိမွန်ရဲ့၊ ဗုဒ္ဓဘာသာ တရားတော်မှာ မေတ္တာတရား၊ ကရုဏာ တရား၊ ခန္တီတရား ဆိုတာတွေ ရှိနေသေးတာပဲ "

သူကပြောတော့ အိမွန်က သူ့ကိုလှောင်သလို လှမ်းကြည့်သည်။

" အဲဒါက ကြိုးဝိုင်းထဲ ဝင်ပြီးအထိုးခံမယ့်သူတွေ အတွက်ပါ ကိုကျော်ဇေယျရယ်၊ ထိုးမယ့်သူအတွက် မဟုတ်ဘူး "

အိမွန်၏ မျက်လုံးလေးများသည် ရွှန်းလဲ့ တောက်ပဆဲ၊ ပန်းသွေးရောင် ကြွနေသော မျက်နှာဖူးဖူးလေးက လှပနုပျိုဆဲပင် ဖြစ်သော်လည်း သူ့မျက်စေ့ထဲတွင် အတန်ငယ် အလှလျော့သွားသည်။ ယခင်က သူသတိမထားခဲ့မိသော မာန်မာနတရားကို မြင်လိုက်ရသောကြောင့် ဖြစ်မည်ထင်သည်။

♠ ♠ ♠

တစ်လလောက်နေတော့ ကျော်ဇေယျသည် ကောင်မလေးကို ပြန်တွေ့ရပြန်သည်။ ဒီတစ်ခါတော့ ဓာတ်ဆီဆိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ဘဲ သူ၏ အလုပ်ခွင်တွင် ဖြစ်သည်။

သူ့မျက်နှာက မှတ်မိလွယ်သော မျက်နှာဖြစ်၍ ကျော်ဇေယျ ချက်ချင်းမှတ်မိသည်။ မဲနယ်ရောင် မွဲမွဲ ရှပ်အင်္ကျီတွင် ချွေးစီးကြောင်းတွေ စီးထင်နေတော့ နဂိုထဲက မလှသော မျက်နှာ မှာပိုပြီး ကြည့်ရဆိုးနေရှာသည်။

" အင်းလေ. . . အုတ်ခဲ ခြောက်လုံးရွက်ပြီး သုံးထပ်တိုက် ပေါ်တက်ရတာက ဓာတ်ဆီစာအုပ် ထပ်တာလောက်တော့ ဘယ် လွယ်ပါ့မလဲ "

သူက သက်ပြင်းကို မသိမသာရှိုက်ရင်း တွေးမိသည်။ ဒါက အလုပ်ခွင်ထဲက ပန်းရံခကျွေး ကောင်မလေးများ လုပ်နေကျ အလုပ်မျိုးဖြစ်သည်။ အချို့ကျွမ်းကျင်ကြသူများက ရှစ်လုံး ဆယ်လုံး ထိရွက်တတ် ကြသည်။ ဒီထက် သက်သာအောင်လည်း သူမကူ ညီနိုင်။ တစ်ခါတစ်ရံကျလျှင်တော့ သူတို့တွေ လုပ်ကိုင်နေကြရတာ ကိုစာနာစိတ်နှင့် ကြည့်ပြီး စိတ်မကောင်း ဖြစ်ရတတ်သည်။ သူ သာဆိုလျှင် မဆလာဗန်းကိုလည်း ခေါက်တုံ့ခေါက်ပြန် ရွက်နိုင်မည် မထင်။ အုတ်ခဲရွက်နိုင်ဖို့လည်း မလွယ်ချေ။ ထိုသို့သာ လုပ်ရမည်ဆို လျှင်လည်း နောက်တစ်နေ့ အိပ်ရာမှ ထနိုင်မည်မဟုတ်ချေ။

လေးထပ်တွင် ကွန်ကရိတိုင်များ သံချောင်းချည်ထား သည်ကို တက်စစ်ဆေးပြီး ပြန်ဆင်းလာတော့ အုတ်ပုံဘေးတွင် ငုတ်တုတ် ထိုင်နေသော ကောင်မလေးကို တွေ့ရသည်။ အုတ်ပုံ ရိပ်တွင် ခေတ္တခိုကာ အမောဖြေနေဟန် ရှိသည်။

" ဓာတ်ဆီဆိုင် မလာတော့ဘူးလား "

သူက ကောင်မလေး၏ ရှေ့တွင်ရပ်ကာ မေးလိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက တအံ့တသြနှင့် မော့ကြည့်သည်။ သူ့ကို ချက်ချင်း မှတ်မိဟန်မတူ။

" မလာတော့ပါဘူး အစ်ကိုရယ် "

သူ့ကို အသေအချာ မမှတ်မိသော်လည်း သူစာတ်ဆီဖြတ်ပိုင်းဖြတ်ပေးခဲ့သော သူပေါင်းများစွာထဲမှ တစ်ဦးဟု ဆိုသည်ကိုတော့ သဘောပေါက်သွားပုံရလေသည်။

" ဘာဖြစ်လို့လဲ "

သူက ကောင်မလေး၏ အဖြေကို သိချင်နေသည်။ ကောင်မလေးက ချက်ချင်းမဖြေ၊ အုတ်ပုံဘေးတွင် ရှိနေသော အုတ်ခဲကျိုးများကို ငေးကြည့်နေပြီးမှ " အစကတော့ ပြိုင်ပြီးရန်ဖြစ်ဦးမလို့ပါပဲ၊ ဒါပေမဲ့ သူတို့က ကျွန်မထက်ဆင်းရဲတယ်၊ နောက်ပြီး ကလေးတွေနဲ့ " ဟု ခပ်တိုးတိုး ပြောသည်။

ထို့နောက် သူ့ကို ပြောင်ပြ အဲ့ . ပြုံးပြကာ " သွားတော့ မယ်နော်၊ အကြာကြီးနားနေရင် အဆူခံရမှာစိုးလို့ပါ " ဟု ပြောပြီး ခပ်သုတ်သုတ် ထွက်သွားသည်။ ကောင်မလေးကို ကြည့်ရသည်မှာ သူ့ကိုလည်း ဒီလုပ်ငန်းခွင်မှ အကြီးဆုံးသောသူဟူ၍လည်း သိပုံမရချေ။ အရောဝင်ရန်လည်း မကြိုးစားခဲ့ပေ။

ညနေကျတော့ အိမ့်မွန်ကို ကောင်မလေး၏အကြောင်း ပြောပြဖြစ်ပြန်သည်။

" ကောင်မလေးက မနိုင်လို့သည်းခံတာ မဟုတ်ဘူး အိမ့်မွန်ရဲ့၊ မေတ္တာ ရှေ့ထားပြီး စာနာစိတ်နဲ့ သည်းခံသွားတာ၊ သူ့လိုအရွယ်၊ သူ့လိုအခြေအနေမှာ ဒီလိုစိတ် ထားနိုင်ဖို့ဆိုတာ လွယ်တာမှ မဟုတ်တာပဲ "

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို နားထောင်ရင်းအိမွန်က အသံသာသာလေးနှင့်ရယ်သည်။ ထိုရယ်သံကို သူအစဉ်စွဲလမ်းကာ နားဝင်ချိုခဲ့သော်လည်း ဒီတစ်ခါတော့ လှောင်သံလေး ပါနေသည်ဟု ထင်မိလေသည်။

“ အိမွန်ကတော့ မချီးကျူးဘူး ကိုကျော်ဇေယျ၊ ဒါဟာ မိုက်မဲတာပဲ၊ သက်သက်သာသာနဲ့ ငွေပိုရတဲ့အလုပ်ကို လက်လျှော့ထားခဲ့ပြီး အုတ်ခဲရွက်နေတဲ့သူကို မိုက်တယ်လို့ပဲ ပြောမယ် ”

သူက အိမွန်ကို ငေးကြည့်နေမိသည်လေသည်။ အိမွန်၏ လက်ရွေးစင် ဆန်ကာတင် ငါးယောက်ထဲမှ နှစ်ယောက်ကို ပွဲသိမ်းလိုက်ပြီဖြစ်ကြောင်း၊ အခု သူအပါအဝင် သုံးယောက်သာ ကျန်တော့ကြောင်း အတွင်းစကား သိထား၍ ဝမ်းသာသင့်သော်လည်း သိပ်ပြီးဝမ်းမသာလှဘဲ ရင်ထဲတွင်တစ်ခုခုခံနေသလို ခံစားနေရလေသည်။

ထိုနေ့ကိုတော့ ကျော်ဇေယျ ဘယ်တော့မှ မေ့တော့မည် မထင်ပေ။ မနက်စောစော သူအလုပ်ခွင်ကိုရောက်လာတော့ လေးထပ်မှ ကြမ်းခင်းများကို စပြီးကွန်ကရစ်လောင်းသည်။ သူက စောင့်ကြပ်ကြည့်ရှုရင်း သူ၏ အလုပ်သမားများကို တစေ့တစောင်း အကဲခတ်ကြည့်နေမိသည်။ ဒီတစ်ခါ အလုပ်သမားခေါင်းက သမာသမတ် ရှိကာ စိတ်ရင်းလည်း ကောင်းဟန်ရှိသဖြင့် စိတ်ချမ်းသာရသည်။ အချို့ အလုပ်သမားခေါင်းများက အပြောအဆို အနေအထိုင်ရမ်းပြီး နှုတ်ထွက်လည်း ကြမ်းတတ်သည်။ သူဆဲသမျှဆိုသမျှကို ခံကြရသော အလုပ်သမားတွေတော့ ဘယ်လိုနေမည်မသိ၊ တစ်ခါတစ်ရံ ကြားရသော သူပင်လျှင် စိတ်ဆင်းရဲလှသည်။

www.burmeseclassic.com

www.burmeseclassic.com



“ နာမည်ကလဲ အေးမယ် တဲ့ ”

“ ဘာဖြစ်လဲ - အေးမယ် ဆိုတာ အေးမယ်ပေါ့ ”

“ တောနာမည်ကြီး ”

“ ဘာ . . . တောနာမည်လဲ၊ နင်မသိဘဲ မပြောနဲ့၊ အဲဒါ ငါ့အဘွား ပေးတဲ့နာမည်၊ အေးဆိုတာ အေးချမ်းခြင်း၊ အေးမြခြင်း တဲ့၊ မယ်ဆိုတာက ရှေးမြန်မာစကား၊ မိန်းကလေးကို ပြောတာတဲ့၊ ဟွန်း - ငါ့နာမည်က ခင်ရတနာချောစုထွဋ် ဆိုတာမျိုးထက် သာတယ်၊ သိရဲ့လား ”

ကောင်မလေးကို မဆလာ နယ်သော ကောင်လေးက စနေသည်၊ အခါတိုင်း အသံ သိပ်မထွက်သော ကောင်မလေးသည် သူ့နာမည်ထိတော့ အသံတွေ တော်တော်ကျယ်လာသည်။

“နင့်တစ်ကိုယ်လုံး အေးတာဆိုလို့ မေးစေ့ပဲ ရှိတာကို များ ”

ဒါကတော့ ပန်းရံ ကိုလှမောင်ကြီး၏ အသံဖြစ်သည်။

“ နင်က နင့်မေးစေ့ နေပူမိမှာစိုးလို့ အပေါ်ကနေ ကဲလား ထုတ်ထားတာလေ၊ မဟုတ်ဘူးလား ”

ရယ်သံများက ဝေါခနဲ ဆူညံသွားသည်။ သူက ကောင်မလေး အရမ်းရှက်ပြီး ရှက်ရမ်းများ ရမ်းလေမလားဟု ထင်ပြီး လှည့်ကြည့်လိုက်တော့ ကောင်မလေးကပါ ရယ်နေသည်။ သူရယ်လေ သွားတွေက ပေါ်လေ၊ သူ့သွားတွေ ပေါ်လာလေ၊ ဘေးကဝိုင်းရယ်ကြလေနှင့် တအုံးအုံးဖြစ်နေကြသည်။ နောက်တော့ ကောင်မလေးက သူ့မေးစေ့ကိုသူစမ်းကာ “ အို . . တစ်ကိုယ်လုံး နေပူခံနေရတဲ့ သူတွေနဲ့စာရင် မေးစေ့လေး နေပူသက်သာရင်

www.burmeseclassic.com



နည်းသလား အဘရဲ့ ” ဟုပြောသည်။

ကောင်မလေးကို အကုန်လုံးက ဝိုင်းပြီးချစ်ခင်ကြပုံရသ ဖြင့် ကျော်ဇေယျက ဘေးမှနေပြီး ဝမ်းသာနေမိသည်။ တစ်နေ့ တုန်းကလည်း အလုပ်သမားတွေ ထမင်းစားနေစဉ် စကားထာ ဝှက်တမ်း ကစားနေကြသည်။

တစ်ဦးက “ တစ်နှစ် တစ်ခါပေါ်လို့လာ၊ ငါသာမင်း လောင်း ထီးဖြူဆောင်း ” ဟု ဝှက်လိုက်တော့ တစ်ဦးက “မှို” ဟု ဖော်လိုက်သည်။ နောက်တစ်ဦးက တစ်ခါ ဝှက်ပြန်တာက “ မပျော် လည်း ပေါ်၊ ပျော်လည်းပေါ်၊ ရယ်ရင်လည်းပေါ်၊ ငိုလည်းပေါ်၊ ပြောပြ စမ်းပါ မင်းမပေါ် ” တဲ့။ တစ်ဦးမှ မစဉ်းစားတတ်ဘဲ ပန်းပေး တော့မှ စကားထာ ဝှက်သောသူက “ စဉ်းစဉ်းစားစား တွေးပါလား၊ မအေးမယ်ရဲ့သွား ” ဟုဖော်ပေးသည်။ အေးမယ် ကိုယ်တိုင် မစဉ်းစားတတ်ဘဲ ပန်းပေးရသူထဲတွင် ပါဝင်ခဲ့တော့ ရယ်သံတွေ ဆူညံနေခဲ့သည်။

“ အလုပ်သမားတွေ ခမျာလဲ အလုပ်က ပင်ပန်းကြတော့ ရယ်စရာ မောစရာလေးတွေနဲ့ ကိုယ့်ကိုကိုယ် ပျော်အောင်လုပ်ကြ ရရှာတာ၊ ကောင်မလေးက သဘောကောင်းပြီး စိတ်မဆိုးတတ် တော့ သူ့ကိုပဲ အမျိုးမျိုးလှည့်ပတ်ပြီး စနေကြတော့တာပဲ ”

ကျော်ဇေယျက တွေးနေမိသည်။ ကောင်မလေးတွင် ခြေ နှစ်ဖက်လုံး မသန်သော မိခင်ကြီးနှင့် ညီမလေး တစ်ယောက်ရှိ ကြောင်း သူသိထားသည်။ ညီမလေးက ကိုးတန်းရောက်နေပြီဖြစ် ကြောင်း၊ သူ့အမေက ခြေနှစ်ဖက် မသန်သော်လည်း လက်နှစ် ဖက်က အကောင်းမို့ သရက်သီးသနပ်တို့ မျှစ်သနပ်တို့လုပ်ပေး

www.burmeseclassic.com

www.burmeseclassic.com



ပြီး ညီမလေးက ဈေးတွင်ရောင်းကြောင်း၊ တစ်ခါတစ်ရံလည်း ကဇွန်းရိုးနီ၊ မုန်လာပင်၊ မုန်လာဥများကို ဟင်းဂလာ၊ ဥာဏ်ပွင့်များကို ချဉ်ဖတ်လုပ်ကြောင်းများကိုလည်း သိထားသည်။

ဘာရယ်လို့တော့မဟုတ်၊ ဒီရုပ်ဆိုးမလေးကို ဘာလို့ သံယောဇဉ်ရှိနေမှန်းလည်း သူ့ကိုသူမသိ။ သူ့အပြောအဆို၊ အပြုအမူလေးများက ရိုးစင်းလွန်းသောကြောင့် ဖြစ်မည်ထင်သည်။ ဘဝကံအကျိုးပေးအရ၊ ရုပ်ရည်မလှပသော်လည်း အတွင်းစိတ်ကလေး ဖြူကြောင်းကို သိလာရသောကြောင့်လည်း ဖြစ်မည်ထင်သည်။

ဒီတစ်ခါငွေပေါ်ရင် သူတို့တွေကို မုန့်ဟင်းခါး ချက်ခိုင်းပြီးကျွေးလိုက်ဦးမယ်။

သူက သူ့အလုပ်သမားများကို အခါအခွင့် သင့်လျှင်သင့်သလို တပျော်တပါး ကျွေးမွေးလေ့ရှိသည်။ ကောင်မလေးရောက်လာပြီးမှ တစ်ခါမျှ မကျွေးဘူးသောကြောင့် ကျွေးချင်စိတ်လည်း ပေါက်လာသည်။ ဆောက်လုပ်ရေး လုပ်ငန်းဆိုသည်မှာ အလုပ်သမားလည်း အစဉ်မြဲသည်မဟုတ်ချေ။ ပန်းရံလုပ်ငန်းဝင်နေသော အခါများတွင် အုတ်သယ်၊ သဲရွက်၊ မဆလာရွက်သော အလုပ်သမများလိုပြီး လက်သမား လုပ်ငန်းဝင်ချိန်တွင်မူ မိန်းမအလုပ်သမများမလိုတော့ချေ။ မလိုသည့်အချိန်တွင် သူတို့ကို နေ့တွက်ပေးပြီး မည်သူကမျှလည်း ခေါ်ထားနိုင်မည် မဟုတ်ချေ။

“ ဒီက အဘက ဒီမှာပြီးရင်မိတ္ထီလာ သွားပြီးလုပ်မယ် ပြောလို့ပြောပါတယ် ” ညနေ ပြန်ခါနီးကျတော့ ကောင်မလေးက မရဲတရဲမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ်လေ. . ဟိုမှာ လုပ်ငန်းတစ်ခု လက်ခံထားလို့ "

" အဲဒါ. . အဲဒါ. . ဒီမှာလဲ ပြီးတော့မယ်ဆိုတော့ ကျွန်မ. . . အဲ ကျွန်မ "

" ဘာလဲ - မိတ္ထီလာ လိုက်ချင်လို့လား "

" ဟင့်အင်း. . မဟုတ်ပါဘူး၊ ဟိုဟာပါ။ အလုပ်ကလေး လဲမပြတ်ချင်လို့၊ နယ်လဲ မသွားနိုင်လို့၊ ဒီမှာပဲ အလုပ်ရှိတဲ့ တစ်နေရာရာမှာ လုပ်. . လုပ်ပါရစေလို့ "

" ရတယ်လေ၊ မင်းမွေ့လမ်းက တိုက်တွေမှာ ပန်းရံလုပ်ငန်းဝင်ရတော့မှာပဲ၊ အဲဒီမှာ ထားပေးရင်ဖြစ်မလား "

" ဟုတ် "

ကောင်မလေးက ခေါင်းညိတ်သည်၊ တော်တော်လေးလည်း ဝမ်းသာသွားပုံရသည်၊ မျက်တောင်မွေးကျဲကျဲအောက်မှ မျက်လုံးကလေးများက အရောင် တောက်လာကြလေသည်။နောက်ပြီး ဒီတစ်ခါ သူပြုံးပြသည်ကို ကျော်ဇေယျ၏ မျက်စေ့ထဲတွင် ပြောင်ပြသည်ဟု မထင်မိတော့ပေ။

" ညည်းက သက်သက်သာသာနဲ့ ပိုက်ဆံရတဲ့ အလုပ်ကိုပြန်မှလုမထားတဲ့ဟာကိုး၊ ငါ့ခြံတက်ဆီဆိုင်ရောက်တိုင်း ဟိုမိန်းမနှစ်ယောက်ကိုတော့ တွေ့နေရတာပဲ၊ တစ်ခါတလေ သူတို့အချင်းချင်းတောင် စောင်နေကြသေးတယ် "

သူကပြောတော့ ကောင်မလေးက ခေတ္တမျှငြိမ်နေသည်။ ထို့နောက်မှ အဝေးကိုငေးကြည့်ရင်း ခပ်တိုးတိုးပြောသည်။

" အမေက ဘဝဆိုတာ ရထားကြီး စီးနေရတာနဲ့တူတယ်

www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ ဘယ်အချိန် ဘယ်ဘူတာမှာ ဆင်းရမလဲ မသိကြပေမယ့် ဒီရထားကြီးပေါ်ကတော့ အကုန်လုံး ပြန်ဆင်းကြရမှာပဲတဲ့၊ ဒါကြောင့် ရထားစီးနေတုန်း အချိန်ကလေးမှာ ကောင်းကောင်းနေကြရမယ်တဲ့။ ကျွန်မက ငယ်ငယ် ကတည်းက ရထားပေါ်က ဆင်းရမယ့် အချိန်တွေကို ခဏခဏတွေးမိတယ်၊ အဲဒီအချိန်မှာ ဒီရထားကြီးကို ငါကောင်းကောင်းစီးခဲ့တယ်၊ ငါဒုက္ခပေးခဲ့တဲ့သူ၊ ငါ့ကြောင့် စိတ်ဆင်းရဲရတဲ့သူ တစ်ယောက်ယောက်တောင်မှ မရှိခဲ့ဘူး ဆိုတဲ့အတွေး နဲ့ပဲ ဆင်းချင်တယ် ”

အရုပ်ဆိုးဆိုး မျက်နှာလေးကို ငေးကြည့်ရင်း ကျော်ဇေယျ၏စိတ်ထဲတွင် အေးမြသွားသည်၊ “ ဒါကြောင့်မို့လည်း သူ့အဘွားက အေးမယ် ဆိုတဲ့နာမည်ကို ပေးခဲ့တာထင်ပါရဲ့ ” ဟုတွေးရင်း အိမ့်မွန် ပြောသော လက်ဖွဲ့ကြိုးဝိုင်းကို သတိရသည်။

ညနေကျတော့ အိမ့်မွန်၏ လှပချောမွေ့သော မျက်နှာလေးကို ငေးကြည့်ရင်း ကျော်ဇေယျ၏ ရင်ထဲတွင် ပူလောင်လာပြန်လေသည်။ အိမ့်မွန်က သူမှာထားသော မိုးကုတ်မှ ကျောက်ထုပ်ကိုဈေးပိုပေးပြီး ဖြတ်ယူသွားသော၊ သူ၏သူငယ်ချင်း ပိုပိုဇော်မြင့်ကိုဒေါသတွေ ဖြစ်နေသည်။

“ အဲဒီ ပတ္တမြားလေးတွေက အရမ်း အရည်ကောင်းတယ်၊ ခရမ်းဆွဲလေး အနည်းအပါးပါတာလဲ အရည့်ရွှမ်းတယ်၊ ဒါကိုသိလို့မှာထားတာ၊ ရွှေစိုက်ပြီး အထည်ဆင်လိုက်ရင် ဈေးခေါ်လို့ အရမ်းကောင်း နေပြီ၊ အဲဒါကို ဟိုမိန်းမက ကြားကနေဖြတ်ပြီး လူလည်လုပ်သွားတာ၊ နည်းနည်းမှမခံချင်ဘူး၊ ငတ်လို့လုပ်တဲ့ သူတွေ အငတ်ပြေကြ ပါစေလို့ စောင်းပြီးတွယ်ပစ်လိုက်တယ်၊ အို-

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို စိတ်တိုတာ သိရဲ့လား၊ အိမွန်တို့က အလုပ်ကို ဂုဏ်သိက္ခာအတွက်လုပ်တာ၊ စားစရာမရှိလို့ ထမင်းစားဖို့ ပျာယာခတ်နေကြတာတွေနဲ့ နည်းနည်းမှ တန်းမတူဘူး ”

ဒေါသခိုးတွေ ကျိုက်ကျိုက်ဆူနေသော အိမွန်ကို စိတ်သက်သာရာရအောင် ဘာမျှမပြောတတ်၍ ဒီအတိုင်း ငြိမ်ထိုင်ကာ သူပြောသမျှ ပေးပြီး နားထောင်နေလိုက် ရသည်မှာ နားတွေပင် ပူနေသည်။ “ ဒီတစ်ခါ ကြိုးဝိုင်းထဲမှာတော့ မင်းအထိုးခံလိုက်ရတာပေါ့ အိမွန်ရယ်၊ ဒီသင်ခန်းစာကို ဆရာထင်ပြီး မင်းက သူများတွေကို တစ်ပြန်ပြန်ပြီးထိုးဦးမယ် ဆိုရင်တော့. . . ”

သူက ဆုံးအောင်ဆက်မတွေးဖြစ်ဘဲ သက်ပြင်းရှိုက် မိလေသည်။

♠ ♠ ♠

ကောင်မလေး “အေးမယ်” သေဆုံးသွားကြောင်းကို နောက်တစ်နေ့ကျတော့ သိရသည်။

“ သူ လမ်းကူးတာ မျဉ်းကျားက ကူးတာပါပဲတဲ့၊ ဒါပေမဲ့ ဝင်တိုက်တဲ့ ကားက အရက်ကလဲမူး၊ အရှိန်ကလဲပြင်း၊ ဘရိတ်ကလဲချော်နေတော့ ကောင်မလေးခမျာ ပွဲခြင်းပြီးပဲတဲ့ ”

ပန်းရံ ကိုလှမောင်ကြီးက ဝမ်းနည်းပက်လက် ပြောသည်။ သူကတော့ ခေါင်းထဲတွင် ဆူဝေနောက်ကျိကာ “ ဖြစ်မှဖြစ်ရလေဗျာ ” ဟူသော စကားကိုသာ ထပ်ခါထပ်ခါ ပြောနေမိသည်။

“ မင်း မသေခင်လေးမှာ ဒီကမ္ဘာ ဒီလောကကြီးမှာ မင်းရဲ့လုပ်ရပ်ကြောင့် စိတ်ဆင်းရဲခဲ့ရတဲ့သူ မရှိခဲ့ဘူး ဆိုတာ တွေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ရဲ့လား အေးမယ် ” ဟု စိတ်ထဲမှ အခါခါ မေးနေမိလေသည်။

အိမ္ဘွန်ကို ကောင်မလေး အကြောင်းပြောပြတော့ အိမ္ဘွန်က “ သနားပါတယ်နော် ” ဟု ပြောသည်။ ထို့နောက် သူ၏အဘိဓမ္မာကို ဆက်ပြီးဖွင့်ဆိုသည်။

“ ဒီကမ္ဘာ ဒီလောကကြီးထဲ ရောက်လာပြီး ချမ်းလဲ မချမ်းသာ၊ လှလဲ မလှ၊ ပညာကလဲ မတတ်နဲ့ အဲဒီလိုဘဝမျိုးသာ ဆိုရင် အိမ္ဘွန်တော့ အစောကြီးကတည်းက သေပစ်လိုက်မှာပဲ၊ အသက်ရှည်နေရရင်လဲ လက်ဝှေ့ ကြိုးဝိုင်းထဲဝင်ပြီး သူများထိုးသမျှ ခံနေရလို့ စုတ်ပြတ်နေရတဲ့ ဘဝမျိုးပဲ ဖြစ်မှာ ”

သူက လှလှပပလေး မဲ့ထားသော အိမ္ဘွန်၏ နှုတ်ခမ်းဖူးဖူးလေးကို ငေးကြည့်ရင်း ထိုနှုတ်ခမ်းအစုံကြားမှ ထွက်လာသော ဒဿနတရားများ၏ အတိမ်အနက်ကို တွေးနေမိသည်။

“ လူ့ဘဝဆိုတာ ချမ်းသာဖို့၊ လှပဖို့၊ ပညာတတ်ဖို့သက်သက်ပဲလို့ ထင်နေရင် မင်းအမှားကြီး မှားနေပြီပေါ့ အိမ္ဘွန်ရယ် ” ဟု ပြောချင်သော်လည်း မပြောဖြစ်ခဲ့ပေ။

နောက်နှစ်ရက်နေတော့ ကောင်မလေးကို သတိုရ်ဟ်သည်။ သူ့ကိုချစ်သူ ခင်သူ လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းများ၏ ပေါင်းစု ဒါနကြောင့် လှလှပပပင် မြေကျခဲ့သည်။

ကျော်ဇေယျ၏ အမြင်တွင် ထူးဆန်းနေသည်က ဓာတ်ဆီဆိုင်မှ မိန်းမနှစ်ယောက် ဖြစ်သည်။ မည်းမည်းဝဝ မိန်းမက ငွေပန်းစည်းလေးယူလာပြီး ဖြူဖြူပိန်ပိန် မိန်းမက တရှုံ့ရှုံ့ငိုနေသည်။ အေးမယ်၏ အခေါင်းနောက်မှ ဝမ်းနည်းပက်လက် လိုက်လာကြပြီး “ သူတော်ကောင်းမလေးရေ - သွားနှင့်တော့ပဲ ” ဟု မချို

www.burmeseclassic.com



တင်ကဲ ရေရွတ်ကြသည်။ ဒီလိုဆိုတော့လည်း ကောင်မလေး စိတ်ကောင်းရှိမှန်း သူတို့သိကြသားပဲဟု တွေးရင်း ကျော်ဇေယျက အတန်ငယ် ကျေနပ်သွားသည်။

အသုဘ ပြီးတော့ ကျော်ဇေယျသည် ခရီးကြုံရာ ကမ္ဘာအေးစေတီသို့ လှည့်ဝင်ခဲ့သည်။ အရိပ်ကောင်းရာ တစ်နေရာတွင် ထိုင်ရင်း စိတ်အတွေးများကို အဆုံးအစမရှိ လွှင့်ထုတ်ပစ်လိုက်သည်။ ဒီစိတ်တွေ၊ ဒီအတွေးတွေ ဘယ်လောက်ဝေးဝေး၊ ဝေးချင်သလောက်သာဝေး၊ ဘယ်လောက်ပြေးပြေး၊ ပြေးချင်သလောက်သာ ပြေးပေတော့။

ဒီလို အစွမ်းကုန်လွှတ်ပေးလိုက် တော့လည်း စိတ်ဆိုသည့် အရာက သိပ်ဝေးဝေး ပြေးနိုင်သည်မဟုတ်။ တဝဲလည်လည်နှင့် ချည်တိုင်ကို ပြန်ရောက်လာသည်။ ချည်တိုင် ပြန်ရောက်လာတော့လည်း ထုံးစံအတိုင်း အိမ္ဗွန်ကို သတိရသည်။ အိမ္ဗွန်က “ ညနေကျရင် လာခဲ့ဦးနော် ” ဟု မှာထားသည်။ သူက သူစကာတင်ရွေးထားသူ သုံးဦးကို တစ်ချိန်စီခွဲပြီး အင်တာဗျူးလုပ်ကာ အမှတ်ပေးစနစ်နှင့် အမှတ်ပေးနေပုံရသည်။

သူ ငယ်ငယ်တုန်းက ခဏခဏ ဖြစ်တတ်သည်။ နှစ်ဆယ့်လေးရောင်ပါသော ခဲတံ ရောင်စုံဘူးလေးကို လိုချင်လွန်း၍ ပူဆာခဲ့ရသည်။ ဖေဖေက အဆင့်တစ်ရလျှင် ပေးမည်ဆို၍ ကြိုးစားလိုက်သည်မှာ တဖြည်းဖြည်းနှင့် အဆင့်တွေတက်လာသည်။ သို့သော် သူတကယ် အဆင့်တစ်ရသော အခါကျတော့ ထိုရောင်စုံခဲတံဘူးလေးကို သူသိပ်မကြိုက်တော့ပေ။

ပြိုင်ဘီးလေး လိုချင်တုန်းကလည်း ထိုသို့ပင်ဖြစ်သည်။

www.burmeseclassic.com



အနီရောင် ပြိုင်ဘီး လှလှလေးကို လိုချင်လွန်း၍ အိမ်မက်ပင် မက်နေရတတ်သည်။ သို့သော် ပြိုင်ဘီးလေး တကယ်ရသော အခါ ကျတော့ " ဦးဆာမိက သွားချင်သမျှ နေရာတွေကို ကားနဲ့လိုက်ပို့ နေတာပဲ၊ ပြိုင်ဘီးစီးရတာ ခြေလဲ ညောင်းသေး၊ မောလဲမောသေး၊ နေလဲပူသေး " ဟု တွေးနေမိပြီဖြစ်သည်။

" အင်း . . အခုတော့ တကယ့်အလှဆိုတာ ဘာလဲ ငါသိ သလိုလိုရှိနေပြီ၊ အရင်တုန်းက ငါ့အရမ်း စွဲလမ်းခဲ့တဲ့အလှ ဆိုတာ ပြိုင်ဘီးစီးရသလို ခြေလဲ ညောင်းသေး၊ နေလဲပူသေး ဆိုသလို ဖြစ်နေတော့မယ် ထင်ပါရဲ့ "

သူက သံဝေဂနှင့် တွေးရင်း မျက်လုံးအစုံကို ခေတ္တမျှ ပိတ်ထားလိုက်သည်။ အတွေးမျက်စိထဲတွင် ကောင်မလေးနှင့် အိမ့်မွန်ကို တလဲစီ မြင်ယောင်နေသည်။

ထိုနေ့ညနေက အိမ့်မွန်ဆီသို့ သူမရောက်ဖြစ်တော့ပေ။

နောက်ရက်များတွင်လည်း ဝတ်ကျေတန်းကျေသာ သွား ဖြစ်သည်။ စွဲလမ်း မြတ်နိုးမှုတွေ ယုတ်လျော့ပြီး ခပ်ငေးငေး ခပ် ငိုင်ငိုင်ဖြစ်နေသော သူ့ကိုလည်း အိမ့်မွန်က မကျေမနပ် ဖြစ်လာလေ သည်။ ထို့ကြောင့် ပြိုင်ပွဲမှနေပြီး မိမိ၏ဆန္ဒအလျောက် အေးချမ်း စွာနုတ်ထွက်လိုက်သည်။

သူငယ်ချင်းတွေက အသားကုန်ခြေသုတ်လာပြီး ပန်းဝင် ခါနီးမှ ထိုင်ချလိုက်သည့် လူမိုက်ဟု ထောပနာ ပြုကြလေသည်။

သူကတော့ သူ၏အဓိပ္ပာယ်နှင့်သူ " ရမယ့်ဆုက ပြိုင်ဘီး ပါကွာ " ဟု ပြန်ပြောတတ်လေသည်။

မစန္ဒာ

www.burmeseclassic.com

www.burmeseclassic.com

# သန်းမြင့်အောင်
# ကြာဆံချက်တစ်ခွက်

*"ကျွန်မရဲ့ ကြိုးပမ်းမှု အပေါ်ဘယ်လို မှတ်ချက်ချခံရမလဲ လို့ အောင်စာရင်းစောင့်နေတဲ့ ကျောင်းသူလေးတစ်ယောက်ရဲ့ စိတ်လှုပ်ရှားမှုမျိုးနဲ့ပေါ့"*

www.burmeseclassic.com

www.burmeseclassic.com



# ကြာဆံချက်တစ်ခွက်

'စိမ်းလန်းအေး' ခြံထဲမှာ 'စိုးမိုးအောင်' ကားကလေး ထိုးဆိုက်လိုက်တော့ အမေ့ကို ဦးစွာ မြင်ရသည်။

'ဟော . . . လာကြပြီ၊ မန္တလေးက ဆယ့်တစ်နာရီကျော်ကျော်လောက်ကတည်းက ထွက်သွားကြပြီဆိုလို့ မျှော်နေတာ'

ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွနှင့် ခြံထဲ ကားဝင်လာကတည်းက အိမ်ရှေ့ထွက်ပြီး ခရီးဦးကြိုနေသော အမေ့ကြောင့် ကျွန်မတို့ ညီအစ်မလေးယောက်စလုံး တစ်ညလုံး ခရီးပန်းခဲ့သမျှ အမောတွေပြေပြီး အမေ နေမှကောင်းရဲ့လား ဟူသော စိုးရိမ်စိတ်တွေပါ လွင့်ပြယ်လို့ ထိုနေ့နံနက်အတွက် ကျွန်မတို့မှာ မင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းနှင့် ပြီးပြည့်စုံသွားတော့သည်။

' ကဲ. . . ခဏတဖြုတ် အပန်းဖြေကြ၊ ပြီးရင် ထမင်းစားမယ်၊ ထမင်းတွေ ဟင်းတွေ အဆင်သင့်ချက်ထားတယ်၊ အမေလည်း မစားသေးဘူး၊ ငါ့သမီးတွေလာမှ စားဖို့ စောင့်နေတာ '

ဘုရားရေ. . . ရန်ကုန်က မန္တလေး၊ မန္တလေးကနေ ပြင်ဦးလွင် တက်လာကြသူတွေကို ထမင်းစားစောင့်နေတဲ့အမေ. . အဲဒီစကားကိုကြားပြီး ပျော်သွားတာက မမဝင်းဖြစ်သည်။

' ဟာ. . . ဝမ်းသာလိုက်တာ ဒေါ်ဒေါ်ရယ်၊ ကျွန်မလေ ဒေါ်ဒေါ်နေဖို့ ရန်ကုန်ကနေ ငါးရံ့အူတွေဝယ်ပြီး ချက်လာခဲ့တယ်၊ အတော်ပဲ. . . အတော်ပဲ၊ ဒေါ်ဒေါ် ဒီမနက် စားလိုက်နော် '

အမေ့ကို ကျွန်မနှင့် မိချမ်းဝေက အမေဟု ခေါ်ပြီး မမဝင်းက ဒေါ်ဒေါ်ဟုခေါ်သည်။ ဒီမနက် စားလိုက်ဆိုပေမယ့် မမဝင်းရဲ့ ငါးရံ့အူက တစ်နပ်စာမကပါ။ အမေ လူထုဒေါ်အမာရှိရာ ပြင်ဦးလွင် အိမ်တော်လမ်းက ' စိမ်းလန်းအေး ' ကိုလာကြမည်ဆိုကတည်းက ရန်ကုန်မှာ ကျွန်မတို့ညီအစ်မတွေ အစွမ်းကုန်တက်ကြွနေပြီး အမေကလည်း ကလျာတိုက်က မမဝင်း (ကလျာ၊ ဝိဇ္ဇာ/သိပ္ပံ) ထံ ဖုန်းအကြိမ်ကြိမ်ဆက်ကာ ' မလာကြသေးဘူးလား၊ လာကြတော့လေ၊ အမေမျှော်နေပြီ ' ဟု အခါခါ သတိပေးနေခဲ့သည်။ ပထမတော့ ဒီခရီးစဉ်ကို မိချမ်းဝေနှင့် ကျွန်မက လွန်ခဲ့သော နှစ်လကျော်လောက်ကတည်းက စီစဉ်နေကြပြီး မမဝင်းကပါ စိတ်ပါလာသဖြင့် သုံးယောက်သွားမည် ပြုရာကနေ မမဦး (ဆရာမကြီး ဒေါ်ခင်ဆွေဦး) ကိုပါ မပျော်ပျော်ပါး

www.burmeseclassic.com

www.burmeseclassic.com



ပါးသွားကြရအောင် အကြောင်းကြားပြီး မမဝင်းက အရစုစည်းပြီးခေါ်ဆောင် လာခဲ့ကြခြင်းဖြစ်သည်။ ရန်ကုန်-မန္တလေး ရထားပေါ်က ဆင်းကတည်းက ဘူတာရုံမှာ ကိုညို (ဆရာ ညီပုလေး)နှင့် မမတင်တင်ဦး (အောင်စာပေ) တို့က လာကြိုပြီး လူထုတိုက်ရောက်တော့ ဆရာ ကိုမြတ်မှိုင်းနှင့် ပန်တျာငွေးငွေးမြင့်တို့ ဇနီးမောင်နှံရောက်လာကြသည်။ အဲသည်မှာတင် မမဦးနှင့် မမဝင်းက စတင်ကြေညာတော့သည်။

' မန္တလေးက လူထုပရိတ်သတ်တွေ အစားအသောက်ကောင်းကောင်းစားချင်ရင် ပြင်ဦးလွင်ကို တက်ခဲ့ပါ၊ အကောင်းကြိုက်တတ်သူကို ကျွေးဖို့ အုန်းနို့ခေါက်ဆွဲ ကောင်းကောင်းချက်မယ်၊ အဲ. . . အုန်းနို့မစားရဲတဲ့ သူတွေအတွက် နို့စမ်းခေါက်ဆွဲချက်မယ့် မမဝင်းရဲ့ လက်ရာကို စားကြည့်နော်၊ လျှာလည်သွားမယ်၊ တကယ် တကယ် '

' ဘယ်နေ့လဲ၊ မမဝင်းလက်ရာဆို သိပြီးသားပဲ၊ မမဝင်းက တကယ်အချက်ကောင်းတာ '

ပန်ထျာငွေးငွေးမြင့်က အားတက်သရောမေးလို့ နေ့မရွေးနိုင်သေးခင်မှာပင် မမဦးက အားကျမခံ

' မမဦးကလည်း ဒေါ်ဒေါ်ကိုတစ်ရက် မုန့်ဟင်းခါးကောင်းကောင်း ချက်ကျွေးမယ်၊ အိမ်လာလည်တဲ့လူတွေ အားလုံးကိုလည်း ဧည့်ခံမယ်၊ လာခဲ့ကြနော် ' ဟု ဆိုပြန်သည်။ မမဦး မုန့်ဟင်းခါးကိုတော့ ကျွန်မတို့အားလုံး တောင့်တခဲ့ကြတာ ကြာပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အချက်အပြုတ် အလွန်ကောင်းပါသည် ဆိုသောမမဝင်း ကိုယ်တိုင်ကအစ ကျွန်မတို့

www.burmeseclassic.com



အဆုံး . . . .

' မမဦးမွေးနေ့တုန်းက မမဦးကိုယ်တိုင်ချက်တဲ့ မုန့်ဟင်းခါးက စားလို့ကောင်းလိုက်တာ၊ ကျဲကျဲနဲ့ ချိုချိုလေး၊ အခု ပြန်ပြောရင် အခု စားချင်နေတုန်းပဲ ' ဟု မကြာခဏ တောင့်တခဲ့ဖူးကြ၍ ဖြစ်သည်။

' ကျွန်မလည်း ဒေါ်ဒေါ်ကို ကတ်ကြေးကိုက် တစ်ရက်ကြော်ကျွေးမှာနော်၊ ကျွန်မ ဒေါ်ဒေါ်ဆီရောက်တိုင်း အမြဲကတ်ကြေး ကိုက်ကြော်ကျွေးနေကျ '

' ဟာ. . . ဟာပျော်စရာကြီးပါလား၊ အစားကောင်းအသောက်ကောင်းတွေ စားရချေသေးရဲ့ '

ပြင်ဦးလွင်တက်ပြီး ဒေါ်ဒေါ့်ကို ချက်ပြုတ်ကျွေးကြမယ့် အသံတွေကို ကြားရတဲ့ ပရိသတ်တွေက အားတက်သရော. .

' မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ကတ်ကြေးကိုက်၊ တစ်နေ့တစ်မျိုး မရိုးအောင် ချက်ကြတော့ ဘယ်နေ့ ပြင်ဦးလွင်တက်ခဲ့ရပါ့မလဲ။ လူစေ့ လက်စွမ်းပြကြတော့မယ်ပေါ့၊ ဟင် တစ်ယောက်ကျန်သေးတယ်လေ၊ မသန်းမြင့်အောင်၊ မသန်းမြင့်အောင်ကရော ဘာချက် မှာလဲ၊ လုပ်ပါဦး ' ဆိုတော့ ကျွန်မက

' အင်း. . . . ဘာလုပ်ရင် ကောင်းမလဲ ' ဟု စဉ်းစားဟန်ပြုနေတုန်း မမဝင်းက. . .

' အမယ်. . . သူ့မျှား သွားအထင်ကြီးလို့၊ ဘဲဥတောင်အချိုးပြေအောင် ကြော်တတ်တာမဟုတ်ဘူး၊ သူ့အလှည့်ကျရင်တော့ ဘဲဥကြော်ပဲရမယ် '

ဆိုတော့ ကျွန်မက. . . .

www.burmeseclassic.com

www.burmeseclassic.com



' အို. . . ဘဲဥကြော်လည်း ဘာဖြစ်လဲ၊ ကိုတတ်တာ ကိုယ်ချက်ကျွေးမှာပေါ့၊ ကျွေးချင်တဲ့ စေတနာကသာ အဓိကမဟုတ်လား '

' ဘဲဥရော အဖြစ်ရှိအောင် ကြော်တတ်လို့လား '

' အမယ် ဘာလို့မကြော်တတ်ရမှာလဲ၊ အလုံးလိုက်ဟပ်ဘွိုင်ကြော်မလား၊ ကြက်သွန်လေးနဲ့ ခေါက်ကြော်မလား၊ ကြိုက်တာပြော '

ကျွန်မနှင့် မမဝင်း၏ အပြောကို နားထောင်သူများက သဘောကျကာ ရယ်မောနေကြတုန်း ရှိုးသားလွန်းသော မမဦးက

' ဒီလိုလုပ်ပါလား၊ သန်းမြင့်အောင်နေ့ကျရင် ဘဲဥမကြော်ဘဲနဲ့ ဘဲဥပေါင်းလုပ်ပါလား၊ ဘဲဥအလုံးလိုက်ပြုတ်ပြီးတော့ ငါးခြောက်နဲ့ ပဲဆီ (ပဲငံပြာရည်) နဲ့ ပေါင်းပြီး အချဉ်နဲ့ တို့စားတာလေ။ မမဦးပြပေးမယ်၊ ဝိုင်းလည်း လုပ်ကြမယ် '

' မရဘူး. . . မရဘူး. . . ကိုယ့်နေ့မှာ ကိုယ်ပဲ လုပ်ရမယ်၊ ဘယ်သူမှ ပြမပေးကြေး၊ ဝိုင်းမကူကြေး ကိုယ့်အစွမ်းအစနဲ့ပဲကိုယ် ချက်ကြရမယ် '

မမဦးတင်သွင်းသော အဆိုကို မမဝင်းနှင့် မိချမ်းဝေက ဝင်ပြီး ကန့်ကွက်ကြတော့ ကျွန်မက အကျပ်ရိုက်သွားသည်။ သို့သော် လွယ်လွယ်နှင့် အလျှော့မပေးတတ်သော ကျွန်မ၏ထုံးစံအတိုင်း

' အို. . . ဘာမှ ပူမနေကြနဲ့၊ ကျွန်မလည်း တစ်ခုခုတော့ချက်ကျွေး နိုင်မှာပါ၊ စားတောင် စားတတ်သေးတာပဲ၊ ချက်တတ်ရမှာပေါ့၊ စားလို့ဖြစ်ရင် ပြီးတယ်မဟုတ်လား '

www.burmeseclassic.com

www.burmeseclassic.com



‘ အင်း. . . စားလို့တော့ ကောင်းဦးမှာပဲ ’

ကျွန်မ၏ ပြီးစလွယ်အပြောကို အားလုံးက မှတ်ချက်ချ ခဲ့ကြသည်။

* * * * * *

စိမ်းလန်းအေး၏ မိသားစုထမင်း စားခန်းထဲသို့ ရန်ကုန် လက်ရာကို အားပေးဖို့ ရောက်လာသူတွေကဖြင့် မနည်းပါ။ ဆရာ မောင်မြတ်မှိုင်း၊ ပန်ထျာ ဌေးဌေးမြင့်၊ ဒေါ်လာရေချမ်း၊ မြို့သာ မရာထို၊ သမိုင်းဆရာလေး ကိုကျော်သီဟ၊ ကဗျာဆရာ လေးနွယ် စိမ်းဝေ၊ နောင်ခမ်းကြီးမှာ မနွယ်နွယ်ဦး၊ ဘာသာပြန် သိပ္ပံစာရေး ဆရာ နေဦးဝေ၏ဇနီး ငြိမ်း၊ ဒေါက်တာ ကျော်ကျော်မင်းနှင့် ဇနီး ဆရာမ အမ်ထုဆိုင်. . . စသည် စသည် စာပေအဝန်း အဝိုင်းနှင့် စာပေမြတ်နိုးသူတို့က ရန်ကုန် စာရေးဆရာအဖွဲ့ကို ချစ်ခင်စွာ လာရောက်တွေ့ဆုံရင်း ရင်းရင်းနှီးနှီး လက်ဆုံစား သောက်ကြသည်။

‘ မမဝင်းက သိပ်ချက်တတ်တာပဲ၊ ဒီလောက်ကောင်း တဲ့ အုန်းနို့ခေါက်ဆွဲမျိုး တစ်ခါမှတောင် မစားဖူးဘူး ’

အချဉ်ပန်းကန်ကို လှမ်းနှိုက်ရင်း ပြောသူက မဌေးဌေး မြင့်ပေါ့။ အဟုတ်ပဲ ပြောသလား၊ စားကောင်းအောင်ပဲ ပြော သလားမသိ၊ မမဝင်းရဲ့ မျက်စောင်းက ကျွန်မအပေါ် ဒိုင်းကနဲ ကျလာသည်။

‘ ဒီသံပရာသီးစိတ်တွေက သန်းမြင့်အောင် စိတ်တာလေ၊ သူ့ကို သံပရာသီးကလေးတော့ လှီးတတ်မယ်ထင်ပြီး ခိုင်းမိတာ

www.burmeseclassic.com

www.burmeseclassic.com



မြင်တဲ့အတိုင်း လက်သည်းခွံလောက် ဖြစ်တာဖြစ်၊ ကျပ်ပြားဝိုင်းလောက် ဖြစ်တာဖြစ်နဲ့ ရုပ်ပျက်ဆင်းပျက်တွေ ဖြစ်တာပဲ ညီမရေ’

ခေါက်ဆွဲဝိုင်းအလယ်မှာ ချထားသော ထိုးထိုးထောင်ထောင် မညီမညာ သံပရာသီးစိတ် ပန်းကန်ကြောင့် ကျွန်မကို ကြည့်ပြီး ဝိုင်းရယ်ကြသည်။

အို. . . သံပရာသီးပဲ ချဉ်ရင်ပြီးပြီပေါ့။ ကျွန်မအသံမထွက်ပဲ ရင်ထဲက ပြောပေးလိုက်သည်။ အဲဒီသံပုရာသီးကိစ္စက မနက်ကတည်းက မီးဖိုချောင်မှာ အဆူခံထိပြီးခဲ့ပြီ။ မမဝင်းက အသက်ဖြင့် ခြောက်ဆယ်ကျော်ရုံကလေး ရှိသေး၊ ပစိပစပ်က များလာပြီ။ မမဦးဆို ဘယ်တော့မှ အဲဒီလိုမြည်တွန်တောက်တီးလေ့မရှိ။ ကျွန်မတို့ လုပ်ချင်ရာ လုပ်လို့ရသည်။ မျက်နှာလိုမျက်နှာရ သံပုရာသီးကလေး လှီးပေးမိပါသည်။ ခဏနေတော့ အနောက်ရောက်လာပြီး အလန့်တကြားနှင့်

‘ အမယ်လေး. . . အမယ်လေး. . . သွားပါပြီ၊ သံပရာသီးတောင် အဖြစ်ရှိအောင် မလှီးတတ်ဘူးလား၊ အံ့ရော အံ့ရော၊ စောစောက ပြောပါလား၊ မတတ်ရင် မတတ်ဘူးလို့၊ ဒုက္ခပါပဲ၊ ရုပ်ပျက်ဆင်းပျက် ဖြစ်ကုန်ပြီ၊ ငါ့နှယ် သေသာသေလိုက်ချင်တော့တာပဲ ’

သံပရာသီးအစိတ် မညီသည့်ကိစ္စက မီးဖိုချောင်ထဲမြွေတစ်ကောင် ဝင်လာသလို ပျာပျာလဏ်သလဲ ထိတ်လန့်တုန်လှုပ်ဖွယ်ဖြစ်သွားတော့ ကျွန်မ ရုတ်တရက် ဘာပြောရမှန်းမသိဘဲ ငေးကြောင်ပြီး မမဝင်းကို ကြည့်နေမိသည်။ ခဏနေ မကျေမနပ်နှင့်သူ ကျွန်မကို ကျော်ခိုင်းသွားတော့မှ သူနားမကောင်းမှန်း

www.burmeseclassic.com

www.burmeseclassic.com



သိနေသော ကျွန်မက မျက်နှာရှုံ့မဲ့ကာ သက်ပြင်းတစ်ချက်ချပြီး. .

‘ ဟင်း. . . သူ့သံပရာသီးတစ်လုံး လှီးပေးမယ့်အစား မသာငါးလောင်းလောက်သာ ပြေးချလိုက်ချင်တော့တယ် ’

‘ ဘာ. . . ဘာပြောတယ်. . . ဘာပြောတယ်. . . ဟောဒီမှာ ဒေါ်ဒေါ်ရေ. . . သန်းမြင့်အောင်ရယ် ကျွန်မကိုခံပြောနေတယ်၊ ကျွန်မက သူ့ကို သံပရာသီးလှီးတာ အချိုးမပြေလို့ ပြောတာကို သူ့သံပရာသီးလှီးပေးမယ့်အစား မသာငါးလောင်းလောက်သာ ပြေးချလိုက် ချင်တယ်တဲ့၊ ကျွန်မကို မခန့်လေးစားလုပ်တယ် ’

ဗုဒ္ဓေါ. . . ပုဒ်မက ပိုကြီးသွားပြန်ပြီ။ ဒါမျိုးကျတော့ တိုးတိုးလေးပြောတာတောင် ကြားတတ်တယ်နော်။ တော်တော်လိမ္မာတဲ့ နားရွက်ကလေး။ ဒါကြောင့် စိန်နားကပ် ပန်ပေးထားတာနေမှာ။ အမေက ကျွန်မတို့ ညီအစ်မနားရောက်လာပြီး မမဝင်းပုခုံးကိုဖက်လို့ စကားနည်းရန်စဲ နှစ်သိမ့်လိုက်တယ်။

‘ ပြောပါစေ သမီးရယ်၊ သူက သုဘရာဇာမို့ သုဘရာဇာ စကားပြောတာပဲ၊ အကျင့်ပါနေလို့ပါ ’

* * * * * *

အမေက ‘ ဘာမှ ချက်မနေကြစမ်းပါနဲ့၊ တစ်ခါတလေလာတာ စာသာရေးသွားကြစမ်းပါ သမီးတို့ရယ် ’ လို့ ပြောနေတဲ့ ကြားက အမေ့ကို စားစေချင်တဲ့ စေတနာကို အရင်းခံပြီး အချင်းချင်း တွေ့ဆုံပျော်ရွှင် ရတဲ့နေ့ကလေးတွေကို ကြည့်ပြီး ကျွန်မပါ

www.burmeseclassic.com

www.burmeseclassic.com



အလိုလို ချက်ပြုတ်ချင်တဲ့စိတ်တွေ ပေါက်လာရသည်။ ခက်တာက ကျွန်မ ဘာချက်ရင်ကောင်းမလဲ၊ မနက်စောစော စားလို့ကောင်းမည့် စားဖွယ်တစ်ခုခု. . . ဟုတ်ပြီ. . . မေမေ ကျွန်မတို့ကို ချက်ကျွေးနေကျ ကြာဆံချက် ချိုချိုပျစ်ပျစ်ကလေး. . . မမဦး၏ မုန့်ဟင်းခါးကို မြိန်ယှက်စွာစားသုံး နေကြဆဲမှာပဲ ကျွန်မကြေညာလိုက်သည်။

'မနက်ဖြန် မိချမ်းဝေ ကိုက်ကြေးကိုက်ကြော် ကျွေးပြီးရင် သဘက်ခါကျတော့ ကျွန်မ ကြာဆံချက် ချက်ကျွေးမယ်'

'ဟေး. . . ကောင်းတယ်. . . ကောင်းတယ်'

မမဦးနှင့် ကိုညို (ညီပုလေး) တို့က ဝမ်းသာအားရထောက်ခံလိုက်ချိန်တွင် ကျွန်မ၏အစွမ်းအစကို မယုံမရဲဖြစ်သော မိချမ်းဝေမျက်လုံးလေး ကလယ်ကလယ်နှင့် ဟိုကြည့်သည်ကြည့်၊ သူ့ရင်ထဲမှာ ငါ့သူငယ်ချင်းကို ငါကယ်မှ မျက်နှာပန်းလှရှာမယ်လို့ တွေးနေမှာ သေချာတယ်။ အဲဒီအချိန်မှာ မမဝင်းက

'သူများချက်တာပဲ အေးအေးထိုင်စားစမ်းပါ သန်းမြင့်အောင်ရယ်၊ နင်ဘာချက်တတ်လို့လဲ၊ သံပရာသီးလေးတောင်အချိုးပြေအောင် မလှီးတတ်ဘဲနဲ့၊ နင်ချက်မကျွေးလို့လဲ နင့်ကိုဘယ်သူမှ အပြစ်မပြောဘူး၊ ငါ့ညီမလေးက အိမ်တွင်းမီးဖိုချောင်အလုပ် မလုပ်တတ်ပေမယ့် အခြားနေရာတွေမှာ မမတို့ထက်အစွမ်းအစရှိတယ်ဆိုတာ ယုံပြီးသား၊ မချက်နဲ့နော် ရတယ်'

အမယ်. . . သန်းမြင့်အောင်ကို ဒီလိုအချိုသတ်လို့ ဘယ်ရမလဲ၊ သူတို့အရသာမရှိမှာစိုးလို့ ပြောနေတာ မသိတာကျလို့။

'ဟင့်အင်း. . . ချက်မှာပဲ၊ မမဝင်းတို့၊ မမဦးတို့၊ မိချမ်း

www.burmeseclassic.com

www.burmeseclassic.com



ဝေတို့ အမေ့ကို စားစေချင်ကြသလို ကျွန်မလည်း ကျွန်မကိုယ်တိုင်ချက်တဲ့ ကျွန်မရဲ့ လက်ရာစစ်ကလေးကို မမတို့လိုပဲ အမေ့ကို တမြတ်တနိုး ကျွေးချင်တာပေါ့ '

' ငါက သနားလို့ပါ '

' ဘယ်သူ့ကိုလဲ '

' ဒေါ်ဒေါ့်ကို . . . အဲ . . . အဲ . . . နင့်ကို . . . ငါ့ညီမလေး မချက်တတ် ချက်တတ်နဲ့ မီးဖိုထဲမှာ ချွေးတလုံးလုံးနဲ့ ပင်ပန်းနေမှာ မကြည့်ရက်လို့ပါ၊ ငါတို့ချက်တာတွေ့တယ် မဟုတ်လား၊ အစအဆုံး ကိုယ့်ဟာကိုယ် တစ်ယောက်တည်း ကျိုးချက်ရတာနော်၊ ဘယ်သူ့အကူအညီမှ မပါဘူး။ အဲဒါမှ ကိုယ့်စိတ်ကူး၊ ကိုယ့်အတတ်ပညာနဲ့ ကိုယ့်လက်ရာဖြစ်တာ '

' ဟုတ်တယ် သန်းမြင့်အောင်၊ နင်တစ်ယောက်တည်း ချက်လို့ ဖြစ်ပါ့မလား '

မိချမ်းဝေရဲ့ စိုးရိမ်စိတ်ကို

' မမဦးလည်း ဝိုင်းကူချက်ပေးပါမယ် '

မမဦးကပါ အကောင်အထည်ဖော်ပေးတော့ မမဝင်းက

' ဒါကြောင့်ပြောတာပေါ့၊ သူမချက်တတ်ပါဘူးဆိုတာ၊ ဒါဆိုဘာထူးလဲ၊ ဝိုင်းချက်နေကြရင် '

' ဟာ . . . လူကို အဲဒီလောက်လဲ အထင်မသေးကြနဲ့လေ၊ ဘယ်သူမှ ဝိုင်းကူပေးစရာမလိုဘူး၊ မီးဖိုထဲကို တစ်ယောက်မှဝင်မလာနဲ့၊ အစအဆုံး တစ်ယောက်တည်း လုပ်ပြမယ်၊ ကြာဆံချက်များ အိမ်မှာအမြဲစားနေကျ၊ နောင်ကျတော့မှသာ ခဏခဏ မချက်ခိုင်းကြနဲ့ '

www.burmeseclassic.com

www.burmeseclassic.com



' အလဲ့ တယ်ဆိုတဲ့စာပါလား '

ကြာဆံချက် အကြောင်းပြောရင်းက မုန့်ဟင်းခါးတွေ အားရပါးရ စားနေကြသော စိမ်းလန်းအေး အဖွဲ့သားတွေက ပါးစပ်မအားတဲ့ကြားထဲကနေ တစ်ယောက်နဲ့ တစ်ယောက် အလုအယက် ' ကောင်းလိုက်တဲ့မုန့်ဟင်းခါး၊ မမဦး ဘယ်လိုချက်တာလဲ နည်းကလေး ပေးသွားစမ်းပါ '

' မမဦး မုန့်ဟင်းခါးက ကောင်းမှကောင်းပဲ '

' မနက်ဖြန် မိချမ်းဝေရဲ့ မြိတ်ကတ်ကြေးကိုက် စားရတဲ့ အခါကျတော့ လျှာလည်ပြီး မမဦးမုန့်ဟင်းခါးကို မေ့သွားကြမှာပါ၊ မယုံရင် ကြည့်နေ '

မမဦးက မိချမ်းဝေ၏ လက်ရာကို ယုံကြည်စိတ်ချစွာ ကြေညာနေပေမယ့် ကျွန်မကတော့ မုန့်ဟင်းခါးပန်းကန်ကို လှမ်းကြည့်ရင်း ကြာဆံချက်တွေ မြင်ယောင်နေသည်။ စိတ်ထဲမှလည်း အိမ်မှာ မေမေကျွေးနေကျ ကြာဆံချက်၏ အရသာနှင့် ပုံသဏ္ဌာန်ကိုမှန်းဆနေဖြစ်၏။ ကြာဆံချက် ချိုချိုပျစ်ပျစ်ကလေးထဲမှာ ကြာဆံအပြင် အဘိုးကြီး အဘွားကြီးနားရွက်ဟုလည်း ခေါ်သည့် မှိုခြောက်နှင့် ပန်းခြောက်အမျှင်ကလေးတွေပါ၏။ ပြီးတော့ ငုံးဥ၊ ကြက်သွန်နီဥ၊ တစ်ခါတစ်ရံ ဘဲဥအပြင် ကြက်ခြေထောက်၊ ခေါင်းပါသေးသည်။ မမဦးက ကြက်ခေါင်းတို့ ခြေထောက်တို့ ကြိုက်တော့ အဲဒါတွေကို သပ်သပ်ခပ် များများထပ်ဝယ်ထည့် လိုက်ဦးမည်။ ကြက်သားကိုလည်း ပြုတ်ပြီး အမျှင်လေးတွေ ထွင်ထည့်မည်။ ငရုတ်ကောင်းလှော်ထောင်း၊ ငရုတ်သီးအကျက်မှုန့်၊ ကြက်သွန်မြိတ်၊ နံနံပင်၊ကြက်သွန်နီပါးပါးလှီး၊ ရှောက်သီးစိတ်ကလေးတွေ ပြင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ပန်းကန်စီသပ်သပ်ထား၊ ဟာ အခုတောင်စားချင်လာပြီ။

နောက်တစ်နေ့ မနက်စောစော ဆရာဒေါ်လာရေချမ်းနှင့်ဆရာမ မြို့သာမရာထိုတို့ ဇနီးမောင်နှံက ဒန်ပေါက်ထမင်းတွေယူလာပြီး အမေနှင့်တကွ ကျွန်မတို့အားလုံးရော ပြင်ဦးလွင်က ဆရာများပါ ဆင်ခေါင်းကြီးကျောင်းသို့ ပို့ပေးကြသည်။ ဆင်ခေါင်းကြီးကျောင်းမှာ မြို့သာမရာထို၏ လက်ရာ၊ အရသာရှိရှိ ဒန်ပေါက်ထမင်းစိမ်းစိမ်း (ဝါဝါ မဟုန်ပါ) ကိုအားပါးတရ စားပြီးဓာတ်ပုံရိုက်ကြသည်။ မိချမ်းဝေ၏ မြိတ်ကတ်ကြေးကိုက်ကို နေ့ခင်းပိုင်းနှင့် ညနေပိုင်းတွင် ပူပူနွေးနွေး စားကြမည်ဖြစ်သည်။ ကတ်ကြေးကိုက် ပရိသတ်အချို့က ယခုအချိန်ကတည်းက ဆင်ခေါင်းကြီးကျောင်းသို့ ပါလာကြပြီး ဖြစ်သလို အချို့ကလည်း စိမ်းလန်းအေးမှာ လာပြီးစောင့်နေကြမည် ဖြစ်သည်။ ကျွန်မကတော့ မနက်ဖြန် ကြာဆံချက်အတွက် စိတ်စော၍နေသည်။ ယနေ့ညနေ ဈေးဝယ်ရမည်မို့ ဆင်ခေါင်းကြီးကျောင်းသို့ ကာဖြင့်လိုက်ပို့သော ကဗျာဆရာလေးနွယ်စိမ်းဝေကို ဈေးပို့ပေးရန် ညှိနှိုင်းထားပြီးဖြစ်သည်။ ကားပေါ်မှာ ဘေးလူမကြားအောင် မြို့သာမရာထိုကို တိုးတိုးလေး ' အစ်မ. . . ကြာဆံချက်က ချင်းထည့်ရသလား၊ ဆီတော့ မပါဘူးနော် ' ဟု မေးမိတော့ မြို့သာက ကျွန်မကို တအံ့တသြပုံစံနှင့် ' ထည့်ရတယ်လေ၊ ကြက်သွန်ဖြူနဲ့ ချင်းနဲ့ ကြက်သားကိုဆီသတ်ပြီးမှ ချက်ရတာ၊ ဆီနည်းနည်းပါတာပေါ့၊ ဒါမှ အညှီနံ့ပျောက်မယ်လေ၊ ဘာဖြစ်လို့လဲ၊ ရန်ကုန်မှာ အဲဒီလို မချက်ဘူးလား ' ဆိုတော့ ကျွန်မက ပျာပျာသလဲနှင့် သူ့ကို လက်ကာပြပြီး 'မဟုတ်ဘူးအစ်မ၊ ကျွန်မ ဇဝေဇဝါဖြစ်နေလို့ အစ်မကိုမေး

www.burmeseclassic.com

www.burmeseclassic.com



တာ၊ တိုးတိုးနော်၊ မမဝင်းတို့ မသိစေနဲ့ ' ဆိုတော့မှ မရာထို သဘောပေါက်ပြီး ပြုံးစေ့စေ့ ဖြစ်သွားသည်။ ကားပေါ်မှ ဆင်ခေါင်းကြီးကျောင်း၏ ထူးခြားချက်ဖြစ်သော ရောမသစ်ပင်ကြီး တစ်ပင်၏ ထူးခြားသည့် ဖွဲ့စည်းပုံနှင့် အနှစ်တစ်ရာကျော် တည်ရှိခဲ့ပြီးဖြစ်သော ရှေးဟောင်းကျောင်းဆောင်ကြီး အကြောင်းတွေကို တွေးတော ပြောဆိုနေကြဆဲမို့ ကျွန်မနှင့် မရာထိုတို့၏ စကားကို ဘယ်သူမှ မကြားလိုက်ပါ။ ထိုမှအပြန် ဈေးဝင်တော့လည်း ဝယ်ရတာ အစစ အဆင်ပြေ၏။ မြို့ခံ နွယ်စိမ်းဝေက သူ့မိတ်ဆွေဆိုင်တွေနှင့်မိတ်ဆက် ပေး၍ဖြစ်သည်။ ' စိမ်းလန်းအေး ' ကို ပြန်ရောက်တော့ ကျွဲနားထောက်ရွာမှ ဆရာ နေဦးဝေ၏ဇနီး ငြိမ်းရောက်နေပြီဖြစ်၏။

' မြိတ်ကတ်ကြေးကိုက် ဖိတ်ထားလို့ ရောက်နေတာ မနက် ၁၀နာရီ လောက်ကတည်းက၊ သည့်ထက်သာ နည်းနည်းစောရင် ဆင်ခေါင်းကြီးတောင် လိုက်လို့ရတယ် ' ဟု ပူညံပူညံ လုပ်ပါတော့သည်။ ငြိမ်းကလည်း တစ်နေ့က သူ့ရဲ့ ' ကျွဲနားထောက် ' ခြံကိုဖိတ်ပြီး ကျွန်မတို့အုပ်စုကို အုန်းထမင်းချက်ကျွေး စကားတွေတဝကြီး ပြောနှင့်အချိန်ချိန်တိုတိုအတွင်း ညီအစ်မရင်းချာ တွေလိုဖြစ်သွားကြပြီမို့. . .

' မထူးပါဘူး ငြိမ်းရယ်၊ ဒီညနေ မြိတ်ကတ်ကြေးကိုက် စားပြီးရင် ဒီမှာပဲ အိပ်လိုက်တော့၊ မနက်စောစော ကြာဆံချက် စားပြီးမှပြန်၊ ဆရာက ငြိမ်းပြန်မလာရင် ဒီမှာ အိပ်မယ်လို့ သိမှာပါ ' ဆိုတော့ ငြိမ်းလည်း တွေးတွေးဆဆနှင့်

' အင်းလေ. . . အဲဒီလိုဆိုရင်တော့ စကားလည်း အေး

www.burmeseclassic.com

www.burmeseclassic.com



အေးဆေးဆေး ပြောရတာပေါ့၊ သူတို့ စိတ်ပူနေရင်တော့ ဖုန်းဆက်မေးမယ် ထင်ပါတယ် ’

ဟုပြောကာ ကျွန်မတို့အဆိုကို အတည်ပြုလိုက်သည်။ ထိုကောင်းမှုကြောင့်ပင် ညဘက် လူခြေတိတ်ချိန် ကျွန်မ နောက်ဖေးမှာ တစ်ယောက်တည်း ကြက်သားပြုတ်သောအခါ ငြိမ်းက စကားပြောနေချိန်အဖြစ် ကျွန်မအနားမှာ လာထိုင်၍ ကျွန်မများ စွာကံကောင်း သွားပါသည်။

မြိတ်ကတ်ကြေးကိုက်ကို ခံတွင်းမြိန်မြိန်နှင့် အဝတွယ်ထားကြသူတို့က အနားယူနေကြပေပြီ။ နေ့ခင်းကလည်း လျှောက်လည်ထားကြသည်မို့ ပင်ပန်းနေကြပြီကိုး။ ကျွန်မကတော့ ကြက်သားတွေ၊ ကြက်ခြေထောက်ခေါင်းတွေကို ငံပြာရည်နှင့် အရင်ပြုတ်ပြီး ပြုတ်အိုးကြီးကို ယောက်မတစ်ချောင်းဖြင့် မွှေရင်းမီးသွေးမီးဖိုဘေးမှာ ခွေးခြေပုကလေးနှင့် ထိုင်နေသော ငြိမ်းနှင့်စာအကြောင်း ပေအကြောင်း ပြောဖြစ်နေ၏။

‘ အမေ့မွေးနေ့ တစ်ရက်မှာ နယ်ကလာတဲ့ စာရေးဆရာတစ်ယောက်က ကျွန်မကိုလာပြီး လူမှားနှုတ်ဆက်တယ်၊ ဆရာမက မသီတာ (စမ်းချောင်း) မဟုတ်လားတဲ့၊ ကျွန်မက မဟုတ်ဘူးလို့ ဆိုတော့ အဲဒီဆရာက လူမှားလို့ပါဆိုပြီး တောင်းပန်သွားတယ်၊ စာရေးဆရာနဲ့ မှားတာပဲအစ်မရယ်၊ တောင်းပန်စရာမဟုတ်ပါဘူးနော်၊ အိမ်မှာပြန်ပြောတော့ ဆရာက မင်းကပြန်ပြောလိုက်လား ကျွန်မက ငြိမ်းငြိမ်း (ကျွဲနားထောက်) ပါလို့ ဆိုတော့ကလေးတွေက ဝိုင်းရယ်ကြရော ’

ငြိမ်းက ကျွန်မကို ပြောပြရင်း ကြက်ပြုတ်အိုးကို စူးစိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေပုံရကာ တဖြည်းဖြည်း မျက်လုံးပြူး မျက်ဆံပြူးနှင့်

'အစ်မ. . . အစ်မ. . . ကြက်သားတွေကို ရေဆေးရဲ့လား' ဟု အဆက်စပ်မရှိဘဲနှင့် ထမေးသည်။ ကျွန်မက 'ဆေးပါတယ်၊ သုံးခါတောင် ဆေးတယ်၊ ဘာဖြစ်လို့လဲ' ဆိုတော့ 'ရေဆေးရင်းနဲ့ ကြက်လည်ပင်းဘေးက ပွန်ချောင်းတွေကို ဆွဲမထုတ်ဘူးလား၊ ဟောဒါကြီးတွေကိုလေ' ဟု ဆိုပြီး ကျွန်မလက်ထဲက ယောက်မကို ဆွဲယူကာ ကြက်ပြုတ်အိုးထဲမှ ခေါင်းနှင့်တွဲနေသော လည်ပင်းရိုးတွေကို ဇလုံတစ်ခုထဲ ဆယ်ထည့်ကာ ငေါက်တောက်တောက်နှင့် ပါလာသော လည်ပင်းရိုးဘေးမှ ပါးစပ်မှလည်း 'တော်သေးတာပေါ့၊ လည်ပင်းအောက်က ဇလုပ်ကြီးတွေ ပါမလာတာ၊ အဲဒါလည်း ဈေးသည်တွေကိုပဲ ကျေးဇူးတင်ရတော့မယ် ထင်ပါရဲ့၊ သူကြာဆံချက်စားရမှာ ကြက်သီးတောင်ထတယ်' ဟု ဆိုသည်။

'အဲဒီအကြောင်းတော့ ဘယ်သူ့မှ မပြောလိုက်လိုက်ပါနဲ့ငြိမ်းရယ်နော်၊ အစ်မတောင်းပန်ပါတယ်'

သန့်စင်ပြီးသား လည်ချောင်းရိုးတွေကို အိုးထဲပြန်ထည့် ရင်းငြိမ်းက ကျွန်မကို ကြည့်ကာ အဓိပ္ပာယ်ပါပါပြုံးသည်။ ထို့ နောက်ယောက်မဖြင့် တစ်ချက်နှစ်ချက်မွှေနေပြီးမှ 'ဟောတော့ ဒီမှာလည်း ကြည့်ပါဦး' အိုးထဲမှ ဆယ်ထုတ်လိုက်သော ကြက်ခြေထောက် တစ်ချောင်းတွင် အရေခွံကြီးက ဗတ်လတ်ကွာကျရင်း တွဲလောင်းဖြစ်နေသည်။ 'ဟာ. . . ခြေထောက်က အရေခွံတွေ လည်းမနွာဘူးတော့၊ ဒုက္ခပါပဲ' အနီးမှ ဇလုံကို ဆွဲယူကာ ကြက်ခြေထောက်တွေ အကုန်လုံး ဆယ်ချနေပြန်၏။

'အစ်မ ထပ်တောင်းပန်ပါတယ် ငြိမ်းရယ်'

www.burmeseclassic.com

www.burmeseclassic.com



' ဘာလဲ၊ ဘယ်သူမှ ပြန်မပြောဖို့လား၊ ဒါကတော့ အခြေအနေအရပဲလေ '

' တကယ်တော့ အဲဒီအရေခွံတွေရော၊ လည်ချောင်းရိုးတွေပါ အလွန်သန့်ရှင်းပါတယ်၊ အစ်မ သေသေချာချာ ပွတ်တိုက်ပြီး အထပ်ထပ်ဆေးထားတာပါ၊ အရေခွံမခွာမိတာက မေ့သွားလို့ပါ '

' ယုံပါတယ်လေ၊ ကြက်သွန်ဖြူထည့်ဖို့၊ ချင်းထည့်ဖို့ ဆီသတ်ဖို့တောင် မေ့နေလို့ သူများကိုပြန်မေးနေရသေးတာ မဟုတ်လား '

ဘုရားရေ. . . ဘယ်အချိန်ကများ ဖောက်သည်ချလိုက်ကြပါလိမ့်၊ ဒါရိုက်လား အင်ဒါရိုက်လား၊ ဒါဆိုရင် ငြိမ်းကိုရော ယုံလို့ ဖြစ်ပါ့မလား၊ ကျွန်မရဲ့ အစွမ်းအစကို အားလုံးက သိနေကြပြီထင်ပါရဲ့. . .။

' ဒါပေမယ့် စိတ်ချပါလေ၊ ငြိမ်းက ဘယ်သူမှ မစားသေးခင် ဘာအကြောင်းမှ ပြောမပြပါဘူး၊ အဲသည်ကြားထဲမှာတော့ လူကို စိတ်ဆိုးအောင် မလုပ်နဲ့ပေါ့ '

ဟူး. . . တော်ပါသေးရဲ့။

* * * * * *

ညကလေးက ကြက်သားကို ဆီသတ်ထားပြီးသားမို့ မနက်အစောကြီးထပြီး ပြုတ်ရည်အိုးထဲ ရေစိမ်ထားသော ကြာဆံ၊ မှိုခြောက်ပန်းခြောက်နှင့် ကြက်သွန်ဥတွေ၊ ငုံးဥတွေရောထည့်ကာ ပွက်ပွက်ဆူအောင် ကျိုချက်လိုက်တာ တစ်ခဏနှင့် ကျက်သွား

www.burmeseclassic.com



သည်။ မိချမ်းဝေက အိပ်မှုံစုံမွှားနှင့် ထလာကာ

‘ ကြက်သွန်လှီးမယ်၊ ရှောက်သီးစိတ်မယ် ’ ဆိုပြီး လုပ်အား လာပေးသဖြင့် ထမင်းစား စားပွဲပေါ်တွင် မကြာခင် လှလှပပ ပြင်ဆင်ပြီးသား ဖြစ်သွားသည်။ မကြာခင် အိမ်သားတွေနှင့် တစ်ပြိုင်တည်းလိုလို ငြိမ်းပါ နိုးပြီးမီးဖိုထဲ ရောက်လာသဖြင့် ကျွန်မက

‘ ဘယ်သူမှမစားခင် ဦးဖယ်ပြီး ငြိမ်းအရင်စားပြီး ပြန်ပါလား၊ တော်ကြာ ညကလည်း ပြန်မလာတော့ ဆရာစိတ်ပူနေဦးမယ် ’ ဆိုတော့ ငြိမ်းက ‘ ဟင်. . . မျက်နှာတောင် မသစ်ရသေးဘူး၊ ဘယ်လိုဖြစ်တာလဲ၊ စောစောစီးစီး ပြန်နှင်လွှတ်နေတာ၊ ကျွန်မကို စိတ်ဆိုးအောင် လုပ်တာလား၊ ဘယ်သူမှ စိတ်မပူဘူး၊ ညက ဖုန်းဆက်ပြောပြီးပြီ ’

‘ မဟုတ်ပါဘူး၊ အစ်မက စောစောစီးစီး ဆရာစားရအောင် ကြာဆံချက်ကလေး ထည့်ပေးလိုက်ချင်လို့ပါ ’

ဟု ပြန်ချော့မှ ငြိမ်သွားတော့သည်။

သည်ကနေ့မှ ကျွန်မ၏လက်ရာကို ကျွေးမွေးရန် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များလည်းရှိသဖြင့် အတွင်းရေးကို ဖွင့်ချလိုက်မှာစိုး၍ ကျွန်မမှာ ငြိမ်းကို မျက်ခြေပြတ်မခံဘဲစောင့်ကြည့် မျက်နှာချိုသွေးနေရသည်။ ဆရာ ညီပုကလည်း ညဘက် စာကြည့်စားပွဲ စာစုရေးကြရင်း ဆုံဖြစ်ကတည်းက

‘ ကျွန်တော်က ကြာဆံချက် သိပ်ကြိုက်တာ၊ စိတ်ချ ဆရာမ ကြာဆံချက်ကို ဘယ်သူမစား စားစား ကျွန်တော်ကုန်အောင် စားပေးမယ် ’

ဟု အားပေးထားသည်။ ကျွန်မ၏ အထူးဧည့်သည်တော်

www.burmeseclassic.com



ကား အမေနှင့် ဆရာ ညီပုလေးတို့၏ မိတ်ဆွေရင်းချာ ဓာတ်ပုံဆရာကြီး ဦးအေးကိုနှင့် ပန်းချီဆရာ ဦးစန်းဝင်းတို့ဖြစ်သည်။ ဖြစ်ကတတ်ဆန်း ဖိုသီဖတ်သီနေတတ်သော ကျွန်မမှာသည်အတိုင်း နေလျှင် မလှဘူးထင်ရသလောက် အသေအချာပြင်ဆင် ခြယ်သလိုက်ပါက ကြောက်စရာပုံတစ်မျိုး ပေါက်သွားလေ့ ရှိသူအား တစ်သက်မှာ တစ်ခါမှ မမြင်ဘူးသော ဓာတ်ပုံလှလှ ရအောင်ရိုက်ပေးသဖြင့် ကျွန်မက အလွန်ကျေးဇူး ဆပ်ချင်နေရခြင်းဖြစ်သည်။

မကြာခင် ထမင်းစားခန်း စားပွဲမှာ လူစုံလာတော့သည်။ အမေ၊ မမဝင်း၊ မမဦး၊ ဆရာ ညီပုလေး၊ မိချမ်းဝေ၊ ငြိမ်း တို့အပြင် နံနက်အစောကြီး လမ်းလျှောက်ရာမှ ဈေးထဲပါ ဝင်ပတ်ပြီး ပြန်လာသော မိချမ်းဝေ၏ခင်ပွန်း၊ ကျွန်မတို့ အစ်ကိုကြီး ဦးစိုးမြင့်လည်း ထမင်းစားခန်းထဲ တန်းဝင်လာပြီး. . .

'ဟာ. . . ကြာဆံချက် မွှေးလိုက်တာ '

ဟုဆိုကာ ခုံတစ်လုံးဆွဲပြီး ဝင်ထိုင်၏။ ကျွန်မက အမေ့ပန်းကန်မှစကာ လူစေ့အောင် ကြာဆံချက်တွေ လိုက်ထည့်ရင်း က ရင်ထဲမှာ လှုပ်ရှားနေ၏။

'ငါ့ညီမလေး ညက အိပ်ရရဲ့လား '

မမဦးက ကြင်နာစွာ စကားဆို၏။

'တကယ်ချက်တော့လည်း ဖြစ်တာပဲ၊ စားချင်စရာကောင်းလိုက်တာ၊ ငါ့ညီမလေး အတော်ပင်ပန်းသွားပြီ၊ သနားပါတယ် ' မမဝင်းက ကျွန်မကို ကရုဏာသက်စွာ ချီးကျူး၏။

'အဟမ်း. . . အဟမ်း ' ငြိမ်းထံမှ ချောင်းဟန့်သံတစ်

www.burmeseclassic.com

www.burmeseclassic.com



ချက်ထွက်လာသည်။

'သူက တစ်ခါမှ ဒါမျိုး လုပ်ဖူးတာ မဟုတ်ဘူး၊ ဒေါ်ဒေါ် နဲ့ မမတို့ကို ကျွေးချင်လွန်းလို့ မတတ်တတတ်နဲ့ အပင်ပန်းခံပြီး ချက်နေရှာတာ၊ ညကလည်း တလှုပ်လှုပ်နဲ့ တော်တော်နဲ့ မအိပ် ဘူး '

မိချမ်းဝေက ကျွန်မအပေါ် သာသာထိုးထိုး ရှေ့နေလိုက် ပေးသည်။ အမေက စားပွဲထိပ်မှာ ထိုင်နေရာကနေ ကျွန်မမျက် နှာကိုကြည့်ပြီး ပြုံးနေသည်။

'စားတော့လေ အမေရဲ့၊ မမတို့ရော. . ဆရာတို့ရော. . စားလေ '

'ငါ့သမီးလည်း ဝင်စားလေ '

'သမီးက မစားသေးဘူး၊ အမေတို့စားတာ ကြည့်ဦးမှာ၊ ဘေးကနေ လိုတာဖြည့်ပေးမယ်၊ ချက်ရင်းနဲ့ ဗိုက်ဝနေသလိုပဲ ' အမှန်တော့ ကျွန်မ ရင်ခုန်နေတာပါ။ ကျွန်မရဲ့ ကြိုးပမ်းမှု အပေါ် ဘယ်လို မှတ်ချက်ချခံရမလဲလို့ အောင်စာရင်း စောင့်နေတဲ့ ကျောင်းသူလေးတစ်ယောက်ရဲ့ စိတ်လှုပ်ရှားမှုမျိုးနဲ့ပေါ့။

'စားကြည့်ပြီး ဘာလိုသေးလဲ ပြောပါနော် '

တကယ်တော့ တစ်ခုခုလိုနေရင်လည်း ကျွန်မ ဘာမှလုပ် တတ်တော့မှာ မဟုတ်၊ ချို၊ ချဉ်၊ ငန်၊ စပ် ထပ်ဖြည့်ရုံမှ အပ. . . သို့သော်. . .

'ငါ့သမီးလက်ရာက ကောင်းသားပဲကွဲ့၊ ဘယ်ဆိုးလို့ပဲ '

'ဟုတ်တယ်နော်၊ အစက ဒီလောက် ချက်တတ်လိမ့်မယ် မထင်ဘူး '

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်တော့. . . တကယ်ကောင်းတယ်'

'ကြာဆံချက်က အရသာရှိလိုက်တာဟယ်၊ ချိုနေတာပဲ'

အချိန်တိုတိုကလေးအတွင်း တစ်ယောက်တစ်ပေါက် ဝိုင်းပြီး ချီးကျူးထောမနာ ပြုကြတော့ ကျွန်မမျက်နှာကြီး မထားတတ်အောင်ပင် ကျေနပ်ပီတိတွေ ဝေသွားတော့၏။

ရုတ်တရက် နှုတ်က ဘာမှ ပြောမထွက်ပေမယ့် ရင်ထဲကတော့. . .

'အရသာရှိမှာပေါ့. . . ချိုမှာပေါ့. . .၊ ကျွန်မရင်ထဲက တကယ့်စေတနာတွေကြောင့်. . . .'

သန်းမြင့်အောင်

www.burmeseclassic.com

www.burmeseclassic.com

# ခင်ခင်ထူး

# ပွဲဈေးတန်း

*“တစ်နှစ်တစ်ခါ ရှာဦးစေတီဘုရားပွဲပါနိုင်တဲ့ နှစ်မှပါတတ်တဲ့ ဓာတ်ပွဲ၊ အငြိမ့်ပွဲဆိုတာမျိုးကတော့ ကြုံတောင့်ကြုံခဲကိုး။ သည် တော့လည်း ဘယ်လိုမင်းသား ဘယ်လိုမင်းသမီး ဖြစ်ဖြစ်၊ ဖြေလာ လာ မြည်းလာလာကြည့်ရဖို့သာ ပဓာန။ ကြည့်လိုက်ရချေသေး ဆိုတဲ့ ကြိမ်းသံမောင်းသံတွေကလည်း နှစ်ဝက်လောက်ကတည်းက အားခဲထားကြရတာကလား။”*

www.burmeseclassic.com

www.burmeseclassic.com



# ပွဲဈေးတန်း

မနက်ဝေလီဝေလင်းကတည်းက ဘုရားပွဲ 'ဈေးခင်း' ကလေးက 'စည်'နေပါပြီ။ တောဘုရားပွဲဆိုတော့ ရွာတွေရဲ့ထုံးစံ ပွဲတော်ရက် မတိုင်ခင်နှစ်ရက်သုံးရက်လောက်ကတည်းက တဲက နားဖျင်းတွေ ထိုးပြီး ဆိုင်နေရာ မဲနှိုက်နှင့်ကြပြီးသားကိုး။မြေခင်း ဈေးသည်တွေကတော့ ဟိုတိုးသည်တိုးပေါ့။ ပွဲနေ့ရောက်တာနဲ့ မီးခိုးတအူအူ၊ ဖုန်တလုံးလုံးနဲ့ ပွဲခင်းလေးကို စပြီးပုတ်နှိုးလိုက်ကြပြီ။ ဘာဖွင့်ပွဲမှမလိုဘူး။ သူ့ဟာသူ စည်လာတာပါ။

ပွဲဈေးတန်းဆိုပေမယ့် ပွဲကမယ့် ဇာတ်ခုံနေရာနဲ့ကတော့ အတော်ကလေး လှမ်းတယ်။ လှမ်းတယ်ဆိုတာက ပွဲဈေးတန်းနဲ့ ဇာတ်ခုံ ရောမနေအောင် တမင်ခွာထားတာပါ။ ဇာတ်ခုံရှေ့မှာက တစ်ဧကခွဲ လောက်ကျယ်တဲ့ ပွဲခင်းကွက်လပ်ကြီးရှိတယ်။ အဲသ လောက် မရှိလို့လည်း မဖြစ်ဘူး။ ရွာပေါင်းစုံက ပွဲလာကြည့်မှာ ဆိုတော့ နေရာကျယ်ပါမှ။ ဖျာစုတ်တွေ၊ အိမ်ထရံစုတ်တွေ၊

www.burmeseclassic.com

www.burmeseclassic.com



ဝါးကပ်ကြမ်း တွေ၊ နှမ်းရိုးတွေ၊ မြေဆီအိတ်ခွဲ ညစ်စုတ်စုတ်တွေ စိုက်ထားတဲ့ ငုတ်တွေနဲ့ ပြည့်ကျပ်အောင် နေရာယူထားကြတယ်။ ပွဲခင်းရဲ့ ဘေးပတ်ပတ်လည်မှာ ဟိုရွာသည်ရွာက ပွဲကြည့်လာကြမယ့်လှည်းတွေ ချွတ်ဖို့နေရာဆိုတာကလည်း နေရာအတော်ကလေး ပေးထားရတယ်။ လှည်းလှည့်သာ နွားလှည့်သာပေါ့။ အဲသည် ပွဲခင်းနေရာကိုက စိုက်မြေလေးငါးကွက်စာလောက် ရှိတာပါ။ ပွဲခင်းနဲ့ တည့်တည့် လောက်မှာမှ ပွဲဈေးတန်း ဆိုင်ခန်းကလေးတွေ ရှိတယ်။

ပွဲဈေးတန်းဆိုလို့ မြို့ဘုရားပွဲတွေလို အစီအတန်း သပ်သပ်ခပ်ခပ် မဟုတ်ဘူး။ ရိတ်သိမ်းပြီးစ သစ်ခင်းတွေကြားထဲမှာ မိုးတိုးမတ်တတ် ပေါက်နေတတ်တဲ့ထန်းပင်ကြီးတွေ၊ ဆူးချုံတွေနဲ့ လွတ်တဲ့ နေရာ။ ကန်သင်းရိုးပြေတဲ့နေရာ။ မြေပပ်ကြားအက်ချိုင့်ခွက်၊ အဖုအထစ်တွေ ညှိဖို့ပြုဖို့ အဆင်ပြေတဲ့နေရာမှာ ကြုံသလို ကျသလို ရှိသမျှပစ္စည်း ကလေးနဲ့ အဖြစ်ဆောက်ထားရတာပါ။ ပွဲခင်းဘက်ကို လှည့်ထားတဲ့ ပွဲဈေးတန်း ထိပ်နဖူးမှာက 'တော' လက်ဖက်ရည်ချိုဆိုင်ကလေးတစ်ဆိုင် ရှိတယ်။ သည်ဆိုင်က ဆယ်ရက်လောက် ကတည်းကကြိုရောက်နှင့်တာ။ သူနဲ့ တစ်ဆက်တည်းမှာ ခေါက်ဆွဲသုပ်၊ မုန့်တီသုပ်ရောင်းတဲ့ ဆိုင်သုံးလေးဆိုင် ရှိတယ်။ ထန်းရည်နဲ့ တွဲရောင်းတဲ့ ဆယ့်နှစ်ပွဲကူး အကြော်ဆိုင်ကြီး တစ်ဆိုင်လည်းရှိရဲ့။ မရှိမဖြစ် အရက်ဆိုင်ကလေးတွေ ကတော့ မလွတ်ဘူး။

ပွဲဈေးတန်းအလယ်လောက်မှာ ဆံပင်ကောက်ဆိုင်နဲ့ ဓာတ်ပုံဆိုင်ကတွဲလျက် ရွက်ဖျင်ရုံကြီးထိုးထားပြီး မင်းသား

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးပုံတွေချိတ်ထားတယ်။ တရုတ်စီဝိုင်စီ ပွင့်ရိုက်ထည် ကလေးတွေ အလျှားလိုက် တွဲလောင်းချထားတဲ့ အထည်ဆိုင်နဲ့ အလှကုန်ရောင်းတဲ့ဆိုင် ကြီးကတော့ ရွာသူတွေ အကြိုက်ပေါ့။ မြိုင်လို့။ ကလေးကစားစရာ ပလတ်စတစ် ပစ္စည်းမျိုးစုံကလည်း ကလေးတွေကို မျက်စပစ်ရင်း ဝါးလုံးတန်းတွေမှာ တိုးလိုးတွဲ လောင်း။ ဝါးလုံးတွေ ထိုး၊ ထန်းလက်တွေမိုးပြီး ဆိုင်ပီပီသသ ဆောက်ထားတဲ့ သည်လိုဆိုင်တွေကြားမှာ ဖင်တစ်ထိုင်ခုံခင်းပြီး ရောင်းတဲ့ မုန့်ဆိုင်ကလေးတွေကလည်း ဝါးရုံတောထဲ မှိုပေါက် နေသလိုပါပဲ။ ဈေးဆိုင်၊ မုန့်ဆိုင်တွေရဲ့ ကြောဘက်မှာရှိတဲ့ အံစာဝိုင်းတွေဆီက ဂလုံးဂလုံးအသံတွေကလည်း တဒုန်းဒုန်းနဲ့။ ကြက်၊ ဆင်၊ ကျား၊ ပုစွန်၊ လိပ်၊ ငါး ဆိုတာတွေကတော တိရစ္ဆာန်ရုံ ရောက်နေသလား မှတ်ရတယ်။

ကလေးတွေကတော့ အိမ်သေးသေး တစ်လုံးစာလောက် မြင့်တဲ့ ရဟတ်အိုကြီးဘေးမှာ ဝိုင်းလို့အုံလို့။ ပွဲတော်ရက်ရောက်မှ စီးရတာဆိုတော့ အလွတ်မခံချင်ကြဘူး။ ပွဲခင်းဆီက ဘာသံမှ မကြားရသေးပေမယ့် ဟိုဆိုင် သည်ဆိုင်ကဖွင့်တဲ့ ကက်ဆက် ဆောင်းဘောက်သံတွေကတော့ မဖြစ်ညစ်ကျယ် ကြားနေရပါပြီ။ မီးခိုး တအူအူ၊ ဖုန်ငွေ့တလူလူကြားမှာ ရွာခံပွဲတော်လာ ဖျိုးတိုး ဖျောက်တောက်ကလည်း ပွဲဈေးတန်းဘက် ပြေးမော့လိုက်၊ ရွာထဲပြန်ပြေးလိုက်နဲ့ သွေးပူလေ့ကျင့်ခန်း ဆင်းကြလို့။

တစ်နှစ်တစ်ခါ ရွာဦးစေတီဘုရားပွဲပါနိုင်တဲ့ နှစ်မှပါ တတ်တဲ့ ဇာတ်ပွဲ၊ အငြိမ့်ပွဲဆိုတာမျိုးကတော့ ကြုံတောင့်ကြုံခဲကိုး။ သည်တော့လည်း ဘယ်လိုမင်းသား ဘယ်လိုမင်းသမီး ဖြစ်ဖြစ်၊

www.burmeseclassic.com

www.burmeseclassic.com



ဖြေျလာလာ မေည္းလာလာကြည့္ရဖို႔သာ ပဓာန။ ကြည့္လိုက္ရ ေခ်ေသး ဆိုတဲ့ကြိမ္းသံ ေမာင္းသံေတြကလည္း နွစ္ဝက္ေလာက္ ကတည္းက အားခဲထားၾကရတာကလား။ သည္ေန႔သည္ရက္ သည္ ညခင္းကေလးကို ေရာက္ရပါ့မယ့္အေၾကာင္း ေမွ်ာ္လိုက္ရတာ ဆိုတာကလည္း 'ကေတာ' ရြာထြက္ ေညာင္ေရအိုးကို ျဖစ္လို႔။

"တွိ . . . . တော် . . . . ဟုတ်ကဲ့ ကျွန်တော်များရဲ့ ရုံတော် မင်္ဂလာ ကန့်လန့်ကာ အသာမလို့ လာသမျှ ရွှေပွဲလာများကို ကြိုဆိုလိုက် ပါပြီ"

ပွဲဈေးတန်းအစွန် ရွက်ဖျင်တဲကြီးဆီက တတွိတွိ တတော် တော် အသံချဲ့စက်သံ ဆူဆူညံညံ ဝေါခနဲ ထွက်ကျလာတယ်။ ပွဲဈေးတန်းကြို ပွဲဈေးတန်းကြား ကျွမ်းထိုးကြ၊ ဖျနေရာစောင့်ကြ၊ ခဲထုကြ၊ ပွက်ပွက်ရိုက်ဆော့နေကြတဲ့ ဖိုးထောင်တို့ ကလေးတစ်သိုက် အသံကြားရာ တစ်ပြိုင်တည်း ပြေးကြတော့တာပဲ။ ရွက်ဖျင်တဲ ပေါက်က သေတ္တာခုံကြီး ပေါ်တင်ပျဉ်ခွေထိုင်ရင်း မိုက်ခွက်ကို ဟန်ပါပါကိုင်ထားတဲ့ ရုံပိုင်လူဝကြီးက ကလေးအုပ်ကြီးကို အရင် ဆီးဟန့်လိုက်ရတယ်။ ပြီးတော့မှ ခပ်လှမ်းလှမ်းကနေ ပွဲခင်းထဲ သုတ်သုတ်သုတ်သုတ်နဲ့ လာနေတဲ့လူတွေဆီ လှမ်းကြည့်ပြီးဆက် အော်တယ်။ အသံချဲ့စက်သံက ပွဲခင်းကိုပေးတာ မဟုတ်သေးဘူး။ ရွာကိုပေးနှင့်တာ။ ဟွန်းက ရွာဘက်တစ်လုံး လှည့်ထားတာကိုး။ ကောင်းလိုက်တဲ့စက်။ ရွာပေါက်ကြားရတာ ဟိန်းလို့။

"ဟုတ်ကဲ့ . . . ကျွန်တော်များရဲ့ သားကလေးတို့အပွား မောင်ဆိုတာ တကယ့်သနားစရာ ချစ်စရာနွား သတ္တဝါကလေးပါ။

www.burmeseclassic.com

www.burmeseclassic.com



အဟိတ် တိရစ္ဆာန်နွားဆိုပေမယ့် လူသားနဲ့မခြား မိဘကိုလုပ်ကျွေးသမှု ပြုနေတဲ့သားကလေး။ ပြောရရင်တော့ဗျာ ဟိုး လူ့ဘဝတုန်းက မိခင်ဝမ်းကနေ ကျွတ်ပြီးကျွေးမွေး သုတ်သင် လာတာခုနှစ်နှစ်သားအရောက် ကိုရင်ကလေး သက်န်းစီးပြီးလို့ မကြာဘူး။ မရဏမင်းက လာလိုက်ခဲ့တော့ခေါ်လိုပါသွားရ။ မိဘများရင်ကျိုးပြီပေါ့။ သားရေ အမေ့သား အမေ အားကိုးရမယ့်သားအခုတော့အမေ့ကိုပစ်သွားပြီလား သားရဲ့ ထားရက်ခဲ့ ပြီလား။ မိခင်ခမျာ မပင့်ရှာ မြေလူးပေါ့ခင်ဗျာ။ စဉ်းစားတော်မူကြည့် သိနိုင်ပါရဲ့. . . . . ”

ရုံရှေ့ကို ကလေးတွဲလောင်း သားတွဲလောင်းနဲ့ ရောက်လာကြတဲ့ ဒေါ်ဘုမ တို့တစ်တွေကတော့ မြင်တောင်မမြင်ရသေးတဲ့ နွားကလေးကို မျက်ရည် တွေကလယ်ကလယ် သနားနင့်ကြပြီ။ ရုံပိုင်က ပရိသတ်တွေကို တစ်ချက်လှမ်းအကဲခတ်ပြီးမှ ဆက်အော်တယ်။

“ဟုတ်ကဲ့ သားကလေး တိုးပွားမောင်ဆုံးလို့ တစ်လအကြာမှာ မိခင်ကြီးခမျာ အိပ်မက်များမြင်မက်သတဲ့။ အမေရေသားအမေတို့ကို ပစ်မသွားပါဘူး။ အမေ့ဆီ သားပြန်လာမယ်။ အမေ. . . . အမေတို့ အဖေတို့ကို သားလုပ်ကျွေးဖို့ ပြန်လာမှာအမေရဲ့လို့ သုံးကြိမ် သုံးခါတောင် အိပ်မက်ပေးသတဲ့။ အိပ်မက်မက်ပြီး မကြာပါဘူး။ အိမ်က နွားမကြီးမှာ ဇီးရှိ လာပါလေရော။ ကိုင်းဗျာ မထူးဆန်းဘူးလား”

ပွဲဈေးတန်းဘက် ခေါက်ဆွဲသုပ်ကလေးတစ်ပွဲ ထွက်စားရင်းက သည်ရုံဘက်ရောက်လာတဲ့ အကြီးမှုန်တစ်

www.burmeseclassic.com



ယောက်ကတော့ မြေကြီးပေါ်ကို ထိုင်လိုက်ရင်း တောင်ဝှေးကို ထောင်လိုက်ရင်း တရားများနာသလို မျက်စိတွေ စုံမှိတ်လို့။ ငြိမ်ငြိမ်ကလေး နှလုံးသွင်နေပုံရရဲ့။ တောသူ တောင်သားဆိုတော့ နွားမွေးတယ် ကြားတာကိုပဲ အရသာရှိနေတာမျိုး။

"ဟုတ်ကဲ့ နွားမကြီးသားမွေးတော့ နွားကလေးမှာက ခေါင်းက နှစ်လုံး၊ ခြေထောက်က ခြောက်ချောင်း၊ အံ့သြစရာ ကောင်းလိုက်ပုံများ တော့လေ။ ဟဲ့ ဟဲ့ သေချာကြည့်ကြစမ်း ပါဦးဟဲ့။ အမှတ်ကလေးဘာလေး များမပါဘူးလား။ ကြည့်လိုက်တော့ လည်ပင်းမှာအမှတ်ကြီးက ထင်းခနဲ။ သားကလေး တိုးပွားမောင် လူ့ဘဝတုန်းက လည်ပင်းမှာ ဆင်ခူလည်ပြတ် နာကြီးပေါက်ပြီး သေသွားရှာတာကိုး။ သေချာပြီ ဒါ ငါ့သားကလေး တိုးပွားမောင် ဝင်စားတာပါပဲဟဲ့။ သားရယ် ဖြစ်ရလေ သားရယ်။ ဟယ်. . . ဟယ်. . . ."

ပွဲခင်းဘက်က ဖျာနေရာကလေးပျောက်မှာစိုးလို့ တစ်ခေါက်လာ ကြည့်တဲ့ အေးမိတို့တစ်တွေကတော့ ရှေ့ကွယ် နေတဲ့ လူတွေကိုတိုးရင်း အသံလာရာမျှော်ကြည့်ရတာ လည်ကြော တွေများထောင်လို့။ လူတွေက စိတ်ဝင်စားလေ နွားဆရာက ဇာတ် ကြောဆွဲလေပဲ။ မင်းသားလေများ ဟဲနေလိုက်တာ ကမယ့်ဇာတ် တောင် အဲသလောက် အသံမအောင် လောက်ဘူး။

"မိခင်က မျက်ရည်ကျတော့. . . နွားကလေး တိုးပွား မောင်က ခေါင်းနဲ့ဝင်ခွေ့ရှာတယ်။ ဟော ညကျ အိပ်မက်ပေး ပြန်ရော့။ အမေ မငိုပါနဲ့၊ အမေမျက်ရည်မကျပါနဲ့။ သားဟာ လူ့ဘဝကို ပြန်မရနိုင်တော့လို့ နွားမကြီးဗိုက်ထဲ ဝင်စားရတာပါ။

www.burmeseclassic.com



တိရစ္ဆာန်ဘ၀ကနေ အမေ့ကို လုပ်ကျွေးဖို့ သားပြန်လာတာပါ။ သားကိုရုံသွင်းပြီး ပြစားပါအမေ။ ရတဲ့ငွေနဲ့ အမေစားပါ။ အလှူအတန်းပြု အမျှဝေပါ။ သားကုသိုလ် ယူပါရစေအမေလို့ အိပ်မက်ထဲမှာ တတွတ်တွတ် ဆိုရှာသတဲ့လေ။ ဟော အဲသဟာကြောင့် ကုသိုလ်ကလေး အကြောင်းဆက်ရင်း သားကလေး တိုးပွားမောင်ကို ရှုစားကြပါဦးလို့ ကျွန်တော်များ ဖိတ်ခေါ်ပါတယ် လို့နော်ခင်ဗျား”

သည်တော့မှ ရုံပေါက်ဝမှာ ကပ်ထားတဲ့ ပိတ်စပေါ် သဘော်ဆေးနဲ့ရေးထားတဲ့ ဈေးနှုန်းဆီကို လူတွေမျက်စိ ရောက်ကုန်ကြတယ်။ ကလေးသုံးဆယ်၊ လူကြီးငါးဆယ်။ အံမယ် သည်ငွေလောက် တော့ဆိုပြီး ရှော့သုံးဆယ်၊ အင့် ငါးဆယ်နဲ့ ရွက်ဖျင်ရုံထဲ တိုးဝင်ကြသူတွေရှိသလိုပဲ ကြည့်ချင်စိတ်တွေရှိ နေပေမယ့် ငွေငါးဆယ်တော့ ပေးနိုင်ပေါင်တော် ဆိုသူတွေကလည်း အများကြီး။ နွားတော့ ငါးဆယ်ပေးမကြည့်သေးဘူး။ ဗီဒီယို သုံးကား ကြည့်လိုက်မှာပေ့ါလို့ တွက်သူက တွက်တယ်။

ရွှေကြည်တို့ ကြင်သန်းတို့ ဆွဲမိတို့တစ်တွေကတော့ တိုပွားမောင် ထက်မြို့ကလာဖွင့်တဲ့ ဆံပင်ကောက်ဆိုင်နဲ့ ဓာတ်ပုံဆိုင်ကို ပိုပြီးစိတ်ဝင် စားကြတဲ့သူတွေပါ။ နွားစားကျင်းထဲ ရေနှစ်ခေါက် သုံးခေါက်လောက် ရွက်ထည့်ခဲ့ပြီး ပွဲဈေးတန်းဘက် လာငေးကြတာ။ မနေ့ညနေကတည်းက ချိတ်ထားတဲ့ ဓာတ်ပုံတွေကို သူတို့ကြည့်ခဲ့ပြီးပြီလေ။ ကာလာဓာတ်ပုံ ရောင်စုံတွေ ထဲကလိုမိတ်ကပ်လိမ်း၊ ဆေးခြယ်ပြင်ဆင်ပြီး ရိုက်ပေးမယ် ဆိုလိုက်ကတည်းက ညဘက် အိပ်တောင်မပျော်ကြဘူး။ သည်ကနေ့လို

www.burmeseclassic.com

www.burmeseclassic.com



ဘုရားပွဲအဝင်ရက်မှာ ဆံပင်ကလေးကောက်၊ ဓာတ်ပုံကလေး ရိုက်ထားမှ အဆင်ပြေမှာပေါ့။ ဒါကြောင့်လည်း အိမ်အလုပ်တွေ မနည်းကြီးဖြတ်ချပြီး ဖွတ်ပြေးခဲ့ရတာမဟုတ်လား။ ဓာတ်ပုံကလေးရှိတော့ အိမ်ချိတ်နိုင်တယ်။ ရည်းစားပေးနိုင်တယ်။ ပေးစရာ မရှိသေးရင်လည်း သိမ်းထားပေါ့။

"ညီမလေးက အသားညိုချောကလေးဆိုတော့ ရှေ့ရော နောက်ရော ကောက်ရင်လှမှာ။ ဖြန့်ချချ စည်းထားထားရတဲ့ ဆံပင်မျိုးလေ။ ဒီဓာတ်ပုံကလေးကိုကြည့် ဘယ်လောက်လှသလဲလို့"

ဓာတ်ပုံထဲက လှချင်တိုင်း လှနေတဲ့မော်ဒယ် မိန်းကလေးကိုမြင်ကတည်းက ရွှေကြည်အဲသလို လှလာမယ်လို့ တွက်ပြီးပြီ။ သည်လိုသာ လှလာလို့ကတော့ သောင်းတင်က မိသေးကိုဘယ်မြင်နေတော့မလဲ။ သူမှသူ မရရင်မနေဘူး သက်လျှာရေတောင် ဖြစ်သွားဦးမယ်။

"ရှေ့ရော နောက်ရောဆို ဘယ်လောက်လဲတော့"

"ခုနှစ်ရာထဲပါညီမရယ်။ ဒီခေတ်မှာ ဒါဈေးပေါတာနော်"

"ပလုတ်တုတ် ခုနှစ်ရာ ဟုတ်လား"

ကြင်သန်းက သူ့ရင်ဘတ်ကိုသူဖိရင်း မျက်လုံးမျက်ဆံ ပြူးသွားရ တယ်။ သူတို့မှာက နေပူစပ်ခါး တစ်နေ့လုပ်တစ်နေ့စား တောလိုက်သမတွေ မှုတ်လား။ ငွေခုနှစ်ရာ လျှာထွက်အောင် လုပ်ရှာရသူတွေဆိုတော့ မဖြုန်းရက်နိုင်ပေါင်တော်။

"မြို့မှာဆို ထောင့်ငါးရာ နှစ်ထောင်ပေးရတာ ညီမရဲ့။ ညီမလေးတို့မို့ အစ်မက လျှော့ပေးတာပါ။ ငယ်တုန်း လှရပ ရတာကွယ်။ တောသူဆိုပြီး တစ်သက်လုံး သည်ဆံပင်ပုံကြီးနဲ့

www.burmeseclassic.com



နေသွားရတော့မှာတဲ့ လား။ ကိုယ်က နဂိုရှိပြီးသား ပြင်လိုက်မှ ရုပ်ထွက်လာမှာ”

အမျိုးသမီးက တစ်ဖက်လှည့်သွားတော့ ရွှေကြည်တို့ တတွေ တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်ရင်း မျက်လုံးချင်း တိုင်ပင်ကြတယ်။ ဓာတ်ပုံထဲက မော်ဒယ်မ ကလေး တွေကို အားကျနေတဲ့သူတို့ မျက်လုံးတွေက အရောင်တစ်လက် လက်နဲ့။ ငွေခုနှစ်ရာ နှမြောတဲ့ကြားက သဘောတူလိုက်ကြဖို့ ခပ်ယိမ်းယိမ်းပုံမျိုး။ နောက်ဆုံးတော့လည်း သုံးယောက်စလုံး ဆံပင်ကောက်ဖြစ်သွားကြတယ်။ ဆံပင်ကောက်ပြီး ဓာတ်ပုံ ရိုက်ကြတယ်။ ဓာတ်ပုံဆိုင်က ‘တောက်လျှောက်’ အင်္ကျီ စကပ်ကြီး တွေ ကျပ်ကျပ်သပ်သပ် ဆင်ပေးတယ်။ ပင်လယ်ကမ်းခြေ နောက်ခံ ဆက်တင်ကားချပ်ရှေ့က ဆိုင်ကယ်ပုံညှပ်ထားတဲ့ သုံးထပ် သားကြီးကို ခွလိုက်လို့။ လည်ပင်းမှာလည်း ခရုပတီးတွေ သီးကြလို့။ ပင်လယ် ဘယ်ဆီမှန်းမသိတဲ့ အညာသူတွေ ချောင်းသာ ရောက် ကုန်ကြပြီ။

“ဆိုင်ကယ်နောက်က ခုံပေါ်ကို တက်ထိုင်လိုက်လေညီမ။ ခြေထောက်ကို ခြေနင်းခွပေါ်တင် ဒါမှဆိုင်ကယ်စီးထားတဲ့ပုံဖြစ် မှာပေါ့။ ဟုတ်ပြီ ပြုံးပြုံးလေး။ တောင့်မထားနဲ့လေခါးကလေးဖျော့ ထား။ သိပ်မရယ်နဲ့ ညီမ”

ဓာတ်ပုံဆိုင်က မျက်နှာခြယ်အပေါစားတွေကို ပြာတောက် နေအောင်လိမ်းပြီး နှုတ်ခမ်းတွေ ရဲပဒေါင်းခတ်အောင် ဆိုးထားတဲ့ ဆွဲမိကရယ်လိုက်တော့ ခေါနေတဲ့သွားက ရှေ့ကိုငေါခနဲ ထွက်လာ တာကိုး။ ပြုံးလိုက် ဆိုတော့ သွားကို နှုတ်ခမ်းနဲ့အုပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စေ့ထားလိုက်တယ်။ သည်တော့မှ ဂဠုန်သွားကိုက်တာနဲ့ တူသွားတော့တာပါ။

"ကဲ ပြီးပြီ၊ တစ်ပုံတော်ပြီလား နှစ်ပုံလောက်ရိုက်ပါ့လား။ တစ်ပုံမှ တစ်ရာ့ငါးဆယ်တည်းဥစ္စာ။ နောက်တစ်မျိုးက ဟောသည် ဒန်းပိုက်ကလေး ပေါ်ထိုင်ရိုက်ပေါ့ညီမရဲ့။ အဝတ်အစား နောက်တစ်မျိုး လဲပေးမယ်လေ"

သည်လိုနဲ့ တစ်ယောက်နှစ်ပုံစီ ရိုက်ဖြစ်သွားကြတယ်။ တစ်ယောက်ငွေတစ်ထောင်စီထွက်သွားလို့ အသည်းခိုက်နှမြောပေမယ့် သည်အစ်မလေးပြောသလို ပျိုတုန်းလုပ်ကြရတာကိုး။ မနှစ်တုန်းက ဆံပင်ကောက်ပြီး ဓာတ်ပုံမရိုက်လိုက်ရတဲ့ ကြင်သန်းအစ်မ ကြင်စန်းတစ်ယောက် သားသည်အမေဘဝရောက်မှ တောက်တခေါက်ခေါက် ယူကျုံးမရဖြစ်ရတာမျိုး ကလည်းသာဓကရှိတာကိုး။

ပွဲဈေးတန်းကလေးကတော့ နေမြင့်လေ စည်လေပဲ။ အထည်နဲ့ အလှကုန်ရောင်းတဲ့ စတိုးဆိုင်ရှေ့မှာ လူတွေဆိုတာ ထန်းလျက်ခဲ ပရွက်ဆိတ် ဝိုင်းအုံနေသလိုပဲ။ အထည်စဝယ်တဲ့သူ၊ အိမ်သုံးပစ္စည်း ကလေးတွေဝယ်တဲ့သူ၊ ကျွတ်ဘူးကလေး၊ မျက်ခုံးမွေးဆွဲတံကလေး၊ ကြိုးဆွဲ နှုတ်ခမ်းနီခဲတံကလေး ဝယ်တဲ့သူ အစုံပဲ။သည်ကြားထဲမှာ ပလတ်စတစ် ကစားစရာအရုပ် ဝယ်တဲ့ သားသည်အမေတွေက အဆိုးဆုံးပေါ့။ ပလတ်စတစ် ခြောက်လုံးပြူးက အရောင်းရဆုံး။

"သည် ဖော့သေနတ်ကလေးက ဘယ်လောက်လဲတော့်"

"နှစ်ရာ"

www.burmeseclassic.com



"ပစ်ပြစမ်းပါ တော်ဥစ္စာ"

ဈေးသည်က သေနတ်ကလေးထိပ်က ဖော့ဆို့ကိုဖွင့်ပြီး ပလတ်စတစ် လုံးကလေးထည့်တယ်။ ပြန်ပိတ်တယ်။ ခပ်လှမ်း လှမ်းက ဝါးလုံးတန်းကိုချိန်ပြီးပစ်ပြတယ်။ ထိုင်းခနဲ မှန်သွား တာကိုကြည့်ပြီး ကလေးက သဘောကျသွားပုံရရဲ့။ မအေကို ဝယ်ပေးဖို့ ဇွတ်ပူဆာတော့ တာပဲ။

"လျှော့ဦး. . . နှစ်ရာများတယ်"

"မများပါဘူးဗျာ။ ဟိုဘက်ရွာတွေမှာဆိုရင် နှစ်ရာ့ငါး ဆယ်တောင် ရောင်းခဲ့တာပါ။ သိပ်မကျန်တော့ဘူးဗျ"

သိပ်မကျန်တော့ဘူးဆိုလေ သားက မအေ့ခါးတို့လေ။

"ကိုင်း သည်ဘက်ရွာတော့ တစ်ရာငါးဆယ်ထားလိုက်"

"မရလို့ပါ အစ်မရယ်။ ကျွန်တော်တို့က ရောင်းဈေးတစ် ခါတည်း ပြောရောင်းတာပါ"

"မရလည်း နေတော်"

မအေက သေနတ်ကို အပုံထဲဝုန်းခနဲပစ်ချပြီး ချာခနဲ လှည့်ထွက်ခဲ့တယ်။ ငိုယိုနေတဲ့ ကလေးလက်ကိုလည်း ဖောင့်ခနဲ ဆောင်ဆွဲလိုက်လို့။ ဈေးသည်ကိုမှုကြည့်လိုက်တာပါ။ ဒါပေမယ့် ဈေးသည်က လှမ်းမခေါ်တော့ ငိုနေတဲ့ ကိုယ့်ကလေးကို မဲရိုက် တော့တာပဲ။ ဘယ့်နှယ် သေနတ်ကလေးတစ်လက်နဲ့ အတော် ကလေး အလုပ်ဖြစ်လာတယ်။ တဒုန်းဒုန်း အံ့စာကျသံ တွေနဲ့ လူအော်သံတွေက ထလုံးလိုက်လို့။ အိမ်းခနဲ ဆူလိုက်ကြ၊ ရှီးခနဲ ဆဲလိုက်ဆိုလိုက်ကြ။ ကြက်တွေ၊ ပုစွန်တွေ၊ ငါးတွေဆိုတာ ဖုန်တော ထဲမှာ နစ်လို့။ အရောင်အဆင်းကလည်း ပျက်ချင်တိုင်း ပျက်နေ

www.burmeseclassic.com



ပြီကိုး။ ကြိုးကလေးတစ်ချက် ဆောင့်ဆွဲလိုက်တိုင်း ခါးကြား ကပိုက်ဆံ ထားခဲ့ရတာ ချည်းပါ။ ဒါပေမယ့် သည်ကြိုးကိုပဲ လုနေကြတာကလည်း အံ့သြစရာ။

ညနေစောင်းမှာတော့ ဟိုရွာသည်ရွာက ပွဲကြည့်လူည်း တွေ ခြုံသံတဆူဆူနဲ့ ရောက်လာကြပါပြီ။ ဘုရားပွဲလာတဲ့ လှည်း တွေက ရွာထဲ တန်းမမောင်းကြဘူး။ ပွဲခင်းဘက်ဆီ အရင်မောင်း၊ နေရာကောင်းကလေး မှာလှည်းထိုး၊ နွားတွေ အရိပ်ကောင်း ကောင်းကလေးမှာဆွဲလာပြီး နှမ်းရိုး တစ်စည်းနဲ့ချွတ်ကြလှန်ကြ။ ပြီးမှ ရွာထဲကို ခင်ရာမင်ရာသွားတယ်။ ဘုန်းကြီးကျောင်းနဲ့ တစ်ဆက်တည်းမှာရှိတဲ့ ရွာဦး ဆုတောင်းပြည့်စေတီ ဘုရားကုန်း ကျဉ်းကျဉ်းကလေးပေါ်မှာ လူတွေ စည်လာပါပြီ။ ရပ်နီး ရပ်ဝေးက ဆွမ်းတော်ကြီးပွဲပို့တဲ့ သူတွေကလည်း တဖွဲဖွဲ။ ရွာထဲမှာလည်း အဝေးဧည့်တွေ တရုန်းရုန်း။ ကိုယ့်ရွာလာတုန်း ဧည့်ခံကြရတာကိုး။

ထမင်းကျွေးရတဲ့ ဧည့်ရှိသလို ဘုရားပွဲမုန့်လောက်နဲ့ပြီး ရတဲ့ ဧည့်လည်းရှိတယ်။ ဘုရားပွဲမုန့်ဆိုတာ မုန့်ဆီကြော်၊ မုန့်ဖက် ထုပ်၊ မုန့်ခဲဖွယ်စတဲ့ တောမုန့်တွေပါ။ တစ်အိမ်က နှစ်အိမ်ဝင်လိုက် မိရင်တော့ တိုးမစား နိုင်တော့ဘူး။ ကောက်ညှင်းနဲ့ ထန်းလျက် မြန်မာ့သရေစာမုန့်ဆိုတာမျိုးက ဝရုံအပြင် အီလန်သွားတတ်တာ မျိုးမှတ်လား။ တချို့ကလည်း ကျွေးရရုံမကဘူး၊ လက်ဆောင်ပေး ရတာတွေလည်းရှိတယ်။ ကိုယ့်ဆွေမျိုး၊ သူ့ဆွေမျိုး။သူ့ရွာ ဘုရားပွဲ တုန်းက ကိုယ်ကသည်လို လက်ဆောင် မုန့်ရထားခဲ့ဖူးရင် မုန့်လက် ဆောင် ပြန်ရတာမျိုးကလည်း ဓလေ့ထုံးစံပါပဲ။

နေရောင်မပြယ့်တပြယ် အချိန်လောက်ရောက်တော့

www.burmeseclassic.com



ရွာထဲက ညော့်တွေ ပွဲဈေးတန်းကလေးဘက်ဆီ ပြန်ရောက်လာကြပြီး ဝယ်စရာရှိ ဝယ်ကြ၊ ခြမ်းစရာရှိခြမ်းကြ။ သည်အချိန်မှာတော့ ကြိတ်ကြိတ်တိုးပေါ့။ ပွဲဈေးတန်းကလေးထဲမှာ လူတွေပွစာကြဲနေသလို ပွဲခင်းကလေးထဲမှာလည်း လူတွေခဲလို့ပါ။ နှစ်လုံးပေါက် ငတ်နေတဲ့ပွဲ ကန့်လန့်ကာအမ စောင့်နေကြတာ။

ရွာပေါင်းစုံ ပွဲကြည့်ပရိသတ်ကသာ အားခဲနေကြပေမယ့် ဇာတ်ခုံပေါ်မှာတော့ ဗလာနဲ့ ဟောင်းလောင်း။ ဇာတ်ကားက ခုထိရောက်မလာသေးဘူး။ သည်အချိန်ဆို ရောက်ဖို့ ကောင်းပြီလေ။ တောပွဲရွာပွဲတွေ ဆိုတာ ပွဲစောစောထွက်မှ ကြိုက်တာပါ။ အခုထိ ဇာတ်ကားကရောက် မလာတော့ ရွာဆော်ကိုသြက ဘုန်းကြီးပြေးလျှောက်ရတယ်။ ဘုန်းကြီးကလည်း တပည့်တပန်းထဲက ပတ်တီးချားလည်ရှိတဲ့သူ လေးငါးယောက်ကို ခေါ်ပြီးဇာတ်ကားကြိုလွှတ်ရတယ်။ သတင်းယူခိုင်းရတယ်။

မှောင်လာတော့ ဘုရားကုန်းပေါ်က ဒီဇယ်မီးစက်ကြီးကို တဝုန်းဝုန်းနှိုးပြီး ပွဲဈေးတန်းကလေးဘက်ဆီကို မီးပေးလို့မီးကလေး ဖျောက်ဖျောက်လင်းပါပြီ။ တစ်မနက်လုံး ဆင်ထားရတဲ့ ဘုရားစေတီ ကလေးပေါ်က တန်းဆက်မီးပွင့်ကလေးတွေ မှိတ်ချည်လင်းချည်။ တစ်ဆိုင်ကို မီးချောင်းတစ်ချောင်းကျနှုန်း ဆင်ပေးထားတဲ့ မီးချောင်းရောင် အောက်မှာ လူတွေကတော့ အုံကြီးခဲကြီး။ ဇာတ်ပွဲကိုမျှော်ရင်း ပွဲဈေးတန်း ကလေးထဲ တိုးတိုးခွေ့ခွေ့။ တိုးပွားမောင် ရုံရှေ့မှာ၊ ဓာတ်ပုံဆိုင်ရှေ့မှာ၊ စတိုးဆိုင်ရှေ့မှာ၊ အကြော်ဆိုင်၊ မုန့်ဆိုင်၊ လက်ဖက်ရည်ဆိုင်တွေမှာ လူတွေ ပျားအုံဖွတ်နဲ့ထိုး ပွစာကြဲလို့။ စားကြလို့ သောက်ကြလို့။ ပွဲမရောက်သေးတော့

www.burmeseclassic.com

www.burmeseclassic.com



လတ်လျားလတ်လျားပေါ့။ ဇာတ်ခုံကြီး ကတော့ဘာအဆင်တန်ဆာမှ မရှိသေးဘူး။ ဇာတ်ကား အချိန်မီ မရောက်လာလို့ပွဲမှကြည့်ရပါတော့ မလားဆိုပြီး မြည်တွန် တောက်တီးတဲ့သူက တီးပေါ့။ တော်တော်ကြီးနေ တော့မှ ဇာတ်ကြို အဖွဲ့ ပြန်ရောက်လာတယ်။ ဘုန်းကြီးကို လျှောက်ကြတာပေမယ့် သတင်းက ပွဲခင်းထဲရောက်လာတယ်။

"ဇာတ်ကားကြီးက တောင်ဘက်ရွာသဲချောင်းထဲ သဲနစ်နေလို့တဲ့။ ဇာတ်ပစ္စည်းတွေ လှည်းတွေနဲ့ ကဲ့ရမှာတဲ့"

ဇာတ်ခုံပေါ်မှာ ဘာမှမရှိသေးပေမယ့် ပွဲဈေးတန်းကလေးထဲက လူတွေကတော့ ဇာတ်လှည်းတွေ အလာကိုစောင့်ရဦးမှာပါ။ အဝေးရွာက လှည်းတွေကလည်း ရောက်မှတော့ မထူးပါဘူးဆိုပြီး ရွာထဲမှာ ထမင်းတလော ဝင်စားကြပြန်တယ်။ ဘုန်းကြီးရဲ့ လှည်းဆင့်သံအသံချဲ့စက်က ထွက်လာတော့ ရွာလှည်းတွေ အသင့်ဖြစ်ပါပြီ။ သဲချောင်းဘက် ဒုန်းစိုင်းကြလေရဲ့။ ညသန်းခေါင်လောက်တော့ ကဖြစ်မယ်ထင်ပါရဲ့။ ပွဲဈေးတန်းကတော့ ဇာတ်မလာလေ ရောင်းရလေ။ မုန့်ပေါင်းသည်တောင် လက်မလည်ဘူး။

ခင်ခင်ထူး

www.burmeseclassic.com

www.burmeseclassic.com

## မဦး
## အက်ကွဲသံစဉ်

*"လောကမှာ ဆန္ဒနှင့်ဘဝတစ်ထပ်တည်း မကျတာကိုများ ယိုးမယ်ဖွဲ့ မနေနိုင်လောက်အောင်ပင် မိမိတို့စိတ်တွေ မာကျော ခဲ့လေပြီလား မသိ။"*

www.burmeseclassic.com

www.burmeseclassic.com



# အက်ကွဲသံစဉ်

ဈေးတည့်သွားသည်နှင့် ကားနောက်ခန်းတံခါးဖွင့်ပြီး ဝင်အထိုင်၊ ကားကလေးကလည်း 'လျှော' ခနဲထွက်။ မိမိလိုရာ ရောက်ဖို့ နောက်ထပ်နာရီဝက်လောက်တော့ အသာလေး။

ဂျပန်ကားလေးချင်း တူဦးတော့ စီးရသည့် အရသာက တော့လုံးလုံးမတူ။ အရင်တုန်းက ကိုယ့်အပိုင်ကား။ ဒီဟာက အငှား ကားကို။ ရှိပါစေတော့လေ။ ဒီအစီအစဉ်က ပိုအဆင်ပြေ၍သာ ဒီလမ်းကြောင်းကို ခင်ပွန်းသည်နှင့်မိမိ တိုင်ပင်ရွေးချယ်ခဲ့သည်ပဲ။

အိမ်က ဆင်ခြေဖုံး၊ ဆိုင်က ဗိုလ်ချုပ်ဈေး၊ အလုပ်က တစ်ပတ်ကိုခြောက်ရက်၊ အသက်က ငါးဆယ်၊ နေ့စဉ် သွားဖို့ပြန်ဖို့ မောင်းသူမရှိတော့သည့် အိမ်ကကားက ဘာမှ အသုံးမဝင်။ အိမ်က

www.burmeseclassic.com

www.burmeseclassic.com



လူကြီးကလည်း တိမ်ခွဲထုတ်ထားရသည့်မျက်လုံးနှင့်မို့ ကားမမောင်းစေချင်။ မိမိကိုယ်၌ကလည်း မမောင်းတတ်။ ကားသမားတွေကလည်း ကိုယ်ပေးသည့်လခနှင့် မစားလောက်၍ ခေါင်းချည်းခါခါသွားကြသည်။

အဲဒီတော့. . . ကားကိုရောင်း။ ဆိုင်အသွားအပြန် ကားငှားစီး။ ကားရောင်းရသည့် ငွေကို အစုစပ်လုပ်ငန်းတစ်ခုထဲ ထည့်ထားပြီး ရလာသည့် အမြတ်အစွန်းထဲမှ ကားခအဖြစ်ထုတ်သုံးဖို့ စီမံရတော့သည်။

အရင်ကတော့ သည်လိုမဟုတ်ပါ၊ သို့သော်လည်းအခြေအနေက ဖန်လာခဲ့ပြီ။ နှစ်ဖက်စလုံးက မလျှော့ကြမှတော့ တင်းပြီးပြတ်ကုန် ကြရုံသာရှိသည်။ နွေးထွေးကြည်နူးစရာ ဘဝကလေးအတိတ်မှာ မှုန်ရေးရေးသာ ကျန်ခဲ့ပြီထင့်။ လောကမှာ ဆန္ဒနှင့်ဘဝတစ်ထပ်တည်း မကျတာလောက်ကိုများ ယိုးမယ်ဖွဲ့မနေနိုင်လောက်အောင်ပင် မိမိတို့စိတ်တွေ မာကျောခဲ့လေပြီလား မသိ။

× × ×

" အန်တီကြီး မှတ်မိလား၊ ကျွန်တော့်ကားကို ဟိုတစ်ပတ်က စီးဖူးသေးတယ်လေ "

ကားသမားလေးက လှည့်ပြီးပြောတော့ မိမိမှာ ဇဝေဇဝါ။

" ဟုတ်လား၊ အေးကွယ်၊ အန်တီက နေ့တိုင်း ကားငှားစီးရတာဆိုတော့ သားနဲ့ကြုံချင်ကြုံဖူးမှာပေါ့ " "အဲဒီတုန်းက ကျွန်တော့်ကား ဘီးပေါက်လို့လဲရတော့ အန်တီကြီးက ကားပြောင်းမစီးဘဲ စောင့်ပေးတာလေ၊ ဒါကြောင့် ကျွန်တော်က မှတ်မိနေတာ "

www.burmeseclassic.com

www.burmeseclassic.com



" ဩော်. . အေး. . အေး. . မှတ်မိပြီ၊ မှတ်မိပြီ "

ဒီလိုနဲ့ သိဟောင်း ကျွမ်းဟောင်းတွေပမာ တစ်လမ်းလုံး စကားပြောသွားကြသည်။ မိမိလည်း ဈေးသည်ပီပီ ထွေရာလေးပါး ပြောသွားရသည်ကို သဘောကျ၏။ ခရီးလည်းကြုံ၊ ဗဟုသုတ လည်းရ။ အထူးသဖြင့် သူတို့ ဘဝလေးတွေကလည်း တစ်ယောက် တစ်မျိုး စိတ်ဝင်စားစရာ ကောင်းသည်။

တချို့ကျတော့လည်း စိမ်းပြတ်သောဆက်ဆံရေးဖြင့် လို သည်ထက်ပိုမပြောဘဲ ကားကိုချည်း 'ဖိ' မောင်းနေတတ်သူများ လည်းရှိသေး၏။ စပ်စုတာမကြိုက်သော၊ ကိုယ့်အတွေးနှင့်ကိုယ် ဧေးချင်သော ခရီးသည်လည်း ရှိတတ်သည်ကိုး။ အမျိုးမျိုးပေါ့လေ။

" သားက ဘယ်မှာ ဂိတ်ထိုးတာလဲ။ နောက်နေ့တွေ စီး ရအောင် "

" အဲဒီလိုတော့ ဂိတ် သတ်သတ်မှတ်မှတ် မရှိပါဘူး၊ အ ဆင်ပြေသလိုဆွဲတာပဲ၊ ဆွဲတဲ့အချိန်လဲ နည်းတယ်အန်တီရဲ့၊ အိမ်က ကားမို့ တော်သေးတာ၊ မဟုတ်ရင် အုံနာကြေးတောင် တစ်ခါတလေ မပြည့်ဘူး "

နောက်ကြည့်မှန်ထဲမှာ မြင်နေရသော မျက်လုံးတစ်စုံကို လှမ်းကြည့်လိုက်တော့ ရှေ့တူရူကိုသာ စူးစူးရဲရဲ စိုက်ကြည့်ရင်း အားမာန်တွေ ပြည့်နေသည့်အသွင်။

မိမိရင်ထဲမှာ ဆို့နင့်သော ခံစားချက်များ ပြည့်လျှံလာ သဖြင့်နှုတ်ဖျားမှာ အာစေးထည့်ထားသလို လေးလံငြိမ်သက်သွား သည်ကို သူကတော့ မသိရှာ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



“ အစ်မက စီးနေကျမို့ ကားခသိနေလို့၊ တချို့ခရီးသည်တွေ ဒီလမ်းနဲ့ဒီလမ်းကို တစ်ရာ၊ နှစ်ရာ ကပ်ဆစ်နေသေးတာ၊ အားကြီးလက်ပေါက်ကတ်တာပဲ ”

အင်း- သူ့ကြည့်တော့ဖြင့် တစ်ခေါင်းလုံးဖြူဖွေးပြီး မိမိထက်ပင် အိုစာနေပါလျက် လူကိုများ ‘အစ်မ’ တဲ့။ ခရီးသည် ဆိုတော့လည်း နည်းနည်း အရိုအသေပေးသည့် သဘောထင်ပါရဲ့။

“ ဩော်- တချို့လည်း အရေးကြီးလို့သာ စီးရတာ၊ မပြေလည်တာတွေ ရှိမှာပေါ့လေ ”

“ ဒါတော့ ဒါပေါ့ဗျာ၊ ကျွန်တော်တို့ဘက်ကလည်း ရှာစားရတာ မလွယ်ဘူးဗျ၊ ကားဆွဲစားရတာ ‘ဆီ’ တစ်မျိုးတည်းကုန်တာမှ မဟုတ်တာ၊ ကျန်တဲ့စက်ပစ္စည်းတွေ၊ ကားပစ္စည်းတွေက ဈေးခေါင်ခိုက်နေတာ၊ ပျက်လို့ပြင်ရလည်း မနည်းဘူးကုန်တာ၊ တစ်နေကုန်လည်း ပင်ပန်းရသေးတယ်၊ အခု ကျွန်တော်ဆို အေးအေးချမ်းချမ်း နေရမယ့်အရွယ်၊ ဒီလိုမှမရှာရင် မဖြစ်လို့သာ လှုပ်ရှားနေရတာ၊ မျက်စေ့မှုန်၊ နားထိုင်းနေလဲ ပါးစပ်က ပိတ်နေလို့မှ မရပဲ ”

ဟုတ်မှာ. . ဟုတ်မှာ. . ခုတောင် ဘယ်တုန်းကတည်းက ပြောချင်နေတာတွေ ရင်ဖွင့်နေတာလဲမသိ။ ကားစထွက်ကတည်းက ဆက်တိုက်ပြောလာလိုက်တာ။ မိမိစိတ်ထဲ “ သူတစ်ယောက်တည်း ရှာစားနေရတာ ကျနေတာပဲ ” ဟုအငေါ်တူးလိုက်မိသော်လည်း နှုတ်ကတော့. .

“ သားသမီးတွေ မရှိဘူးလား၊ ဦးလေးအသက်အရွယ်နဲ့ ကားမောင်းနေရတာ ”

www.burmeseclassic.com

www.burmeseclassic.com



“ ရှိပါ့ဗျာ၊ သမီးတစ်ယောက်တော့ ဘွဲ့ကလေးရ၊ အလုပ်ကလေးလဲဝင်ရော ဖြုန်းဆို ယောက်ကျားကောက်ယူ သွားလိုက်တာ မိဘကို ဘယ်ပြန်ကြည့် နိုင်တော့လို့လဲ၊ သူ့ယောက်ကျားကလည်း မဖြစ်ညစ်ကျယ် ရာထူးလေးနဲ့ ကားမောင်းတာကို အဆင့်တန်းရှိတဲ့ အလုပ် ထင်တာမဟုတ်ဘူး၊ သူတို့ဆီက ဘာအထောက်အပံ့မှမရတဲ့ အပြင်ဟွန်း. . သူတို့ကလေးတောင် အဆစ်ထိန်းပေး လိုက်ရသေး တယ်ဗျာ ”

ပြောပြောဆိုဆို ရင်တွင်းခံစား ချက်အခံဖြင့် အရှိန်နှင့် ကွေ့ချပစ်လိုက်သောကြောင့် ယိမ်းယိုင်သွားသော မိမိကိုယ်ကို မ နည်း ပြန်တည့်မတ်ထိန်း ကိုင်လိုက်ရ၏။

“ ဒီလိုပါပဲရှင်၊ သားသမီးဆိုတာ ကိုယ်ကသာ စုန်ရ တာ ”

သူ့ကိုသာ အားပေး နှစ်သိမ့်လိုက်ရသည်။ မိမိအသံတွေ က တိုးတိမ်အားပျော့စွာ။

× × ×

အရှိန်လျှော့ပြီး နောက်က လိုက်လိမ့်မည်ဟူသော မိမိ အထင်ကို ဆန့်ကျင်စွာ ကားမောင်းက လီဗာကိုပိုဖိနင်းလိုက်သဖြင့် ရင်ထဲ ထိတ်၍သွားသည်။ ဟိုးရှေ့မှာက အပြင်းမောင်းလာသော ကုန်ကားကြီး။ ရှေ့မှ ကားကလည်း ဘေးချမပေး။ ရှောင်ဖို့တိမ်းဖို့ နေရာသိပ်မကျန်တော့။ ဘုရား. . ဘုရား။

မိမိမျက်စေ့တွေကို ယောင်၍ မှိတ်ပစ်လိုက်မိသည်။ ဘစ် ချက်ယိမ်းခနဲဖြစ်သွားပြီး နံဘေးမှ ကုန်ကားကြီး ‘ဝေါ’ ခနဲ ဖြတ် သွားသံကြားမှ တုန်နေသောရင်ကို လက်နှင့်ဖိရင်း ယောဉ်မောင်းကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်မိသည်။

" အမယ်လေး . . ဖြည်းဖြည်းမောင်းပါ မောင်ရင်ရယ်၊ တိုက်မိကုန်မှဖြင့် "

" ဟား-ဟား- ဒေါ်ကြီး တော်တော်လန့်သွားလား၊ မလန့်ပါနဲ့၊ ကျွန်တော့်ကားအကြောင်း ကျွန်တော်သိလို့ မောင်းရဲတာပေါ့၊ ကားမောင်းလာတာ နှစ်အစိတ်ရှိပြီဒေါ်ကြီးရေ့၊ တစ်ခါမှ မတိုက်ဖူးသေးဘူး "

" မတိုက်ဖူးပေမယ့် စောစောကလိုမျိုးတော့ မလုပ်ပါနဲ့ ကွယ်၊ ဒီနေရာက ကားလဲရှုပ်၊ လူလဲရှုပ်၊ ဆိုက္ကား စက်ဘီးတွေလဲ ရှုပ်မို့ပါ၊ တစ်ခုခုဖြစ်လို့ ဆင်းရှင်းနေရရင် အချိန်လည်း ကြာတာပေါ့ "

" မဖြစ်ပါဘူးဗျာ၊ ဒီလိုဆွဲမှလည်း ကျွန်တော်တို့က 'ကိုက်' မှာ၊ မပူနဲ့ဒေါ်ကြီးရေ၊ ဘာမှမဖြစ်ရင် ဘာမှမဖြစ်ဘူး "

သူ့ခံယူချက်နှင့်သူ နည်းနည်းမှမလျှော့ဘဲ ဒလကြမ်းမောင်းမြဲမောင်း နေသည့်မို့ ဘုရား တ,ရင်းပဲ ဖြစ်ချင်တာဖြစ်စေတော့ သဘောထားလိုက်ရ တော့သည်။ သူကတော့ 'ဝေါ' ခနဲ ဆောင့်ထွက်၊ 'ဝူး' ခနဲချိုးကွေ့၊ 'ကျွီ' ခနဲ ဘရိတ်ဖမ်း၊ ဟွန်းကိုလည်း အသက်မရှူစတမ်းတီးပြီး ကျော်တက်၊ ဈေးကိုရောက်မှပဲ စိတ်ချလက်ချ အသက်ဝဝ ရှူရဲတော့သည်။ ကားနံပါတ် မှတ်ထားလိုက်ဦးမည်။ နောင်ခါဆို ဝေါင်ဝေါင်ရှေးဖို့။

ဆိုင်ကကောင်တာမှာ ဝင်ထိုင်ပြီးချိန်အထိ ဒူးတွေ ဆတ်ဆတ်၊ ရင်တွေဒိတ်ဒိတ်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



× × ရာသီပြောင်းချိန်မှာ × × ဖော်ကွာလို့ × × အပြင်ရော အတွင်းရော × × ဥပါဒ်ဝင် × ×

ကပ်လျက်ဆိုင်မှ လွင့်ပျံ့လာသော သီချင်းသံကြောင့် တွက်လက်စ ဂဏန်းပေါင်းစက်ကို ခဏပိတ်၊ မျက်မှန်ကိုချွတ်ပြီး မျက်လုံးတွေကို ခဏမှိတ်၍ ငြိမ်သက်နေမိသည်။ စိုင်းထီးဆိုင်၏ 'ရာသီပြောင်းချိန် ' သီချင်း။

မိမိ အသက်အရွယ်နှင့် ဒီသီချင်းကို ရှာရှာဖွေဖွေ သိနေခြင်းတော့ မဟုတ်ပါ။ စာသားတွေလည်း လုံးစေ့ပါဒ်စေ့မရပါ။ ဟိုတစ်ချိန်က အိမ်မှာ ထပ်ပြန်တလဲလဲကြော့ပြီး ဖွင့်ခဲ့ဖူးသော သီချင်းမို့ အလွတ်ရသလို နားယဉ်နေခဲ့ခြင်းသာ။

ဒီသီချင်းကိုကြားလေတိုင်း မကြားချင်လောက်အောင် ကြေကွဲလျက်ကပင် သီချင်းပြီးဆုံးသည်အထိ နားထောင်နေမိကြောင်း ဘယ်သူ့ထံမှာဝန်ခံရပ့်ါမလဲ။ နာကြင်ခြင်းနှင့် လွမ်းတ, ခြင်းများ ပြွမ်းတီးလျက် တစ်စုံတစ်ယောက်ကိုသာ စူးစူးနစ်နစ် သတိရနေခဲ့ရသည်မှာ အကြိမ်ကြိမ်။

တစ်ခွေလုံး ဒီသီချင်း တစ်ပုဒ်တည်းကိုပဲ အေဆိုက်၊ ဘီဆိုက် သွင်းထားပြီး သံပြိုင်လိုက်ဆို၊ ဂီတာတီးရင်းဆို၊ ရေချိုးခန်းဝင်ရင်လည်း အော်ဆိုရလောက်အောင် ကြိုက်ရှာသူ။ ဩော်-ခုချိန်ဆို ဒီသီချင်းကို ဆိုမှ ဆိုနိုင်ပါစလေ။

အိမ်မှာ အကြော့သား နေရစားရသည့်ဘဝမှ ဖယ်ခွာလျက် ဘယ်လမ်းကိုများ လျှောက်နေလေပြီမသိ။

မိမိမို့ ဆက်တီခုံရှည်မှာထိုင်ပြီဆို ပေါင်ပေါ် အတင်းခေါင်းအုံးအိပ်ပြီး သူ့အရပ်ဂလန်ဂလားကြီးကို ခေါက်ကွေးကာ

www.burmeseclassic.com

www.burmeseclassic.com



မဆန့်ဆန့်အောင် တိုးအိပ်ရင်း မိမိရင်ခွင် ခေါင်းတိုးဝင်၍ ချွဲနွဲ့လိုက်လျှင် သူ့ မိကျောင်းသားရေ စစ်အိတ်ကလေးထဲ လေး-ငါး-ခြောက်ထောင် မပြတ်ပြည့်နေတတ်ခဲ့သူက ခုများကျတော့ ဘာအလုပ်တွေများ လုပ်ကိုင်စားသောက်နေရှာပါ လိမ့်မလဲ။

" မင်း- ငါတို့စကားကို နားမထောင်ရင်၊ ငါတို့သဘောမတူတဲ့ မိန်းမကိုယူရင် အိမ်ကဆင်းပေတော့၊ အမွေပြတ်တော့ အရှက်ကွဲခံပြီး သတင်းစာထဲမထည့်ဘူး ပေ့ကောင်၊ ငါတို့စိတ်က ပြတ်ပြီဆိုရင် အပြီးပြတ်တယ်၊ ဘယ်နှယ့်ဗျာ- မိန်းမများယူစရာ ရှားလို့ ကလေးနှစ်ယောက်အမေ တစ်ခုလပ်ကိုမှ ယူချင်ရတယ်လို့ . . . တောက်!

ဘယ်လိုမှ ဖျန်ဖြေစေ့စပ်၍ မရနိုင်လောက်အောင် ဒေါသကြီးနေသော ခင်ပွန်းသည်ကို တောင်းပန်မရသည့်အဆုံး မိမိကပဲ မျက်ရည်လည်ရွဲနှင့် လေပြေသွေးကြည့်ခဲ့သည်။

" သားလေးရယ်၊ မင်းအဖေစိတ်ကိုလဲ သိရက်သားနဲ့၊ သူတို့သားအမိတွေကို ရင်းနှီးလုပ်ကိုင်စားဖို့ မေမေတို့ကူညီမယ်လေ၊ သူတို့ဘဝထဲကိုတော့ သားလေးမဝင်လိုက်ပါနဲ့လားကွယ်၊ သားလေးကျောင်းလဲပြီးသေးတာမဟုတ်ဘူး၊ ပညာတစ်ပိုင်းတစ်စနဲ့ ဘာလုပ်စားမှာလဲ၊ သားလေးပင်ပန်းမှာ မေမေမကြည့်ရက်ပါဘူး "

သူ့စပို့ရှပ်အင်္ကျီရင်ဘတ် တစ်ခုလုံး တွန့်ကြေရွဲ့စောင်းနေအောင်ဆုပ်ကိုင် ငိုယိုနေမိစဉ် မိမိလက်ချောင်းများကို ကုပ်ကျင်ဖြည်ဖြန့်ပြီး စကားတစ်ခွန်းမျှမဆိုဘဲ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ဆင်းသွားသော မြင်ကွင်းက မှုန်ဝါးမသွားဘဲ ခုချိန်အထိ မျက်လုံးထဲမှာ ပြက်ပြက်ထင်ထင်။

www.burmeseclassic.com



ကားလမ်းတွေ ပိတ်နေသည်။ ကြည့်ရတာ ဟိုးရှေ့မှာကား တစ်စီးစီးပဲ ပျက်သလား၊ ကားချင်းချိတ်မိ၍ ပြဿနာရှင်းနေကြသည်လား၊ 'ဟွန်း' သံမျိုးစုံက ဆူညံ၍နေသည်။ ကားဆရာက စက်ကိုပါ သော့ပိတ်ပစ်လိုက်ပြီး စောစောက မီးပွိုင့်မှာ သူဝယ်လာခဲ့သော ဂျာနယ်တစ်စောင်ကို ဟိုလှန်ဒီလှော ဖတ်နေတော့သည်။ အဲဒီလို မလုပ်၍လည်း တခြား ဘာမှမတတ်နိုင်သည့် အနေအထားကိုး။

လမ်းကကျဉ်းကျဉ်း၊ ယာဉ်ကြောကနှစ်ထပ်၊ ရှေ့လည်းမတိုးသာ၊ ပြန်လည်းမကွေ့သာ။ မိမိမှာသာ ဆင်းလျှောက်၍လည်း မဖြစ်နိုင်သဖြင့် စိတ်လျှော့ထားရသည်။

နေပူကြီးထဲမှာ × × × ဒီဘဝ × × × လမ်းခရီးကို × × လျှောက်လှမ်းဖို့ ခံနိုင်ရည် × × × စွမ်းအားနဲ့ပြည့် × × ×

လက်ဝဲဘက်ကပ်လျှက် ကားထံမှ 'ထ' ဖွင့်လိုက်သော သီချင်းသံကြောင့် ဘာရယ်မဟုတ် လှမ်းကြည့်လိုက်မိသည်။ အဝါနှင့်အပြာစပ်ကြား အငှားကားတစ်စီး။ ကားနောက်ခန်းမှာ ခရီးသည်နှစ်ယောက်ပါသည်။ သြော်- ဒီကားသမားလည်း ဒီသီချင်း ကြိုက်သည်ထင့်။ တစ်ဆက်တည်း တွေးရင်းယာဉ်မောင်းကို ကြည့်မိတော့. .

" ဟင် "

ရုတ်တရက် တဒိုင်းဒိုင်း လှုပ်ခုန်သွားသော မိမိနှလုံးခုန်သံကို ပြန်ကြားလိုက်ရသည်။ ဘုရား . . ဘုရား. . ငါမျက်စေ့များမှားလို့လား။ မျက်တောင်ကို သုံး - လေး - ငါးချက်တဖျတ်ဖျတ်

www.burmeseclassic.com

www.burmeseclassic.com



ခတ်၊ လူက ကားပြတင်းပေါက်နားရောက်အောင် တိုးကပ်ရွှေ့ထိုင်၊ သေသေချာချာစူးစိုက်ကြည့်။

ဟုတ်ပါသည်၊ နေလောင်၍ အသားအရေ ညိုမှိုင်းပြီး မျက်နှာပိန်သွယ် ချောင်ကျလျက် ဆံပင်များမွဲခြောက်ဖွာလန် နေသော်လည်း ရင်မှဖြစ်သည့် ရင်နှစ်သည်းချာကို မိမိဘယ်လိုလုပ် မှားနိုင်ပါ့မလဲလေ။

အရင်ကတော့ အိမ်က မာခ့်တူးမောင်းကာ အမေကို ကြိုပို့စဉ် ကော့ပြောင်နေသောဆံပင်၊ သပ်သပ်ရပ်ရပ် အထက်တန်းကျသော အဝတ်အစား၊ ရွှေလက်ပတ်ကြိုးပျော့နှင့် အကောင်းစားနာရီနှင့် လူတကာက ငေးမောအားကျခဲ့ရသောသူ။

ခုကြည့်ပါဦး။ လောကဓံရဲ့ အထုအထောင်းကို ခံနိုင်ရဲ့လား သားလေးရယ်။

ကြည့်နေရင်း သားရုပ်သွင်က မှုန်ရီဝေဝါး၍ သွားလေပြီ။ လက်ကိုင်အိတ်ထဲမှ ပဝါကို အမြန်ထုတ်၊ မျက်မှန်ကိုချွတ်၊ မျက်လုံးအိမ်မှာ စို့သီးရစ်ဝိုင်းလာသည့် မျက်ရည်တွေကို တို့ထိသုတ်ဖယ်ပြီး မြင်ရသမျှ မြင်ကွင်းကိုသာ ရင်နင့်စွာ စိုက်ငေးနေမိပြန်သည်။

ထိုအခိုက်မှာပင် သားကပါးစပ်ထဲမှာ ကွမ်းဝါးလက်စဖြင့် ဒီဘက်ကို လှည့်ကြည့်လာသည်။

မျက်နှာ လွှဲလိုက်ဖို့ (သို့မဟုတ်) သားမမြင်အောင် ပုန်းကွယ်လိုက်ဖို့ ဦးနှောက်က စေခိုင်းချက်ကို အာခံဆန့်ကျင်ကာ ဒဏ်ရာနှင့် နှလုံးသားက မိမိမျက်ဝန်းများမှ တစ်ဆင့်သားထံ အရောက်ပြေးတော့သည်။

သားအမိနှစ်ယောက်၏ မျက်လုံးများ တန့်းတန်းတည့်

www.burmeseclassic.com



တည့် ဆုံစိုက်သွားကြစဉ် တွေ့လိုက်ရသော သား၏ မျက်နှာပေါ်မှ လျှပ်တစ်ပြက်အတွင်း ဖြတ်ပြေးသွားသည့် အဓိပ္ပါယ်အရောင်မျိုးစုံကို မိမိ မျက်တောင်မခတ်ဘဲ ငေးကြည့်နေမိသည်။ ပထမ အံ့သြ၊ ဒုတိယ ဝမ်းသာ၊ တတိယ ရှက်ရွံ့သိမ်ငယ်၊ နောက်တော့ စိတ်ကို ပြန်ထိန်းလိုက်ဟန်။

မိမိရင်ထဲ ဆို့နင့်စွာ မလှုပ်မယှက် ငြိမ်သက်ယောင်မှားနေတုန်းမှာပင် သားက ကားတံခါးဖွင့်ဆင်းပြီး အနားကို ချက်ချင်းရောက်လာသည်။

“ ဟီး- ဟီး- ဖြစ်မှဖြစ်ရလေ သားလေးရယ်၊ မင်း ဘယ်လိုပုံစံ ဖြစ်နေတာလဲ ”

“ ဟာ- မေမေ၊ မေမေ၊ မေမေ ဆိုင်. . . ဆိုင်သွားမလို့လား ”

ခလုတ်တိုက်ပြိုလဲနေသော စကားလုံးများနှင့်အတူ စက်ဆီချေးပေနေသော မွဲခြောက်ခြောက်ပုဆိုး၊ သဲကြိုး ဖွာလန်နေသော ကတ္တီပါ သားရေဖိနပ်တို့က မိမိ၏ငိုချင်နေသော စိတ်ကို လက်တို့၍ သတိပေးလိုက်ပြီ။

“ ဟာ မေမေ၊ မငိုနဲ့လေ၊ လမ်းမကြီးမှာ၊ ဟာ- ဒါငိုစရာလား ”

သူ ပိုပြီး ပျာယာခတ်လျက် မိမိပါးစပ်ကိုပဲ လက်နှင့်ပိတ်တော့မလို။

“ မငိုလို့ရမလား၊ ဒီလို ပြာပုံတိုးလာတဲ့ရုပ်ကို ဘယ်အမေက ကြည့်ရက်မှာလဲ၊ မိဘစကားကို နားမထောင်တဲ့ကောင် ”

“ ဟုတ်ပါတယ်မေမေ၊ သားမှားတာပါ၊ အရင်က မေမေ

www.burmeseclassic.com

www.burmeseclassic.com



တို့ကို သားအထင်လွဲခဲ့တယ်၊ အခု သားကိုယ်တိုင် သားကလေး ရတော့မှ မိဘဆိုတာ သားသမီးကို ဘယ်လောက်အထိ မျှော်မှန်းပြီး ဘယ်လိုကောင်းစား စေချင်တယ်ဆိုတဲ့ မေတ္တာစေတနာကို သဘောပေါက်ပါပြီ၊ ဒါကြောင့် ကိုယ့်ကိုယ်ကို ဒဏ်ခတ်တဲ့အနေနဲ့ မိဘတွေကို ဒုက္ခမပေးတော့ဘဲ ဇွဲခတ်ပြီးအလုပ်လုပ် နေတာပါ၊ ဖေဖေ မေမေတို့ကို အမြဲသတိရပါတယ်၊ ဖေဖေရော နေကောင်း ရဲ့လား ”

“ သားပြောသည့် စကားထဲမှ ‘ သားကိုယ်တိုင် သားကလေးရပြီ ’ ဆိုသည့် စကားစုလေးကို ရုတ်တရက်ကြားလိုက်ရ ချိန်မှာ မိမိနှုတ်တွေ ဆွံ့အ, ကြောင်အမ်းကုန်ကြသည်။

ဒီအချိန်မှာပဲ လမ်းပွင့်သွားသဖြင့် ရှေ့မှကားတွေလည်း ထွက်၊ နောက်မှကားတွေလည်း ဆူညံပွက်ကုန်ကြပြီ။ တစ်သက်လုံး မှာ မုန်းတီးနာကျည်းစရာ အကောင်းဆုံးအသံများ။ မိမိကားယာဉ် မောင်းက ကားစက်နှိုးထားပြီး နားလည်ဟန် ခေါင်းညိတ်၍ပြသည်။ သူ့မျက်လုံးမှာ ကရုဏာတငွေ့ငွေ့နှင့်။

“ သား သွားတော့မယ်နော် မေမေ ”

သားက ကမန်းကတန်း သူ့ကားဆီပြန်ပြေး၊ မိမိကားလေး လည်း နေရာမှ ‘ဝေါ’ ခနဲထွက်၊ သားက ဘေးကယှဉ်လာပြီး အမေကို လှည့်ကြည့်လှည့်ကြည့်။

လမ်းဆုံသို့အရောက် မိမိကားလေးက ညာဘက်သို့ အချက် ပြ၍ သား၏ကားလေးက ဘယ်ဘက်ကို အချက်ပြကာ ကွေ့ကြသော အခါ ကားနှစ်စီးမှာ ဆန့်ကျင်ရာအရပ်နှစ်ခုသို့ ဦးတည်ရွေ့လျား၊ သားအမိနှစ်ဦးမှာလည်း ကျောချင်းကပ်လျက် တရွေ့ရွေ့ဝေးကွာ။

www.burmeseclassic.com



အစကတော့ မိမိနှလုံးသားကို မာကြောသည်ဟု ထင်မှတ်မှားခဲ့သည်။

ယခုမူ သားလိပ်စာကလေးမှ မမေးလိုက်ရ ကောင်းလားဟု မိမိကိုမိမိ အပြစ်တင်နေမိတော့သည်။

အင်း-မြေးကလေးနဲ့ ဘယ်တော့များမှ တွေ့ရပ့ါလေ--။

မဦး

www.burmeseclassic.com

www.burmeseclassic.com

# မိချမ်းဝေ

## မြေပုံခြေဖျား စကားအလက်ာ

*မြေပုံချေဖျားက မြို့ကလေး*
*ပါချန်မြစ်ရဲ့ နံဘေး*
*အက်ဒမန်ပင်လယ်ဘေးမှာ*
*ခပ်ကွေးကွေးအိပ်နေရာက*
*ဖီးနစ်ငှက်အလှ သဏ္ဌာန်မျိုးနဲ့*
*ရှင်သန်နိုးထခဲ့ပြီလေ....။*

www.burmeseclassic.com

www.burmeseclassic.com



## မြေပုံခြေဖျား စကားအလက်ာ

ရန်ကုန်မှ ကော့သောင်းမြို့သို့ ပျံသန်းမည့် ဂျက်လေယာဉ်ပေါ် ရောက်သည် အထိ ကျွန်တော်ကောင်မလေးကို သတိမထားမိသေးပါ။ လေယာဉ်ခါးပတ်များကို ပတ်ထားရန်နှင့် အမြင့်ပေ မည်မျှမှ ပျံသန်းမည်ဖြစ်ကြောင်း၊ အသက်ရှူ ကိရိယာ

www.burmeseclassic.com

www.burmeseclassic.com



များတပ်ဆင်ပုံ သရုပ်ပြနေသည့် အချိန်ကျမှ ကျွန်တော်မြင်ကွင်းထဲကို ကောင်မလေး ဝင်လာခြင်းဖြစ်သည်။ ကျွန်တော်က ခရီးသွားလျှင်ဖာသိဖာသာ နေတတ်သည်။ခရီးသည်ချင်း မေးမြန်းစပ်စုမိတ်ဆွေဖွဲ့လေ့မရှိ၊လွတ်လွတ်လပ်လပ် တွေးတော လိုက်ပါလိုခြင်းကြောင့်လည်း ဖြစ်တန်ရာသည်။

လေယာဉ်ခါးပတ် စပတ်ပြီးသည့် အခါမှာတော့ ထိုင်ခုံနောက်မှီပေါ်ခေါင်းတင်မှီကာ မျက်စေ့ကို မှိတ်ထားမိ သည်။ မကြာမီလေယာဉ်စတင် ပျံသန်းတော့မည်။ကော့သောင်း ပြန်ရောက်လျှင်လုပ်ရမည့် အလုပ်တွေ တန်းစီနေသဖြင့် မည်သည့်ကိစ္စကို ဦးစားပေးလုပ်ရမည်နည်းဟု စဉ်းစား တွေးတော နေမိသည်။

"ဒီမှာ. . . ဒီမှာ. . . အစ်ကို"

ခေါ်သံကြားသဖြင့် ကျွန်တော်မျက်စေ့ဖွင့်ကြည့်လိုက်တော့. . . ကျွန်တော့ ဘေးမှ အသက်နှစ်ဆယ်ကျော်အရွယ် ကောင်မလေးတစ်ယောက်။ ကျွန်တော့ကို အကူအညီတောင်းလိုသည့် မျက်ဝန်းဖြင့်ကြည့်နေသည်။ ကျွန်တော်က ဘာကိစ္စဆိုပြီး မေးဆတ်ပြလိုက်တော့။

"ကျေးဇူးပြုပြီး ကျွန်မကိုကူညီပါ အစ်ကို . . . ကျွန်မ ခါးပတ် မပတ်တတ်လို့ပါ" သည်လောက်လွယ်ကူသည့် လေယာဉ်ခါးပတ် တတ်ဆင်ခြင်းကို မပြုလုပ်တတ်ဘူးဆိုတော့ လေယာဉ်စီးခရီးအတွေ့အကြုံ ရှိဟန်မတူပါ. .။ ကျွန်တော်ကရော သူမရဲ့ခါးနားတဝိုက် နီးနီးကပ်ကပ် ကိုင်တွယ်တပ်ဆင်ပေးဖို့ သင့်ပါရဲ့လား. . ကျွန်တော် အားတုံ့အားနာနှင့် သူမမျက်နှာကို မော့

www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့

“အပန်းမကြီးဘူးဆိုရင်. . ”ထပ်မံ ထွက်ပေါ်လာသော တောင်းပန် တိုးလျိုးသံကလေးကြောင့် ကူညီရန် ကျွန်တော်မှာ အဆင်သင့် ဖြစ်သွားရလေသည်။ ကျွန်တော်ခါးပတ်ကို တပ်ဆင်ပေးတော့ မဝံ့မရဲ မျက်နှာကလေးမှာရှက်သွေး ရဲရဲဖြန်းသွားသည်ကိုအနီးကပ်တွေ့မြင်လိုက်ရသည်။

“ဒီက ညီမ တစ်ယောက်တည်းလား. . . အဖော်မပါဘူးလား”

“ဟုတ်ကဲ့ တစ်ယောက်တည်းပါ”

မိန်းကလေးတွေနှင့်ပတ်သက်၍ နှုတ်နည်းတတ်သော ကျွန်တော် ဘာကြောင့် ထိုမေးခွန်းမျိုးမေးမိသည်မသိ၊ ကိုယ့်ကိုယ်ကိုပင်နားမလည်နိုင်။ ကော့သောင်းလို နယ်စပ်မြို့သို့ဘယ်လို ကိစ္စဘယ်လိုအကြောင်းတရားတွေနှင့်ပဲ လာလာ၊တစ်ယောက်တည်းမလာသင့်ဘူးဆိုတာ ဒီမိန်းကလေးမသိဘူးလား။ မိန်းကလေးမသိလျှင်မိဘတွေ သိသင့်သည်။ ကောင်မလေးပုံစံက ရန်ကုန်မှာ မြင်တွေ့ရသည့် ဆံပင်နီဝါကြား၊ နှုတ်ခမ်းတွတ်တွတ်ရဲ ကိုယ်ကြပ်အင်္ကျီစကပ်ကွဲတို့ကို ဆင်ယင်ခြင်းမရှိ လုံလုံခြုံခြုံ အိန္ဒြေရရ ရှည်လျားသန်စွမ်းသောဆံပင်များကို တစ်ဝက်အထက်မှာစည်း၍ တစ်ဝက်ချထားသည်။ လက်သည်းခြေသည်းများကို ဆေးဆိုးမထား။ မျက်နှာသည် မိတ်ကပ်နှုတ်ခမ်းနီ လိမ်းချယ်ခြင်းမရှိ ပကတိရှင်းပသန့်စင်စွာ။ ရုပ်ရည်က ချောအလှကြီး မဟုတ်သော်လည်း မချောမလှလည်း မဟုတ်။ အသားညိုသော်လည်း ခပ်ညက်ညက်၊ အသံက ကမ်းရိုးတန်းသံလည်းမဟုတ်၊ ရန်ကုန်

www.burmeseclassic.com



သံလည်းမဟုတ်။ ကျွန်တော် သူမအပေါ်အကဲမရချင်။ သူမပုံစံက နယ်စပ်မြို့ဆီလာပြီး မဟုတ်ကဟုတ်က စီးပွားရှာမည့်ပုံစံမျိုး မဟုတ်တာတော့ သေချာသည်။

လေယာဉ်စတင် ပျံသန်းပြီး အတော်ကြာကြာအထိ သူမရော ကျွန်တော်ပါ ငြိမ်သက်စွာလိုက်ပါလာကြသည်။ ကျွန်တော် ကပါလာသည့် စာအုပ်ကို ထုတ်ဖတ်မည်စိတ်ကူးပြီးမှ မဖတ် ဖြစ်တော့ဘဲ စိတ်ကိုလျှော့ကာ အနားယူမည်ဟုပဲ စိတ်ပိုင်း ဖြတ်လိုက်တော့သည်။ မျက်စေ့ကို မည်မျှ ကြာကြာမှိတ်ထား မိသည်မသိ။

"ကော်ဖီ သုံးဆောင်ရအောင်လားရှင်"

ဖြတ်ကနဲ မျက်စေ့ဖွင့်တော့ လေယာဉ်မယ်ကလေး ကော်ဖီနှင့်မုန့် လိုက်လံဝေငှနေသည်။ ကျွန်တော် ကိုယ့်အတွက် ယူပြီး သူမအတွက်ယူပေးဖို့ လှည့်ကြည့်တော့ သူမပုံစံကိုကြည့်ပြီး ကျွန်တော် အတော်စိတ်ပူသွားသည်။ လေယာဉ်စီးကျင့် မရှိသူ တို့ဖြစ်တတ်သည့် သဘာဝ၊ ကောင်မလေး အတော်မူးဝေနေပါ လား။ သူမမျက်နှာက မအီမသာ အော့အန်ချင်သည့် အနေအ ထား။

"ညီမလေး. . အရမ်းမူးနေလား. . ကိုယ်ဘာ ကူညီရမလဲ"

"အန်. . အန်ချင်တယ်"

ကျွန်တော်ထိုင်ခုံရှေ့မှ ကျွတ်ကျွတ်အိတ်ထိုးခံလိုက်တော့ လက်မတင်ကလေး အန်ချလိုက်တာ။

"ဟင်. . အစ်ကို့လက်ပေကုန်ပြီ ဒုက္ခပါပဲ အားနာစရာ"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ရတယ် ကိစ္စမရှိဘူး. . ကိုယ်မရွံ့တတ်ဘူး"

"ဘယ်ဟုတ်မလဲ၊ ခဏနော်. . ကျွန်မမှာ တစ်ရှူးပါတယ်"

ကောင်မလေးက တစ်ရှူးတွေနဲ့ ကျွန်တော့လက်ကို သုတ်ပေးနေတာမို့ ကျွန်တော်က ပြန်အားနာနေမိသည်။

"နေပါစေ. . . ကိုယ့်ဖာသာ နေကောင်းအောင်နေ အန်တတ်ရင် မအန်တဲ့ဆေးတွေ ကြိုသောက်လာရတယ်"

"ဟုတ်လား မသိပါဘူး၊ ဒါတွေလည်း မတွေးမိဘူးလေ။ လာချင်လွန်းလို့သာ ထွက်လာတာဒီခရီးအတွက် ဘာမှ ကြိုတင်ပြင်ဆင်မှုရှိဘူး"

"ကော်ဖီ နည်းနည်း သောက်မလား"

"ဟင့်အင်း ကျွန်မ မသောက်ချင်ဘူး"

"ကော်ဖီမသောက်ချင်ရင် ရေတော့သောက်လိုက်၊ ကိုယ့်မှာ ရေသန့်ဗူးပါတယ်"

ကောင်မလေး ရေသောက်ပြီးပြန်မှိန်းသွားသည်။ ကျွန်တော်လည်း အလကားပဲတင်း သူနာပြုအလုပ် ရနေတဲ့ ကိုယ့်ကိုယ်ကို ရယ်ချင်သွားသည်။ တော်တော်လေးကြာတော့ ရှူဆေးဗူးရှာပြီးပေးမိပြန်သည်။

"နေသာရဲ့လား. . ဒါလေး ရှူထား" တစ်ရေးအိပ်ချင်အိပ်လိုက်၊ ရောက်ဖို့ အချိန်လိုသေးတယ်"

ကျွန်တော့ပုံစံက လိုတာထက် ခင်မင်ဖော်ရွေနေတာ ပုံမှန်မဟုတ်ရဲ့လား။ ကျွန်တော် သူမကိုစိတ်ဝင်စားနေလို့ စေတနာတွေလွန်နေတာလား။ သဒ္ဒါလွန်တော့ ဆွမ်းတော်ရပ်လှဲ၊ တော်သင့်ပြီ။ ကျွန်တော်လည်း တရေးမှိန်းတာပဲ ကောင်းမည်ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မကြာမီ အချိန်အတွင်းမှာ ကော့သောင်းမြို့သို့ ဆိုက်ရောက်ပါတော့မယ်ရှင်"

ဟော. . ရောက်တော့မည်ဆိုပါလား၊ခရီးသည်တွေ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ ကောင်မလေးလည်း ဒယိမ်းဒယိုင်နှင့်ထသည်။ ကျွန်တော်သူမကိုမစောင့်တော့ လေယာဉ်ဆိုက်သည်နှင့်ရှေ့မှ တိုးဆင်းလာသည်။ ပစ္စည်းတွေချဦးမည်။ ရွေးရဦးမည်။ ကျွန်တော့စိတ်က အလုပ်ခွင်သို့ရောက်နေသဖြင့် မြေနင်းသည်နှင့် အလုပ်ကိစ္စတွေအတွက် စိတ်စောနေမိပြန်သည်။ "အစ်ကို. . အစ်ကို။ ကျွန်မကို တစ်ချက်လောက် ကူညီပါဦး၊ ကျွန်မပစ္စည်း ဘယ်မှာရွေးရမယ်ဆိုတာ"

ရော်. . . ခက်လှချည့်။ သည်ကလေးမနှယ်၊ ဖြစ်ရပြန်ပြီ။ ခရီးမသွားဖူးမှန်း သိသာပါရဲ့။ စကားသံကလည်း သေချာသွားပြီ။ သူ့အသံ ရန်ကုန်သံမဟုတ် မော်လမြိုင်အသံ၊ မော်လမြိုင်ဘက်က လူတွေ တစ်ဆိတ်လောက်ကို တစ်ချက်လောက်၊ အရမ်းကောင်း ကိုကောင်းမှကောင်း၊ ဆိုရင်. . . ကိုဆိုလို့ ရှိရင် သည်လိုသုံးလေ့ရှိသည်။ ကိုယ်က နယ်တကာနှံ့သူဆိုတော့ ဒါလောက်တော့ သိသည်။

"ပစ္စည်းရွေးဖို့ ကပ်ပြားကိုယ့်ကိုပေး၊ တစ်ခါတည်းရွေးခဲ့မယ်. . ဒီမှာပဲစောင့်နေ"

ကဲ အေးရောမဟုတ်လား၊ပို့မည့်ပို့ ကူးတို့ရောက်အောင်ပို့လိုက်တာပဲ ကောင်းပါသည်. . ။ ပစ္စည်းတွေနှင့် ကားပေါ်ရောက်တော့. .

"ကော့သောင်းမှာ ကိုယ့်ဆီကအကူအညီလိုချင်ရင် ဒီလိပ်

www.burmeseclassic.com

www.burmeseclassic.com



စာအတိုင်းလာပေ့ါ”

ကျွန်တော် သဘောတွေ အရမ်းကောင်း သွားပြီလားမသိ။ ကားပေါ်က ဆင်းကျန်ရစ်တော့မျက်နှာနွမ်းနွမ်းကလေးနဲ့ ကားပေါ်ဆက်ပါသွားသည့် သူမ မျက်နှာကလေး မြင်ယောင်နေသည်။

ဟောဗျာ. . . သူမရဲ့နာမည်ကလေးတောင် မမေးလိုက်ရပါလား. . .။

* * * * *

ခရီးကပြန်လာပြီး ဆေးရုံနှင့် အပြင်ဓါတ်ခွဲခန်း လွန်းပျံပြေးနေရသည်နှင့် လေယာဉ်ပေါ်မှာ ခဏတာ တွေ့ဆုံခဲ့ရသူလေးကို အမေ့မေ့ အလျော့လျော့ ဖြစ်သွားသည်။ ကျွန်တော် ဘဝပေးကိုက ထိုကိစ္စများမှာ အချိန်ပေးဖို့ ဇာတာမပါခဲ့လေသည်လားမသိ။ တစ်နေ့ ဓါတ်ခွဲခန်းထဲအဝင် အကူကောင်လေးက. .

“ ဦးနိုင်. . အမျိုးသမီး တစ်ယောက်. . စာတစ်စောင်လာပေးသွားတယ် ”

“ အမျိုးသမီး . . ဟုတ်လား ”

“ ဟုတ်တယ်၊ ကျွန်တော်တော့ ညော့်သည်ထင်တာပဲ ဆံပင်ရှည်ရှည် အသားညိုညို ခပ်ယဉ်ယဉ် ကောင်မလေး ”

စာဖောက် ဖတ်လိုက်တော့ . .

အစ်ကို

ကျွန်မအစ်ကိုနဲ့ အေးအေး ဆေးဆေး စကားပြောချင်ပါတယ်။ ညနေ(၅) နာရီမှာ ဘုရင့်နောင် ရုပ်တုရှေ့ လာခဲ့ပါနော်။ ကျွန်မကိုကူညီပါဦး။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပေါ်မှ ညီမ
မိပန်သူ

လေယာဉ်ပေါ်မှ ညီမဆိုပါလား။ သူမနှင့် စတွေ့ကတည်း ကကူညီပါဦး ကူညီပါဦးနှင့် ယခုလည်း ဘာကူညီရဦးမည်မသိ. .။ အထက်ဘက်က လူတွေ မြိတ်၊ ကော့သောင်းဆင်းပြီး အလုပ်လုပ်ကြရာမှာ ကျောင်းဆရာမ၊ သူနာပြုဆရာမ၊ ကုမ္ပဏီဝန်ထမ်း၊ အမျိုးမျိုးအစားစား ပါပဲ။ အချို့ အလုပ်ခန့်စာ အော်ဒါစာရွက် ကိုင်ပြီး လာသလို အချို့ဒီရောက်မှ နီးစပ်ရာ အလုပ်ရှာကြတာမျိုးလည်းရှိသည်။ ယခုသူမမှာ ထိုကိစ္စမျိုးအကူအညီ တောင်းလိုဟန်တူသည်။အင်းလေ. . . နိုင်သလောက်၊ သိသလောက်၊ လက်လှမ်းမီသလောက် ကူညီရတာပေါ့။ ကျွန်တော်တို့ ဒေသခံတွေမှ မကြိုဆိုရင် ဘယ်သူ တွေက ကြိုဆိုမှာလဲ။

ညနေ ရောက်တော့ကျွန်တော် ဆိုင်ကယ်လေးနဲ့ ဘုရင့်နောင် ရုပ်တုဘက် ထွက်လာသည်။ ရုပ်တုရှိရာ ရင်ပြင်ဆီရောက်တော့ အဆီးအတားမဲ့ပင်လယ်လေ၏ ဆီးယူပွေ့ဖက်မှုကို ခံလိုက်ရသည်။ တစ်နေ့တာ ပင်ပန်းနွမ်းနယ်နေသော နေလုံးကြီးက အစွမ်းကုန် အတောက်ပဆုံး အပြုံးနှင့် နှုတ်ဆက်နေသဖြင့် ရင်ပြင်တစ်ခုလုံး ထင်လင်း ဝါရွှေနေသည်။

“ တစ်ပင်ရွှေထီး၊ ရွှေဖောင်ကြီးနှင့်၊ ငှဲ့ချီးအောင်ရပ်၊ ခံသည့်တပ်သို့၊ ကြီးကြပ်စီရင်ဆက်ရာတွင်၍ ကျော်ထင်နော်ရထား ဗိုလ်ချုပ်များကို၊ အရာချီးမြှင့်၊ မြှောက်ထိုက်သင့်ဟု၊ ဘုရင့်နောင် တော်၊ ရွှေနှုတ်ဖော်၍၊ ခေါ်ဝေါ်ငြိမ့်လေး၊ ဘွဲ့တော်ပေးတာ. . ”

ကုန်းဘောင်ခေတ် လက်ဝဲသုန္ဒရ၏ ဗျူဟာ စက္ကဲပျို့တွင်

www.burmeseclassic.com



ဖော်ပြထားသည့် မြန်မာ့သမိုင်းတွင် ဘုရင့်နောင်ဟူသော တစ်ကြိမ်သာချီးမြှင့်ပြီး တစ်ဦးတည်းသာရရှိခဲ့သူ ကျော်ထင်နော်ရထာ၊ ချီးမြှင့်သူကား တပင်ရွှေထီး။ တို့မြေကို တစ်လက်မအထိမခံ တို့ကာကွယ်မည်ဆိုသော ဓားဆွဲသည့်ဟန် ပန်းပုဆရာကြီး ဦးဟန်တင်၏လက်ရာ. . .

သည်ကုန်းမြေသို့ ရောက်တိုင်းကျွန်တော်ဇာတိမာန် ဖြန်းဖြန်းထကာ မြို့ကလေးကို ချစ်စိတ် အထွဋ်အထိပ်သို့ ရောက်မြဲ။ ကျွန်တော်က “ ခြေဖျားမြို့ကလေးရဲ့ သည်းပွတ် ” လို့ တင်စားကာ ကဗျာတစ်ပုဒ်စပ်ဖူးသည်။

မြေပုံခြေဖျားကမြို့ကလေး
ပါချွန်မြစ်ရဲ့နံဘေး
အက်ဒမန်ပင်လယ်ဘေးမှာ
ခပ်ကွေးကွေးအိပ်နေရာက
ဖီးနစ်ငှက်အလှ သဏ္ဌာန်မျိုးနဲ့
ရှင်သန်နိုးထခဲ့ပြီလေ။
နိုင်ငံတော်ကို သာသနာပြု
ဗိုလ်ထုထောင်ရာသောင်း
ထီးဆောင်းမင်းအပေါင်းဦးညွတ်
အောင်ပန်းခူးဆွတ် ဂုဏ်ဆောင်
‘ ဘုရင့်နောင် ’ မင်းရဲ့ရုပ်တု
ဂုဏ်ပြုစိုက်ထူရာအမှန်
ဘူမိနက်သန်မြေဆိုတာလည်း
အားလုံးရဲ့ ရင်ထဲ နှလုံးသားထဲ

www.burmeseclassic.com

www.burmeseclassic.com



စွဲမြဲနေဆဲနော်. . . .

ကြွေပြားတွေ ခင်းထားသည့် စကြံပတ်လမ်း တစ်နေရာမှာ တော့ ခေါင်းကို ပြာလွင်လွင်ပုဝါနှင့် စည်းထားပြီး နေကာမျက်မှန် တပ်ထားသည့် သူမ မိပန်သူ။

ဟိုနေ့ကလို ညှိုးရော်ရော် နွမ်းလျှလျှမနေ ပကတိလန်း ဆန်းကြည်လင်နေသည့် အနေအထားက သူမ၏ ညိုယဉ်ယဉ်အ လှကို စိုလွင်စေလေသည်။

“ အစ်ကို လာမှလာပါ့ မလားလို့ ”

“ အလုပ်မအားပေမယ့်အားကိုးတကြီး အကူအညီလိုတယ် ဆိုတော့လာရတာပေါ့. . ဆို. . အစ်ကို ဘာကူညီရမလဲ ”

သူမက စကားမဆိုသေးဘဲ ပင်လယ်ပြင်ကြီးဆီ ငေးရီ ကြည့်လျက် အတန်ငယ်ဆုတ်ဆိုင်းနေပြီးမှ

“ အစ်ကိုက ကဗျာဆရာ နိုင်တာရာနော် ”

“ ဟင် ညီမဘယ်လိုသိလဲအစ်ကို လိပ်စာကဒ်မှာ ဦးယုနိုင် အမည်ရင်းပဲပါတာ ”

“ ကျွန်မ မြို့နယ် စာနယ်ဇင်းကသတင်းထောက် ဦးအောင်သင် နဲ့တွေ့ပြီးပါပြီ. .။ ဦးအောင်သင်ကအစ်ကို့ဆီ ညွှန်လိုက်လို့ပါ။ ကျွန်မလာရင်းကိစ္စက သတင်းထောက် ဦးအောင်သင်ဆီ ဦးတည် ပြီး လာတာပါ။ ဒီရောက်တော့ ဦးလေးအောင်သင်က ကျန်းမာရေး မကောင်းတာရယ် အသက်ကြီးသွားတာရယ် လိုအပ်တဲ့အကြံ ဉာဏ်တွေကို အစ်ကိုက ပိုပြီးပေးနိုင်မယ် ယူဆပြီး လွှတ်လိုက် တာပါ။

“ ကဲ ဆိုပါဦး အစ်ကိုက ဘာကူညီရမလဲ ဆိုတာ ”

www.burmeseclassic.com



" ဒီလိုပါ. . . . ညီမကော့သောင်းကိုလာတာ ပျောက်ဆုံးနေတဲ့ ဆွေမျိုးစုတွေကို ရှာဖွေဖို့လာတာပါ "

" ပျောက်ဆုံးနေတဲ့ ဆွေမျိုးစု. . ဟုတ်လား "

"တကယ်တော့ ညီမဟာ မွန်နာမည်ယူထားပေမယ့် ဆလုံအမျိုးသမီးတစ်ယောက်ပါ အစ်ကို။ ညီမရဲ့ မွေးစားအဖေ အဘာရန်ရှင်းက တစ်ခါက မြိတ်-ကော့သောင်းတစ်ခွင်မှာ လှည့်လည်ကျက်စားတဲ့ ဝါးလက်လှေပိုင်ရှင် ပွဲနင်းကြီး တစ်ယောက်ပေါ့။ တစ်ရက်တော့ အဘာတို့ လှေဟာ ဖမ်းမိသမျှ ငါးတွေကိုဆားနယ်၊ နေလှမ်းဖို့ ကျွန်းဝင်ခိုတဲ့အခါ၊ ဒီလူမနေတဲ့ ကျွန်းမှာ ငိုနေတဲ့ အသက်လေးနှစ်အရွယ်ကလေးမလေး တစ်ယောက်ကို ကောက်ယူတွေ့ရှိသတဲ့။ ကလေးမလေးက ဆလုံမလေး ဖြစ်တာမို့ မြန်မာစကားလည်း မတတ်ဘူးတဲ့။ အဖေ အမေနာမည်လည်း မေးလို့မရဘူးတဲ့။ ဆလုံတွေဟာ ကလေးတွေကို စွန့်ပစ်ရိုးထုံးစံမရှိတော့ အဘာရန်ရှင်းလည်း ရုတ်တရက် နားမလည်နိုင်ဘူးပေါ့။ နောက်တော့ တမင်စွန့်ပစ်တာ မဟုတ်ဘဲ၊ လှေအထွက်မှာ ကလေးကျန်ခဲ့တာ မသိဘဲ ခရီးဆက်သွားတာမို့ အဘာတို့သာရောက်မလာရင် ကလေးရဲ့ကံကြမ္မာကို တွေးတောင်မတွေးဝံ့ ဖြစ်ခဲ့ကြတယ်။

အဘာရန်ရှင်းဟာ ဒီနယ်တစ်ခွင် ကျင်လည်ကျက်စားတာ အလွယ်တကူဘဲ ဆလုံရှိတဲ့ရွာတွေဆီ လက်လှမ်းတမှီ စုံစမ်းနိုင်ခဲ့တယ်။ ဒါပေမဲ့ ကလေးရဲ့ မိဘအမှန်ကို မတွေ့မသိရပဲ ဖြစ်နေသတဲ့။ ဆလုံတွေဟာ အချို့က ရွာမှာအတည်တကျ နေပြီး၊ အချို့က ယနေ့တိုင် ပင်လယ်ထဲ ကျင်လည်ကျက်စားတုံးပဲတဲ့။ ဒါကြောင့် ရွာမှာ အတည်တကျ နေသူတွေ မဟုတ်တဲ့ ကလေးမိဘတွေနဲ့ အ

www.burmeseclassic.com

www.burmeseclassic.com



ဆက်မရဘဲ နောက်ဆုံး သူ့မိသားစုရှိရာ မော်လမြိုင်ကို ခေါ်သွားပြီး အပြီးအပိုင်မွေးစားလိုက်ရသတဲ့။ အဲဒီကလေးဟာ မိပန်သူဆိုတဲ့ညီမပါပဲ ”

ပြောလို့သာကြားရ. . . ကျွန်တော်က မယုံချင်လှပါ။ ဘာကြောင့်ဆိုတော့ မိပန်သူဟာ၊ ဆလုံမလေးနှင့်မတူလို့ပါပဲ၊ ဆလုံတွေက အရပ်ပြတ်ပြတ်၊ ဆံပင်ကောက်ကွေး၊ ရုပ်ရည်ချောမောပြေပြစ်သူရှားလှသည်။ မိပန်သူက ညိုညိုယဉ်ယဉ် အရပ်က လုံးတော်ရပ်တော်။ အရှင်မွေးတော့ နေ့ချင်းကြီး။ တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုး၊ မော်လမြိုင်မြို့ပေါ်ကြီးတော့ တသွေးတမွေး လှသွေးကြွယ်သွားလေသလား။

“ ညီမဟာ ဆလုံမလေး ဖြစ်ဦးတော့ မိဘဆွေမျိုးကို ဘယ်လိုအထောက်အထားနဲ့ ရှာမှာလဲ၊ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်ကျော်ကတောင်မတွေ့တာ အခုကော တွေ့ဖို့လွယ်ပါ့မလား ”

ကျွန်တော် စကားမှားသွားသည်လားမသိ။ ကောင်မလေးမျက်နှာ မှိုင်းညို့သွားသည်။ ကျွန်တော့စကားက သူမကို အားပေးသည့်စကားပဲဖြစ်သင့်သည်။ အားငယ်စိတ်ဓါတ်ကျစေသော စကားမျိုး မဖြစ်သင့်ပါ။

“ လာ. . လာ. . ညီမဟောဒီ ကျောက်ပြားခင်းလှေခါးမှာပဲ ထိုင်လိုက်ကြရအောင်၊ ဒီစကားတွေက ဆွေးနွေးစရာ ကျယ်ပြန့်လှတယ်။ မိုးတိုးမတ်တပ်နဲ့မဖြစ်ဘူး ”

ကျွန်တော် ညွှန်ပြရာ ကျောက်ပြားလှေခါးထစ်ကလေးမှာ ထိုင်မိတော့ သူမဟန်ပန်က အပြစ်ကင်းစင်သော ယုန်သူငယ်လေးလို တစ်မျိုးချစ်ဖွယ် ကောင်းနေပြန်သည်။ နဖူးပြေပြေမှာ ဆံယဉ်

www.burmeseclassic.com

www.burmeseclassic.com



စများလေအဝေ့မှာ တလူလူလွင့်နေပုံက ဆည်းဆာအလှအောက်တွင် ယဉ်ကျေးနူးညံ့သော အမျိုးကောင်း သမီးတို့၏ တင့်တယ်ပြေပြစ်ခြင်းကို ပြနေသည်။

" အစ်ကို. . . ဒါလေးကိုကြည့်လိုက်ပါဦး "

သူမလည်တိုင်မှာ ဆွဲထားသည့် ကြုတ်ဝိုင်းဝိုင်းကလေး ထဲမှ အရာဝတ္ထုတစ်ခုကို မြင်လိုက်ရတော့ ကျွန်တော်အံ့သြသွား သည်။

" ဟင် ဒါဟာ ပုလဲနက်ပါလား။ သိပ်ရှားပါးတဲ့ ပုလဲနက် "

ကျွန်တော် ပစ္စည်းကိုကိုင်ကြည့်ကာ အလင်းရောင်မှာ ထောင်ကြည့်တော့ ပုလဲနက်ရဲ့ ပုံသဏ္ဌာန်က တင်ပလ္လင်ခွေထိုင်နေသည့် ဘုရားဆင်းထုတော်တစ်ဆူနှင့် တူလှသည်။ တကယ်တော့ ပုလဲနက်ဆိုသည်က မုတ်ကောင်ရဲ့ အလယ်ကျကျမှာ မဟုတ်ဘဲ ဘေးအစွန်း အညိုရောင် အနက်ရောင်အရည်တို့ စုအုံဖွဲ့ရာ နေရာမှာသဲ သို့မဟုတ် ခဲလုံးငယ်တို့ ဝင်ရောက်တည်နေသည့်မှာ မုတ်ကောင်မှထွက်သည့် အနှစ်ရည်တွေဖုံးလွှမ်း ဖြစ်ပေါ်လာသည့်အရာပါ။ သဘာဝအလျောက် ဖြစ်ပေါ်လေ့ရှိပြီး ဖြစ်တောင့်ဖြစ်ခဲ ရှားပါးအဖိုးတန် ပစ္စည်းလည်းဖြစ်သည်။ ပုလဲနက်ကိုရှေးယခင်ဆလုံတွေဆီမှာ အများဆုံး ရနိုင်သည်။ ယခု ပုလဲနက်နှင့် ကောင်မလေး ဘယ်လို ဆပ်စပ်နေပါလိမ့်။

ဒီပုလဲနက်လေးက ငယ်စဉ်ကတည်းက ကျွန်မရဲ့လည်ပင်းမှာပါလာတဲ့ အရာပါ။ အဘရန်ရှင်းက ဒီပုလဲနက်ကိုပြပြီး အခြေခံလိုက်တော့ တစ်နေ့မှာ သဲလွန်စရပါတယ်။ ဒီပုလဲနက်ကို ပိုင်ဆိုင်ဖူးသူဟာ ဆလုံ အမျိုးသမီးကြီး တစ်ယောက်တဲ့။ အဲဒီအမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



ကြီးနာမည်က “ ခီတားနု ”တဲ့။

“ ဟင်. . . . ဘာရယ် “ ခီတားနု ” ဟုတ်လား။

ဟုတ်တယ် အစ်ကိုရဲ့ ခီတားနုတဲ့။ အဲဒီ ခီတားနုဟာ ဆလုံ အမျိုးသမီးပေမယ့် ရုပ်ရည် ချောမောလှပပြီး အတော်ကြည့်ပျော်ရှုပျော်ရှိတာမို့ အဲဒီခေတ်က ရန်ကုန်က ပြည်ထောင်စုပွဲတော်ကိုတောင် ဖိတ်ကြားခြင်းခံရသတဲ့။ ဒါပေမယ့်. . တကယ်စုံစမ်းလိုက်တော့အဲဒီ ဆလုံမကြီးဟာ မြိတ်မြို့ကနေပြီး ပင်လယ်ကျွန်းတောင်တွေဆီ ပြန်ဆင်းသွားသလိုလို. . . သေဆုံးသွားပြီလိုလိုနဲ့ အဆက်ပြတ် သွားတော့တယ်။ ကျွန်မဟာ ခီတားနုရဲ့ အဆက်အနွယ်ထဲက ဖြစ်ရမယ်လို့ ကျွန်မကိုယ် ကျွန်မ ယုံကြည်နေတယ်။ အစ်ကိုက ဆလုံတွေနဲ့ နှံ့စပ်ကျွမ်းကျင်သူမို့ ကျွန်မကို တတ်နိုင်သလောက် ကူညီပါဦး။

ခီတားနု. . ဆလုံကို စိတ်ဝင်စားသူတိုင်း ထိုနာမည် ကို မသိသူမရှိ။ တစ်ခါက ရုပ်ရှင်လာရိုက်ရာ မင်းသမီး ခင်သန်းနုနေရာတွင် ကိုယ်စားသရုပ်ဆောင်ဖူးသဖြင့် ဆလုံအသံထွက် ခီတားနု တွင်သွားသူတစ်ယောက် အကြောင်းကတော့ ပုံပြင်မဟုတ်သော ပြောစမှတ်တွင် ကျန်ရစ်ခဲ့ ဖူးသည့်အကြောင်းပင် ဖြစ်သည်။

ခီတားနု ဆိုသည်နှင့်ကျွန်တော် ကိုရာရှစ် မျက်နှာ ပြေးမြင်ကာ ဆွေမျိုးပျောက်ရှာသူ ကလေးကို ကတိတွေ ပေးနေမိသည်။

“ အစ်ကို့ကို အချိန်နည်း နည်းပေးပါဦး။ ညီမကို

www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး အကြံဉာဏ်တွေ ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကဲ နေလည်းဝင်ပြီ။ ညီမကို တည်းအိမ်ပြန်ပို့ပေးမယ် အစ်ကို့ဆိုင်ကယ်နဲ့ တစ်ခါတည်း လိုက်ခဲ့ပေတော့ ”

* * * * *

ကမ်းခြေကို မျက်နှာမူထားသော စားသောက်ဆိုင်ကလေးသည် နေ့လည်နေ့ခင်းဖြစ်၍ လူသူကျဲပါးနေသည်။ ညင်သာဖျော့ ဖျော့ပြေးဝင် လာသော လှိုင်းငယ် ကလေးတွေက သောင်စပ်တစ် လျှောက် ဖွေးဖွေး လှုပ်နေသည်။ တိမ်ကြည်စင်သော ကောင်းကင် ပြာအောက်တွင် သည်နေ့လည်း သူမ အလှကြီး လှနေသည်။ အသက် ၂၃ နှစ်အရွယ် ဘွဲ့ရပြီးစ မိန်းကလေး၏ မျက်နှာတွင် တက်ကြွလန်းစင်မှုတွေ မြင်တွေ့နေရသည်။

ဆလုံတွေကို အခု “ မော်ကင်း ” လို့ပြောင်းလဲခေါ်ဝေါ်ကုန်ကြပြီ။ မော်ကင်းဆိုတာ ရေမှာကျွမ်းကျင်စွာ နစ်သူလို့ အဓိပ္ပါယ် ရတယ်။ သူတို့ဟာ တို့နိုင်ငံမှာ သာမဟုတ်၊ တစ်ဖက် ယိုးဒယား ကမ်းခြေမှာလည်း ကျင်လည်ကျက်စား ကြတယ်။ ယိုးဒယားတွေက သူတို့ကို“ ချောင်နမ် ” (ရေမှာမွေ့ပျော်သူ) လို့ ခေါ်ကြတယ်။

“ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက မော်ကင်းတွေဟာ မလေး ကျွန်းဆွယ်မှာ နေထိုင်ခဲ့ကြပြီး မလေးလူမျိုးတွေ ဝင်ရောက်လာတော့ ဇာတိဒေသကို စွန့်ခွာပြီး ပင်လယ်ကျွန်းတောင်တွေဆီ လှည့်လည်နေထိုင်ရင်း ယိုးဒယားနယ်စပ်နဲ့ မြန်မာ့ ပင်လယ်ပြင်ကို ရောက်ရှိခဲ့ကြတယ်။ မလေးကျွန်းဆွယ် ခေတ်ဦး၊ မလေးလူမျိုးတို့

www.burmeseclassic.com

www.burmeseclassic.com



မှာတောင်တန်း တွေအပေါ်မှာ ကျက်စားတဲ့ " ဩရန်ဗူကက် " နဲ့ပင်လယ်မှာ နေထိုင်အသက်မွေးတဲ့ " ဩရန်လောက် " လူမျိုး များရှိတဲ့ အနက် ယခု မော်ကင်းတွေဟာ ဩရန်လောက် ကဆင်း သက်လာတယ်လို့ ယူဆကြတယ် "

ကျွန်တော် ပြောလက်စ စကားကိုရပ်ပြီး ကောင်မလေး ကိုအကဲခတ်လိုက်သည်. . ။ စိုလက်လက် မျက်ဝန်းအစုံဖြင့် ကျွန်တော့်ကို စိုက်ကြည့် နေသည်မှာ မျက်တောင်ခတ်ဖို့ပင် မေ့ နေသယောင်။ ကျွန်တော် စကားဆက်လိုက်သည်။

" မော်ကင်းတွေ မြန်မာပြည်တောင်ပိုင်း ပင်လယ်အတွင်း ရောက်ရှိ နေထိုင်ခဲ့ကြောင်း ကိုတော့ ၁၆၇၅ ခုနှစ်မှာ ရေးသား ခဲ့တဲ့ဘောင်းရေး မှတ်တမ်းအရ သိရှိရတာပါ။ အဲဒီမှာ အခြားလူ မျိုးတွေနဲ့ မရောနှောပဲ ဆင်းရဲပင်ပန်းစွာ အသက်မွေးကြသူတွေ ရဲ့အကြောင်းကို အကျယ်တဝင့် ရေးသားထားတယ်။ အဲဒီအချိန်က မြိတ်မှာ အင်္ဂလိပ်လူမျိုး ဘန်းတီး အုပ်ချုပ်ချိန်၊ မြန်မာနိုင်ငံကို သာလွန်မင်းတရားကြီးရဲ့ မြစ်တော် ညောင်ရမ်းဆက် မင်းရဲကျော် ထင်မင်း၊ မြန်မာသက္ကရာဇ် ၁၀၃၄-၁၀၆၀ အုပ်ချုပ်တဲ့ ကာလပေါ့။ ဒါကြောင့် မြန်မာနိုင်ငံတော်ကြီး မတည်ထောင်မီ ကာလထက် များစွာစောပြီး မြန်မာနိုင်ငံမှာ မော်ကင်းတွေ အခြေချနေထိုင်ခဲ့ တယ်ဆိုတာ ထင်ရှားနေတာပါ။

သူတို့ဟာ တစ်နေရာတည်းမှာ အတည်တကျ မနေဘဲ ရင်ငန်းသားနဲ့လုပ်တဲ့ ကဗန်းလှေပေါ်မှာ စားအိုးစားခွက်တွေ၊ သား သမီးနဲ့ခွေးပါမကျန်တင်ပြီး ပင်လယ်တွင်း လှည့်လည်သွားလာ လေ့ရှိတယ်။ အသက်မွေးမှုကတော့ ပုလဲ၊ ပင်လယ်မျှော့၊ ငါးကြီး

www.burmeseclassic.com

www.burmeseclassic.com



အန်ဖတ်၊ စတီစတဲ့ ပင်လယ်ရေအောက် ရေပေါ်သယံဇာတတွေ ရှာဖွေပြီး ဆန်၊ အခြားစားသောက်ဖွယ်ရာတွေနဲ့ လဲလှယ်ကြတယ်။ မြိတ်က တရုတ်ကုန်သည်တွေဟာ မော်ကင်း တွေဆီက ပင်လယ် ထွက်ကုန်တွေရဖို့ ဘိန်းကို အသုံးပြုခဲ့လို့ သူတို့တတွေ ဘိန်းစွဲခဲ့ ကြသေးတယ်။ ပင်လယ်ငှက်ဖျား နဲ့ ပွေးဝဲ စတဲ့တစ်ကိုယ်ရေ မသန့် ရှင်းတဲ့ ရောဂါတွေကလည်း သူတို့ကို နှိပ်စက်သေးတယ်။ ဒါကြောင့် ဆလုံတွေဟာ မွေးနှုန်းထက် သေနှုန်းကများပြီး အခုဆို ရင် မော်ကင်း လူဦးရေက စိုးရိမ်ဖွယ် ကျဆင်းနေပြီ ”

နိုင်ငံတော်အစိုးရက မော်ကင်းတွေရဲ့ အနာဂတ်သာယာ တိုးတက် ကောင်းမွန်ဖို့အတွက် ကျွန်းတွေမှာ အတည်တကျနေနိုင် အောင်စီစဉ် ပေးနေပြီ။ အရင်တုန်းက မြိတ်မြို့ ကမ်းနားလမ်း တစ်လျှောက် ကော့သောင်းကမ်းနား၊ တစ်မိုင်သဲတန်း၊ သုံးမိုင် ကမ်းခြေ၊ ဘာဝါးကျွန်းတို့မှာ တွေ့ရတယ်။ အခု မြိတ်ကျွန်းစုဖြစ်တဲ့ ကတန်ကျွန်း၊ ဒုံးကျွန်း၊ မီစိမ်းကျွန်း၊ ဝါးကျွန်း တို့မှာတွေ့ရတယ်။ ဘုတ်ပြင်း နဲ့ ကော့သောင်းမြို့နယ်ထဲက လန်းပိကျွန်း၊ ဇာဒက်ကြီး ကျွန်း၊ မကြုံဂလက် ကျွန်းတို့မှာ တွေ့ရတယ်။

မကြုံဂလက် ဆိုတာက မကြုံဂလက်ဆိုတဲ့ မော်ကင်းအမျိုး သမီးကြီး တစ်ယောက်ရဲ့ အမည်ကို အစွဲပြုခေါ်တာပါ။ ဂလက် ဆိုတာက အချိုင့်အဝှမ်းကို ဆိုလိုတာပါ။ အဲဒီ မကြုံဂလက်ရွာမှာ သီးသန့်စာသင် ပေးနေပြီ။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများက ဘာ သာရေး အဆုံးအမတွေနဲ့ ယဉ်ကျေးအောင် ဆောင်ရွက်ပေးနေပြီ။ တာဝန်ရှိ သူတွေကလည်း အဝတ်အထည်နဲ့စာအုပ် စာတမ်း တွေ ပေးပို့လှူဒါန်းကြတယ်။ကလေးတွေ ပညာရေးအတွက် ရန်ကုန်က

www.burmeseclassic.com



နေပြီး အနစ်နာခံရောက်ရှိတာဝန်ထမ်းနေတဲ့ ဒေါ်ခင်ယုမေလို ဆရာမမျိုးတွေလည်း ပေါ်ပေါက်နေပြီ။ အဲဒီရွာက မော်ကင်းဆလုံ ကလေးတွေနာမည်က အစ်ခိုင်၊ နှင်းနှင်း၊ ဘာကစ်၊ အူဒေး၊ ဂျာလို တဲ့ချစ်စရာ မကောင်းဘူးလား၊ ချောင်းကဖီးရွာက ပညာထူးချွန် တဲ့မော်ကင်း အလှမယ်လေးနာမည်က'စီဒါး'တဲ့ ကိုယ်တို့ဟာ မော်ကင်း လူနေမှု မြင့်မားရေးအတွက် ကျွန်းရွာတွေဆီအခေါက်ခေါက် သွားရင်း သူတို့တတွေနဲ့ ရင်းနှီးပွန်းတီးခဲ့ရတယ် ”

သူတို့ဟာ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ပေမယ့် ရိုးရာ နတ်ကိုးကွယ်မှုကိုတော့ မစွန့်လွှတ်ကြသေးဘူး။ ကောင်းကျိုးပေး တဲ့ တူဒါး ( TUDA ) နတ်ဘုရားနဲ့ ကောင်းကျိုးမပေးတဲ့ ကတွိုင်း ( KATWEI ) နတ်ဘုရားကိုတော့ ပူဇော်ပသကြ တုန်းပါပဲ။ အရင် တုန်းက ဘာဝါကျွန်းနတ် ပူဇော်ပွဲတွေဟာ အလွန်စည်ကား ခဲ့တဲ့ ပွဲတွေပေ့ါ။

ကိုယ်ဟာ မော်ကင်းဆလုံတွေရဲ့ လူနေမှုဘဝမြင့်မားဖို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ လိုက်ပါရင်း မကြုံဂလက်ရွာက ကိုရာရှစ်နဲ့ သိကျွမ်း ခင်မင်ခဲ့ရတယ်. . ။ ကိုရာရှစ်ဟာ တစ်ချိန်က ငှက်သိုက်၊ ငါးဖောင်းဆန်၊ ငါးကြီးအန်ဖတ်၊ ငါးလိပ်ကြောက်အရေ ခွံစတဲ့ ပင်လယ်ထွက်ကုန်တွေကို တစ်ဖက်နိုင်ငံပို့ပြီး ငွေကြေး အတန် အသင့် ချမ်းသာလာတဲ့ မော်ကင်းလူလည် တစ်ယောက် ပါပဲ။ ပုလဲနက်ပိုင်ရှင် ခီတားနုဟာ အဲဒီ ကိုရာရှစ်ရဲ့ အမေပါ။ ခီတားနုမှာ ကိုရာရှစ်အပြင် အခြားသားသမီးတွေ ရှိ-မရှိတော့ မသေချာဘူး။ ညီမရဲ့မိဘ အစစ်အမှန်ဟာ ဘယ်သူဆိုတာ ကိုရာရှစ်နဲ့တွေ့တဲ့အခါ အားလုံးရှင်းသွားလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ. . ကျွန်မ. . ဝမ်းသာလိုက်တာ အစ်ကိုရယ်။ ကျွန်မ ကော့သောင်းရောက်ပြီး ဦးလေး ဦးအောင်သင်နဲ့ တွေ့တာ၊ အစ်ကိုနဲ့ တွေ့ဆုံခင်မင်ခွင့်ရတာ နတ်လမ်းညွှန် လိုက်သလိုပါပဲ။ ဘဘဦးရန်ရှင်းက ကျွန်မကို လူဖြစ်အောင်မွေး ပညာတွေသင်ပေး ဘဝရပ်တည် ရှင်သန်မှုကို ကိုယ်ပိုင် အရည်အချင်းနဲ့ တည်ဆောက်နိုင်အောင် လေ့ကျင့်ပျိုးထောင် ပေးခဲ့ပါပြီ။ ကျေးဇူးကြီးလှပါပေတယ်။ဒါပေမယ့် လူဆိုတာ မိမိရဲ့မူလ ဇစ်မြစ်ကို တန်ဖိုးထားလေးမြတ်စွာသတ်မှတ် ယုံကြည်ချင်စိတ်တွေ တစ်သီးတစ်ခြား ရှိနေပါသေးတယ်။ ကျွန်မရဲ့ စွန့်စားမှုအပေါ်မှာတော့ ဘယ်တော့မှ နောင်တရမှာ မဟုတ်ပါဘူး။ ကျွန်မဟာ ဆလုံမျိုးနွယ်ကပင် ဖြစ်ပါစေ ကိုယ့်အမျိုးအနွယ် ကိုယ်ရဲ့ဇစ်မြစ်ကို အတိအကျ အခိုင်အလုံသိချင်စိတ်၊ မိဘရင်းရင်ခွင်ဆီ ပြန်ဝင်ချင်စိတ်တွေ တားမရနိုင်ခဲ့ဘူး။ ဒီအတွက် အစ်ကိုဆက်လက်ကူညီပါဦးနော်။

" စိတ်ချ. . ညီမရေ. . ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့. . အဲလေ မကြုံဂလက်ရောက်အောင် ပို့ပေးပါ့မယ်. . မနက်ဖြန်လှေကြုံ ရှိတယ် အဆင်သင့် ပြင်ထားပါ "

ကျွန်တော်တို့ နှစ်ယောက် ကမ်းခြေ စားသောက် ဆိုင်ကလေးထဲက ထွက်လာတော့ ကမ်းခြေကို ဆိုက်ကပ်တိုးဝင်လာတဲ့ တံငါလှေ ကလေးကို တွေ့မြင်လိုက်ရတယ်။ ဟိုးအဝေးက မှိုင်းပြာပြာ တောင်တန်းတွေ ရေပြင်မှာ အရိပ်ထင်နေပုံက ကျွန်တော်ရဲ့ကဗျာနှလုံးသားကို လှုပ်နှိုး လိုက်ပြန်ပါပြီ။

အတိတ်ကာလ ခရီးတစ်ခေတ်က
ဆီးဂျစ်ပဆီ ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆလုံတို့ရဲ့ နေထိုင်ရာ
ရတနာတွေစုရုံး၊ ခြေဖျားရဲ့ အစွန်
ဆုံးမှာ
ငါးသုံးလုံးတောင်တန်းကြီးက
မြို့ကလေးပေါ်မှာဖြန့်ကျက်
ကွန်ယက်တစ်ခုလို
လှေများရဲ့ ရေပြင်ကို အရိပ်ထိုး
အုပ်မိုးနေလေရဲ့။

BURMESE CLASSIC .com

* * * * *

ရေတက်နှင့်အတူ ကမ်းမှခွာသွားသော မကြုံဂလက် သွားသည့် လှေကလေးကို ကျွန်တော် မျက်စေ့တစ်ဆုံး ရပ်ကြည့်နေမိသည်။ လှိုင်းမူးလျှင် သောက်ရန်ဆေး၊ ရွာရောက်လျှင် အရေးပေါ်လိုအပ်လေ့ရှိသည့် ဆေးဝါးများလမ်းမှာ စားသောက်စရာ များကိုကမ်းပေးရင်း အသိတရားနှင့် ယှဉ်သောခြေလှမ်းများဖြင့် လျှောက်လှမ်းစေရန် သတိပေးစကား ပြောကြားလေတော့ နားလည်ရန်ခက်သော မျက်ဝန်းများ၏ အကြည့်ကို ကျွန်တော့ရင်ထဲ စွဲငြိနေတော့သည်။

သွားပေဦးတော့. . . မိန်းကလေးရယ်. . နိုင်ငံဝန်ထမ်းတစ်ဦးရဲ့ စိတ်သွားတိုင်း ကိုယ်မပါတဲ့ အဖြစ်ကို နားလည်ပေးပါလေတော့။ ကိုယ်ရေးကိုယ်တာထက် အရေးကြီးတဲ့ လုပ်ငန်းကိစ္စတွေကြောင့် ရွာအရောက်လိုက်မပို့ နိုင်တာကိုတော့ ခွင့်လွှတ်နိုင်မယ်ထင်ပါတယ်။ မိတ်ဆွေကြီး ကိုရာရှစ်ဆီ စာတစ်စောင်ရေးပေးလိုက်တဲ့အတွက် အစစအရာရာ အဆင်ပြေချောမွေ့မယ်လို့

www.burmeseclassic.com



ယုံကြည်ပါတယ်။

ဘဝရဲ့ အစနဲ့အဆုံးကြားမှာရှိတဲ့ မပြည့်စုံခြင်း ယာခင်းတွေကို အကြိမ်ကြိမ်ခူးဆွတ် ကြရတာကမင်းနဲ့ ကိုယ်အပါအဝင် လောကသားအားလုံးပါ။ လူဆိုတာ တွေးထင်မျှော်လင့်တာတွေ ဖြစ်လာရင် ဝမ်းမြောက်ပျော်ရွှင်မယ်၊ တွေးထင်မျှော်လင့်တာတွေ မဖြစ်လာရင် ဝမ်းနည်းကြေကွဲမယ်။ လောကဓံ ဒီလှိုင်းရဲ့ အရိုက်အခတ်၊ အတင်ကိုတော့ အနည်းနဲ့အများ ခံကြရမှာပါ။

မင်းရဲ့ဖွားအေ ဖြစ်နိုင်လောက်တဲ့ ခီတားနု အသက်ရှင်လျက်ရှိချင်လည်း ရှိမယ်။ မရှိချင်လည်း မရှိတော့ဘူး။ ပုလဲနက်ကလေးကို ခြေရာခံပြီး ကိုရာရှစ်နဲ့ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ကာ မိဘရင်းခြာနဲ့ ပျောက်ဆုံးနေတဲ့ မျိုးနွယ်စုကို ရှာဖွေတွေ့ရှိပါစေလို့ကိုယ် လှိုက်လှိုက်လှဲလှဲ ဆုတောင်း ပေးလိုက်ပါရဲ့ကွယ်။

အဲဒီကမှ တဆင့်တက်ပြီး မင်းတတ်ကျွမ်းခဲ့တဲ့ ပညာနဲ့ မော်ကင်းကလေးတွေရဲ့ အနာဂတ်ရောင်ခြည် အိပ်မက်တွေကို အကောင်းဆုံး အလှပန်းဆင် ပေးမယ်ဆိုရင်တော့ ပင်လယ်ပျော်တွေရဲ့ ကိုယ်စား ဝမ်းမြောက်သော ပီတိအဟုန်နဲ့ ကမ်းလင့်ကြိုဆိုမိမှာအမှန်ပါပဲ။

မင်းပျော်ရွှင်ကြည်နူးတဲ့ အခါဖြစ်စေ၊ ဝမ်းနည်းအားငယ်တဲ့ အခါဖြစ်စေ မင်းရဲ့ အမြဲတစေ အကူအညီတွေပေးခဲ့တဲ့ လူတစ်ယောက်ဟာ ဟောဒီမြန်မာပြည် တောင်ဘက်စွန်းက ကျွန်းမြို့ကလေးပေါ်မှာ အမြဲတန်းရှိနေတယ် ဆိုတဲ့အသိကို မင်းရဲ့ရင်ထဲမှာ မပျောက်မပျက်စတမ်း သိမ်းဆည်းထားချင်ရဲ့ကွယ်။ ဟောအစ်ကို. . ညီမလေးကို နှောင်တွယ်စိတ်နဲ့ ရင်ထဲက စကားလက်ာ

www.burmeseclassic.com

www.burmeseclassic.com



တွေဖိတ်အံ့ ကျလာပြန်ပြီ. . . . မိပန်သူရေ။
အားလုံးရဲ့မှီခိုရာ
ခြေဖျားမြို့ကလေးဟာ
မျှော်လင့်တာတွေကို ဖြစ်ပျက်
စေခဲ့
မမျှော်လင့်တာတွေကို ဖြစ်ပျက်
စေခဲ့ရင်းနဲ့
ငါတို့ သူတို့နဲ့ အားလုံးတို့ရဲ့
နှလုံးသည်းပွတ် ခပ်နဲ့နဲ့ကို
ခူးဆွတ်ကိုင်လှုပ်နေလေရဲ့။ ။

မိချမ်းဝေ

( ကော့သောင်းမြို့မှ ဆလုံချစ်သူ
ကဗျာဆရာ " နိုင်တာရာ " သို့အမှတ်တရ )

www.burmeseclassic.com

www.burmeseclassic.com

# ငြိမ်သက်တစ်မိနစ်

နှင့်
အ
ခြား
ဝတ္ထု
တို
များ



www.burmeseclassic.com

picasso